# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၅၊ အမှတ်(၁)၊ ၂၀၁၈ ခုနှစ် (ဇန်နဝါရီ-ဖေဖော်ဝါရီ-မတ်)



*"Improving Corporate Governance"*

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

MOPF

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ - ၅၊ အမှတ် (၁)၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ - ဖေဖော်ဝါရီ - မတ်

## မာတိကာ


| | | |
|---|---|---|
| **ကဗျာကဏ္ဍ** | | |
| ပို့ဆောင်ကဏ္ဍစစ်တမ်းမှသည် | သောကြာလူပျို | ၁ |
| ခေတ်သစ် | နယဉ်မိုး | ၂ |
| **ဆောင်းပါးကဏ္ဍ** | | |
| ပိုမိုပွင့်လင်းလာသည့်စာရင်းအချက်အလက် ဝန်ဆောင်မှုများနှင့်မြန်မာနိုင်ငံ | ဒေါက်တာဝါဝါမောင် | ၃ |
| နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် မြေအခက်အခဲ | မောင်ဋီကာ | ၈ |
| တိုင်းပြည်တစ်ပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ထောက်တိုင်များ | ထင်အောင်ဇော် | ၁၄ |
| စမစ်သ်၊ ကားလ်ခ်ိုစ်၊ ကိန်းစ်၊ ဈေးကွက်နှင့်အစိုးရ | စောနိုင် (အသုံးချဘောဂဗေဒ) | ၁၈ |
| အလားအလာကောင်းသော ၂၀၁၈ ခုနှစ် အာဆီယံစီးပွားရေး | သိန်းမြင့်ဝေ | ၂၁ |
| ဖက်ဒရယ်စီးပွားရေးအမြင် | ဒေါက်တာညီညီမောင် (DICA) | ၂၅ |
| ဖွံ့ဖြိုးမှုနည်းလမ်းများအား လေ့လာသုံးသပ်ရာဝယ် | ဒေါက်တာပင်လုံအေး | ၃၀ |

| | | |
|---|---|---|
| Face to Face Interview VS Phone Interview | ဦးထွန်းထွန်းဝင်း<br>(စာရင်းအင်းပညာ) | ၃၄ |
| တိုင်းဒေသကြီး/ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နှစ်ရှည်မြေငှားရမ်းခွင့်အခွင့်အရေး | ညိုမောင် | ၃၇ |
| ဘဝအထွေထွေ (၇) | ကျော်ဒွန်း<br>(ညွှန်ကြားရေးမှူး–ငြိမ်း) | ၄၁ |
| နိုင်ငံ့အနာဂတ် ကလေးသူငယ်နှင့် မိခင်အမျိုးသမီးတို့ကြား ဆက်နွယ်နေမှုများနှင့် ၎င်းတို့အားပံ့ပိုးကူညီသင့်သည်များ | နှင်းသန့်ဖြူ<br>(ဗဟိုစာရင်းအင်းအဖွဲ့) | ၄၄ |
| မျှတ၍ နည်းစနစ်ကျသော ပူးပေါင်းဆောင်ရွက်မှုမှသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ | ထက်မာန် | ၄၇ |
| ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ၏အလားအလာ | သိန်းသိန်းစံ | ၅၀ |
| ရောင်ခြည်ဖြာတဲ့ ဆန္ဒနဲ့ပညာပြည့်တဲ့ဘဝတည်ဆောက်မည် | ဒေါက်တာဥမ္မာလင်း<br>(မော်ကွန်းတိုက်) | ၅၃ |
| တောင်တန်းညိုနှင့်ပင်လယ်ပြာတို့၏ချစ်သောတနင်္သာရီ | မယု (စက်မှု) | ၅၆ |
| ရနံ့သင်းပျံ့သော ရောင်စုံပန်းလေးများ | ဝင်းဝင်းဝါ | ၆၁ |
| စာဖတ်ခြင်းဖြင့် ပြတင်းပေါက်အပြင်ဘက်ဆီသို့ | ညောင်တိုင် (CSO) | ၆၅ |
| အိပ်မက်ရိုင်းမှ နိုးထဖို့ | နယဉ် | ၆၈ |
| ဘွဲ့ရပြီးသောအခါ | သံုးည | ၇၁ |
| ချင်းတို့ဌာနေတစ်ခါတစ်ခေါက်ရောက်စေချင် | မေဇလပ်ဖြူ<br>(ချင်းတောင်တန်း) | ၇၄ |
| အိပ်မက်တွေ တကယ်ဖြစ်လာဖို့ | သုန္ဒရီ | ၇၇ |

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | – | စီမံ/ဖွံ့ဖြိုး |
| အတွင်းအပြင်အဆင် | – | ဟန်မြင့်မိုရ် |
| စာမူခွင့်ပြုချက်အမှတ် | – | ၅၃၀၀၀၇၀၁၁၄ |
| ထုတ်ဝေသူ | – | ဦးမျိုးမင်း<br>ညွှန်ကြားရေးမှူး (သုတေသနနှင့်ဖွံ့ဖြိုးရေးဌာန)<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။ |
| ပုံနှိပ်သူ | – | ဦးမြတ်ထွန်းကျော်<br>ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက် (မြဲ–၀၉၇၄၄)<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | – | |
| တန်ဖိုး | – | |



# ပို့ဆောင်ကဏ္ဍစစ်တမ်းမှသည်

နိုင်ငံ့စီးပွား ဘက်စုံထွားလို့
တိုးပွားစေရေး စစ်တမ်းလေးသည်
မနေးဆောင်ရွက် အမည်တပ်မည်
ပုဂ္ဂလိကကဏ္ဍ ယာဉ်စစ်တမ်းသည်······

ကုန်စီးဆင်းမှု အခြေပြုလို့
ယခုမျက်မှောက် နောင်ခါရောက်လျှင်
ထွန်းတောက်စီးပွား နိုင်ငံ့အားကို
မနားတိုးတက် ဂုဏ်တက်စေမည်
ပုဂ္ဂလိကကဏ္ဍ ယာဉ်စစ်တမ်းသည်······

ကုန်ထုတ်စွမ်းအား ဆထက်ပွားစေ
လုပ်အားတိုးတက် အဘက်ဘက်မှ
မပျက်စာရင်း အသက်သွင်းဖို့
ကောက်ရင်းကောက်လျက် တို့ဆက်လက်မည်
ပုဂ္ဂလိကကဏ္ဍ ယာဉ်စစ်တမ်းသည်·······

လောင်စာဆီသုံး Import နှုန်းကို
အသုံးချိန်ဆ ဘက်စုံမျှရေး
ထောက်ပြပေးဖို့ ကောက်ရပေသည်
ပုဂ္ဂလိကကဏ္ဍ ယာဉ်စစ်တမ်းသည်·······

လုပ်အားခွင့်လမ်း ပြည့်စုံလွှမ်းလို့
လက်ကမ်းမျှဝေ ဘဝတွေမှာ
အလှဖြာရေး ပြောကာပေးမည်
ပုဂ္ဂလိကကဏ္ဍယာဉ်စစ်တမ်းသည်········

လူမှုစီးပွား ဘက်စုံထွားရန်
မနားထောက်ပံ့ တို့ပြည်ခန့်ထည်
အနန့်စကြာ ဝဋ္ဋာတိုင်မည်
ပုဂ္ဂလိကကဏ္ဍယာဉ်စစ်တမ်းသည်········

ကုန်းလမ်းရေလမ်း ဤနှစ်ခန်းမှ
လျှမ်းလျှမ်းတောက်ပ သာယာဝပြော
မူဘောင်ချောအောင် အပြောမဟုတ်
တို့တွေလုပ်ရ စစ်တမ်းမှသည်
လူမှုစီးပွား ဘက်စုံဖွံ့ထွားရေးဆီသို့·······

(ပုဂ္ဂလိကကဏ္ဍ ယာဉ်စစ်တမ်းကောက်ယူနေ
သည့် အစ်ကိုအစ်မများသို့ ဂုဏ်ပြုလျက်)

■ **သောကြာလူပျို**

# ခေတ်သစ်



နေ့သစ်တစ်နေ့၊ အာရဏ်ဦးစ
အရှုပ်အလုပ်၊ တကုပ်ကုပ်နှင့်
ထမင်းဝိုင်းလေး၊ လူမစုံပြီ
တိုးတက်ခြင်းဟုမဆိုသာ။
နိုင်ငံအတွက်၊ တက်ကြွလူငယ်
ဆောင်ပုဒ်လှိုင်လည်း၊ စာပေကင်းကွာ
မူးယစ်သားကောင်၊ အရူးထောင်တွင်(fb)
နစ်မွန်းပေးဆပ်မရုန်းသာ။
လယ်သမားများ၊ လယ်ယာပျောက်ပြီး
ဈေးသည်သည်ကား၊ အရင်းပျောက်နေ
လမ်းမီးရှိလည်း၊ လမ်းပျောက်သည်မှာ
မှားယွင်းစနစ်ပေါ်သည်သာ။
ကြေကွဲဖြစ်ရပ်၊ ဟာသလုပ်ကာ
အောင်မြင်မှုတွက်၊ အရှက်ကိုရင်း
ဖြူစင်ကလေး၊ ငယ်ငယ်လေးလည်း
ရက်စက်စတေးခံသည်သာ။
ကြည်ကြည်ဖြူဖြူ၊ ခေတ်သည်သေဆုံး
ထိုတစ်ခေတ်ကို၊ နှိုးဆွနိုင်ဖို့
ပညာအလင်း၊ ဆီမီးမက
ကာရံတံတိုင်း၊ ထွင်းဖောက်နိုင်မှ
လှပခေတ်သစ်ပေါ်မည်သာတည့်။

■ နယဦမိုး

# ပိုမိုပွင့်လင်းလာသည့် စာရင်းအချက်အလက်ဝန်ဆောင်မှုများနှင့် မြန်မာနိုင်ငံ

ဒေါက်တာဝါဝါမောင်



မကြာခင်က Open Data Inventory ၂၀၁၇ ခုနှစ် နှစ်စဉ်အစီရင်ခံစာ ထွက်ပေါ်လာခဲ့ပါသည်။ Open Data Inventory (ODIN) ဆိုသည်မှာ အမျိုးသားစာရင်းအင်းရုံးများ၏ အင်တာနက် စာမျက်နှာ (Website) ပေါ်တွင် ရရှိနိုင်သည့် တရားဝင်စာရင်းအင်းများဟု အများက ခေါ်ဝေါ်ကြသည့် Official Statistics ၏ လွှမ်းခြုံနိုင်မှု အတိုင်းအတာနှင့် ပွင့်လင်းမြင်သာရှိမှုတို့အပေါ် တိုင်းတာခြင်း ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် စာရင်းအင်းကိန်းဂဏန်း အချက်အလက်မှန်ကန်မှုနှင့် အရည်အသွေး ပြည့်ဝမှုသည် လက်တွေ့ကျသည့် စီမံကိန်းများ၊ စီမံချက်များ ရေးဆွဲရာတွင်သော်လည်းကောင်း၊ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ဆုံးဖြတ်ရာတွင်သော်လည်းကောင်း၊ ရှားပါးသည့် သယံဇာတများအား ထိရောက် အကျိုးရှိစွာ စီမံခန့်ခွဲနိုင်ရန်သော်လည်းကောင်း၊ အဆိုပါ စီမံကိန်းနှင့် စီမံချက်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ခြင်း ရှိမရှိကိုသော်လည်းကောင်း တိုင်းတာရာတွင် အလွန်အရေးပါပါသည်။

**ပုံ(၁) Open Data Inventory ၂၀၁၇ ခုနှစ် နှစ်စဉ်အစီရင်ခံစာ မျက်နှာဖုံး စာမျက်နှာပုံ**




ODINဖြင့် တိုင်းတာဖော်ပြရခြင်း၏ ရည်ရွယ်ချက်မှာ တရားဝင်စာရင်းအင်းများရရှိနိုင်မှုနှင့် တစ်ဆင့်ခံ ပြန်လည်တွက်ချက်အသုံးပြုနိုင်မှုသည် Open Data ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ကိုက်ညီ စေရန် ဖြစ်ပါသည်။ ODINသည် အရေးအတွက် ဆိုင်ရာနည်းလမ်းဖြင့် တိုင်းတာခြင်းပင် ဖြစ်သည်။

တရားဝင်စာရင်းအင်းများအနေဖြင့် ဖွံ့ဖြိုးမှု လိုအပ်ချက်များအား ဖော်ထုတ်ရာတွင်လည်းကောင်း၊ ပွင့်လင်းသည့် စာရင်းအင်းအချက်အလက် မူဝါဒများ တိုးတက်စေရန်၊ စာရင်းအင်း အချက်အလက် တိုးတက်ရရှိအသုံးပြုနိုင်မှု၊ လိုအပ်သည့် စာရင်းအင်းများ ထုတ်ပြန်နိုင်ရေးအတွက် စာရင်းအင်း ထုတ်ပြန်သူများနှင့် စာရင်းအင်း အသုံးပြုသူများအကြား ဆက်ဆံရေး ပိုမိုကောင်းမွန်စေရေး တို့ကို တိုင်းတာဖော်ပြသည့် အတိုင်းအတာနှင့် ပွင့်လင်း ထင်သာမြင်သာရှိမှု ဒီဂရီတို့ဖြင့် ODIN ကိုတိုင်းတာပါသည်။

၂၀၁၇ ခုနှစ် ODIN ရလဒ်များကို OECDနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၈၀ ရှိတရားဝင် စာရင်းအင်းအချက်အလက်များ လွှမ်းခြုံနိုင်မှုအတိုင်းအတာနှင့် ပွင့်လင်းမြင်သာရှိမှု အပေါ် တိုင်းတာ အကဲဖြတ်ခဲ့ပါသည်။ အဆိုပါ အကဲဖြတ်မှုကို ၂၀၁၇ ခုနှစ် ဇွန်လမှ အောက်တိုဘာလ အတွင်း ပြုလုပ်ခဲ့ပြီး ရလဒ်အားလုံးသည် နိုင်ငံများရှိ အမျိုးသားစာရင်းအင်းရုံးများ၏ Website များ၊ ၎င်းတို့နှင့် နီးနွယ်နေသည့် တရားဝင် Website များထံမှ စာရင်းအချက်အလက်များ ရရှိနိုင်မှုကို အခြေခံ အကဲဖြတ်ထားခြင်း ဖြစ်ပါသည်။ လိုအပ်ပါက အကဲဖြတ်ရလဒ်များကို ပြန်လည်သုံးသပ်ခြင်းအား အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ပြန်လည်လုပ်ဆောင်ပါသည်။ ရလဒ်များ အတည်မပြုမီ ရရှိနိုင်သည့် အချက်အလက်များ ကျကျန်ခဲ့ခြင်း မရှိရလေအောင် အမျိုးသားစာရင်းအင်းရုံးများမှ ကိုယ်စားလှယ်များကို ဖိတ်ကြား၍ ထပ်ဆောင်းရရှိနိုင်မည့် ရင်းမြစ်များအား အကြံပြုစေခြင်းကို ဆောင်ရွက်ထားသည်ဟု ဆိုပါသည်။

နိုင်ငံများ၏ Open Data Inventory (ODIN) ရလဒ်များသည် ၂၀၁၇ စာရင်းများ အရ တိုးတက်မှုမှာ နှေးကွေးလျက် ရှိနေပါသည်။ စာရင်းအင်း အချက်အလက် တန်ဖိုးအား တိုင်းတာ သတ်မှတ်ရန်နှင့် မူဝါဒချမှတ်သူတို့အား အဆိုပါ ကိန်းဂဏန်းတန်ဖိုးကို သိရှိနားလည်စေရန် ဖော်ပြနိုင်မှု နည်းပါးခြင်းကြောင့်ဟု ဆိုပါသည်။ စာရင်းအချက်အလက် ပွင့်လင်းလွယ်ကူစွာ ရရှိစေမှုဟု ခေါ်ဆိုကြသည့် Open Data လုပ်ငန်းစဉ်များမှာ ခက်ခဲကြန့်ကြာလျက်ရှိခြင်းသည် တိုးတက်မှု နှေးကွေးရခြင်း၏ အဓိက အကြောင်းအရင်းပင် ဖြစ်ပါသည်။ ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ ဖွံ့ဖြိုးမှု အစီအစဉ်အရ တိုးတက်မှုကို တိုင်းတာသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ညွှန်ကိန်းများ များပြားမှုသည် စာရင်းအချက်အလက် ရရှိမှုနှင့် ပွင့်လင်းမြင်သာရှိမှု၏ အရေးပါမှုကို မီးမောင်းထိုးလျက် ရှိသည်။

အမျိုးသား စာရင်းအင်းရုံးများ၏ Websites များတွင် တရားဝင်စာရင်းအင်း အချက်အလက်များ လွှမ်းခြုံနိုင်မှုအတိုင်းအတာနှင့် စပ်လျဉ်း၍ အဓိကကျသည့် ညွှန်ကိန်းများအား ပြုစု ထုတ်ပြန်နိုင်ခြင်း ရှိမရှိ၊ အချိန်ကာလ တစ်လျှောက် အချက်အလက်များကို အချိန် ကိန်းစဉ်အရ ထုတ်

ပြန်နိုင်ခြင်း ရှိမရှိနှင့် ပထဝီဒေသန္တရအလိုက် အချက်အလက်များအား အသေးစိတ် ဖော်ပြနိုင်ခြင်း ရှိမရှိတို့နှင့် တိုင်းတာပါသည်။ ပွင့်လင်းမြင်သာရှိမှုအား အချက်အလက်များအား ဖတ်ရှု၍ Download ရယူနိုင်ခြင်း၊ တရားဝင် စာရင်းအင်းအချက်အလက်များအား ပုံစံတစ်ကျ ပြုစု ထုတ်ပြန်ခြင်း၊ Metadata များ ရရှိနိုင်ခြင်း၊ အချက်အလက် အသုံးပြုသူများဘက်မှ ရရှိနိုင်သည့် စိတ်ကျေနပ်မှု အဆင့်များအား Scoring Criteria အဖြစ် သတ်မှတ် ပါဝင်ပါသည်။

**ပုံ (၂) နိုင်ငံများ၏ ODNI အဆင့်ကို ဖော်ပြသည့် ကမ္ဘာ့မြေပုံ**




၂၀၁၇ ခုနှစ် ODIN တွင် ကမ္ဘာတစ်ဝှမ်းရှိ ဝင်ငွေမြင့်နိုင်ငံအားလုံးနီးပါးနှင့် အလယ်အလတ်နှင့် ဝင်ငွေနိမ့်နိုင်ငံ အများစုပါဝင်ပါသည်။ နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ စောင့်ကြည့် လေ့လာရေးဆိုင်ရာ ညွှန်ကိန်းများ၊ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်မှုများကို လွှမ်းခြုံထားသည့် စာရင်းအမျိုးအစား ၂၁ ခု၏ ရရှိနိုင်မှုအခြေအနေကို တိုင်းတာပြီးနောက် ရမှတ်အနေဖြင့် အများဆုံး ရရှိသည့် ရာခိုင်နှုန်းကို ဖော်ပြပါသည်။ **စာရင်းအမျိုးအစား ၂၁ မျိုးအား အဓိကအားဖြင့် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်းဟူ၍ အပိုင်း (၃) ပိုင်း** ခွဲခြားထားပါသည်။ လူမှုရေးစာရင်းအင်းအပိုင်းတွင် လူဦးရေ၊ ကျန်းမာရေး၊ ပညာရေး၊ ကျား/မ၊ ရာဇဝတ်မှုဆိုင်ရာနှင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ တိုင်းတာသည့် စာရင်းအင်းအချက်အလက်များ အကျုံးဝင်ပြီး စီးပွားရေး စာရင်းအင်းအပိုင်းတွင် အမျိုးသား စာရင်းအင်းများ၊ လုပ်အားနှင့် ဈေးနှုန်းဆိုင်ရာ ညွှန်ကိန်းများ၊ အစိုးရ ဘဏ္ဍာရေးဆိုင်ရာ စာရင်းအင်းများ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ စာရင်းအင်းများ၊ ကုန်သွယ်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ငွေပေးငွေယူရှင်းတမ်းတို့ ပါဝင်ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစာရင်းအင်းများအဖြစ် မြေယာ အသုံးချမှု၊ သဘာဝပတ်ဝန်းကျင် အသုံးပြုမှု၊ စွမ်းအင်အသုံးပြုမှု၊ သဘာဝပတ်ဝန်းကျင် ညစ်ငြမ်းမှုနှင့် သဘာဝ ပတ်ဝန်းကျင်အား ပြန်လည် ထူထောင်မှုပိုင်းဆိုင်ရာတို့ ပါဝင်ပါသည်။ အဆိုပါ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်း တရားဝင်စာရင်းအင်းအချက်အလက်များ လွှမ်းခြုံနိုင်မှု အတိုင်းအတာနှင့် ပွင့်လင်းမြင်သာရှိမှုအား တိုင်းတာခြင်းဖြစ်ပြီး နိုင်ငံတစ်ခုအနေဖြင့် အချိန်တစ်ချိန်မှ တစ်ချိန်သို့ ပြောင်းလဲ တိုးတက်ခြင်း ရှိမရှိနှင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်နိုင်မှုများ ဆောင်ရွက်နိုင်ပါသည်။

**ပုံ (၃) ကမ္ဘာ့ဒေသများအလိုက် ODIN Score**




**ပုံ (၄) ဝင်ငွေအဆင့် အနည်းအများအုပ်စုအလိုက် နိုင်ငံများ၏ ODIN Score**




အထက် ဖော်ပြပါပုံတွင် ဝင်ငွေအဆင့် အနည်းအများအုပ်စုအလိုက် နိုင်ငံများ၏ **ODIN Score များအား**

**ဖော်ပြထားပါသည်။ ဝင်ငွေအဆင့်နိမ့်သော နိုင်ငံများ၏ ODIN Score သည် ၂၇၊ အလယ်အလတ် ဝင်ငွေနိမ့်သော နိုင်ငံများအနေဖြင့် ODIN Score သည် ၃၄၊ အလယ်အလတ် ဝင်ငွေ မြင့်သောနိုင်ငံများ၏ ODIN Score သည် ၃၉၊ ဝင်ငွေ မြင့်မားသော နိုင်ငံများ၏ ODIN Score သည် ၅၅ ဖြစ်သည်** ကို တွေ့ရှိရပါသည်။ ၂၀၁၇ ခုနှစ်အတွက် နိုင်ငံများ၏ အလယ်အလတ် ရမှတ်မှာ ၃၇.၄ ဖြစ်ပြီး အများဆုံး ရရှိသည့်နိုင်ငံမှာ ဒိန်းမတ်နိုင်ငံ (၈၀ မှတ်) နှင့် အနည်းဆုံးရရှိသည့် နိုင်ငံမှာ ချတ်ဒ်သမ္မတနိုင်ငံဖြစ်ကာ (၃ မှတ်) ဖြစ်ပါသည်။ **Lower Middle Countries များ၏ ပျမ်းမျှရမှတ်မှာ ၃၄ ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ပျမ်းမျှရမှတ်ကို ကျော်လွန်ကာ ၂၀၁၇ ခုနှစ် ODIN Score အဖြစ် ၃၉.၂ ရရှိကာ နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၈၁ နေရာသို့ ရောက်ရှိလာခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် ODIN Score သည် ၃၁ သာဖြစ်ခဲ့ပြီး နိုင်ငံအဆင့် ၁၁၅ သာရရှိခဲ့သဖြင့် တစ်နှစ်အတွင်း သိသိသာသာ တိုးတက်မှုများ ဖြစ်ပေါ်လာခဲ့ပြီး အဆင့် ၃၀ ကျော် ခုန်တက်ခဲ့ပါသည်။**

## မြန်မာနိုင်ငံ၏ အချက်အလက်လွှမ်းခြုံရရှိနိုင်မှု (Coverage)

အချက်အလက်လွှမ်းခြုံရရှိနိုင်မှုကို အချက်အလက်ရရှိမှုနှင့် သင့်တင့်သည့် အသေးစိတ် အချက်အလက် အထိရရှိနိုင်မှု၊ ၅ နှစ်ဆက်တိုက် စာရင်းရရှိနိုင်မှု၊ ၁၀ နှစ်ဆက်တိုက် စာရင်းရရှိနိုင်မှု၊ အုပ်ချုပ်ရေး ပထမဦးဆုံး အဆင့်အထိ စာရင်းရရှိနိုင်မှုနှင့် အုပ်ချုပ်ရေး ဒုတိယအဆင့် အထိ စာရင်းရရှိနိုင်မှု စသည့် (၅) မျိုးဖြင့် တိုင်းတာပါသည်။ မြန်မာနိုင်ငံသည် အဆိုပါ **Coverage Score အဖြစ် ၃၁.၈ ဖြင့် နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၁၂၃ နေရာ၌ ရှိနေပါ**သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် **စာရင်းအင်းဆိုင်ရာ အချက်အလက်လွှမ်းခြုံရရှိနိုင်မှုအနေဖြင့် ယခုထက် ပို၍ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။**

## မြန်မာနိုင်ငံ၏ အချက်အလက်များပွင့်လင်းမြင်သာရှိမှု (Data Openness)

**အချက်အလက်များပွင့်လင်းမြင်သာရှိမှု (Data Openness)** တွင် အပိုင်း(၅) ပိုင်းပါဝင်ပြီး ၎င်းတို့မှာ စာရင်းအချက်အလက်အား စက်ဖြင့်ဖတ်ရှုမှတ်သားနိုင်ခြင်း (Machine Readable)၊ ပိုင်ဆိုင်မှု သတ်မှတ်ချက်မရှိသော ပုံစံဖြင့် ထုတ်ပြန်ခြင်း၊ Application Programming Interface (API) သို့မဟုတ် လင့်ခ် အမြောက်အများမှ Download ပြုလုပ်နိုင်ခြင်း၊ တွက်ချက်မှုနည်းလမ်း (Metadata) များ ဖော်ပြပါရှိခြင်းနှင့် လွတ်လပ်စွာ အသုံးပြုခွင့်အား ရှင်းလင်းစွာ ဖော်ပြထားခြင်းတို့ဖြစ်ကြပါသည်။ မြန်မာနိုင်ငံသည် အဆိုပါ **Openness Score အဖြစ် ၄၆.၁ ဖြင့် နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၆၇ နေရာ၌** ရှိနေပါသည်။ အဆိုပါ **အချက်အလက်လွှမ်းခြုံရရှိနိုင်မှုနှင့် အချက်အလက်များ ပွင့်လင်းမြင်သာရှိမှု နယ်ပယ်နှစ်ခုလုံးပေါင်း အတွက် ODIN Score အဖြစ် ၃၉.၂ ရရှိကာ နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၈၁ ရရှိခဲ့ခြင်း ဖြစ်ပါသည်။**

**ပုံ (၅) မြန်မာနိုင်ငံ၏ ODIN Score**




**ပုံ (၆) အရှေ့တောင်အာရှနိုင်ငံများ၏ ODIN Score**




အရှေ့တောင်အာရှနိုင်ငံများအနက် ODIN Score **၏ အများအနည်းကို နိုင်ငံအလိုက် ဖော်ပြရာတွင် စင်ကာပူ၊**

အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှားပြီးပါက မြန်မာနိုင်ငံဖြစ်ပြီး အရှေ့တောင် အာရှနိုင်ငံများအနက် အဆင့် ၅ ၌ ရပ်တည်လျက်ရှိသည်။ မိမိတို့နိုင်ငံအနေနှင့် စာရင်းအင်းအချက်အလက်များအား ပိုမို ပွင့်လင်းထင်သာ ဖြစ်စေရေးအတွက် မြန်မာ စာရင်းအင်းဆိုင်ရာ သတင်းအချက်အလက်စနစ် (Myanmar Statistical Information System-www.mmsis.gov.mm) အား ထူထောင်ဆောင်ရွက်ခဲ့ခြင်း၊ လိုအပ်သည့် ကိန်းဂဏန်း စာရင်းအင်းများ အချက်အလက်လွှမ်းခြုံရရှိနိုင်မှုအတွက် လူဦးရေ သန်းခေါင်စာရင်းနှင့် ကဏ္ဍများစွာအတွက် စစ်တမ်းများ ကောက်ယူခြင်း၊ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ ကောင်းမွန်စေခြင်းနှင့် တရားဝင်စာရင်းအင်းများအား ကဏ္ဍစုံ အချိန်မီ ထုတ်ပြန်နိုင်ခဲ့ခြင်းတို့ကြောင့် ODIN Scoreများ မြင့်တက်လာခဲ့ခြင်းဖြစ်ပါသည်။ သို့သော် စာရင်းအင်းများအား အချိန်နှင့်အမျှ အစဉ်အမြဲ Updateဆောင်ရွက်ရန် အမျိုးသား စာရင်းအင်းစနစ် အရည်အသွေး ပြည့်ဝရေး ဆက်လက် ဆောင်ရွက်ရန်များစွာ ကျန်ပါသေးသည်။

ပုံ (၇) မြန်မာ စာရင်းအင်းဆိုင်ရာ သတင်းအချက်အလက်စနစ် (Myanmar Statistical Information System-www.mmsis.gov.mm)



သို့ဖြစ်ပါ၍ နိုင်ငံတိုင်း၌ စာရင်းအင်းများ ကောက်ယူခြင်း၊ စုစည်းခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပြန်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာသည့် ဥပဒေ၊ မူဘောင်များ ချမှတ်ပြီး ဆောင်ရွက်လျက် ရှိပါသည်။ စာရင်းအင်းအချက်အလက်များ မှန်ကန်စေရေးအတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။ စာရင်းအင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းဆိုသည်မှာ မူဝါဒအားဖြင့် စာရင်းအင်းမှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးအတွက် အားပေး ဆောင်ရွက်ခြင်း၊ အဆိုပါကဏ္ဍ တိုးတက်ရေးအတွက် လူအင်အား၊ လိုအပ်သည့် စက်ကိရိယာ ပစ္စည်းများ အသုံးပြုခြင်း ၊ နည်းပညာ မြှင့်တင်ခြင်း၊ အချက်အလက်များ ဆန်းစစ်ခြင်း၊ ထုတ်ပြန်ဆောင်ရွက်ခြင်း အစရှိတဲ့ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အာရုံထား၍ ချဉ်းကပ် ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။

မိမိတို့နိုင်ငံတွင်လည်း စာရင်းအင်းဥပဒေပြဋ္ဌာန်းပြီး ဖြစ်သည့်အလျောက် လက်တွေ့ အခြေအနေများနှင့် ဖြစ်ပေါ် တည်ရှိမှုများအရ ကိန်းဂဏန်း အချက်အလက်များအပေါ် အခြေခံ၍ မူဝါဒဆိုင်ရာ ထည့်သွင်းစဉ်းစားရန် အချက်များအဖြစ်သို့ အသွင်ကူးပြောင်းနိုင်ရေး (Translation from Data into Policy Inputs)သည်လည်း အလွန်အရေးပါပါသည်။ အဆိုပါ လက်တွေ့အခြေအနေများအရ ကိန်းဂဏန်း အချက်အလက် များအပေါ် အခြေခံထားသည့် မူဝါဒ ဆန်းစစ်ချက်များကို မူဝါဒ ဆုံးဖြတ်သူများထံ အရောက်ပေးပို့နိုင်ရေးနှင့် ထည့်သွင်းစဉ်းစားနိုင်ရေးသည်လည်း လိုအပ်ချက်တစ်ရပ်ပင် ဖြစ်ပါသည်။

ပိုမိုပွင့်လင်းလာသည့် စာရင်းအချက်အလက် ဝန်ဆောင်မှုများအား မူဝါဒ ချမှတ်သူများ၊ စီမံကိန်း ရေးဆွဲသူများ၊ သုတေသနပြုသူများနှင့် ပြည်သူများအား အသိပေးပံ့ပိုးခြင်းသည် ရှားပါးသည့် သယံဇာတ များအား ခွဲဝေသုံးစွဲရာတွင် ပိုမို ထိရောက်စွမ်းဆောင်ရည် မြင့်စေပြီး ပွင့်လင်းမြင်သာမှု (Transparency)ကို မြှင့်တင်ရာရောက်စေသည်။ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ် (Good Governance) ကိုလည်း ဖော်ဆောင်ရာ ရောက်ပါသည်။ ထို့ပြင် စာရင်းအချက်အလက်များ ပိုမိုပွင့်လင်းလာခြင်းအားဖြင့် Right to Know, Right to Access Information စသည့် လူ့အခွင့်အရေးကိုလည်း ပိုမို ဖြည့်ဆည်းပေးရာရောက်ခြင်းကြောင့် စာရင်းအင်းမှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးအတွက် အားပေးပံ့ပိုးရန် လိုအပ်လျက်ရှိပြီး ထိုသို့ စာရင်းအင်းမှန်ကန်၍ အရည်အသွေး ပြည့်ဝလာပါက ပိုမိုပွင့်လင်းလာသည့် စာရင်းအချက်အလက် ဝန်ဆောင်မှုများ ပိုမိုတိုးတက်လာမည်မှာ အမှန်ဧကန်ပင် ဖြစ်ပါသည်။

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် မြေအခက်အခဲ

| မောင်ငွေကာ |

မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဟာ အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်သည့်အားလျော်စွာ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးအတွက် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင် ပြောင်းလဲခြင်းတို့အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အခန်းကဏ္ဍကိုပါ လိုအပ်သလို ပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရက ထုတ်ပြန်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုမူဝါဒ အမှတ်စဉ် ၄ (ဃ) "အတည်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ကာလရှည် မြေငှားရမ်းခွင့်ရရှိရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်" လို့ ထည့်သွင်းထုတ်ပြန်ထားပါတယ်။



အထက်ပါအတိုင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး နိုင်ငံတော် အစိုးရနဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့အနေနဲ့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြေနှင့် သက်ဆိုင်သည့် အခက်အခဲများအား ရင်ဆိုင်ရဆဲဘဲ ဖြစ်ပါတယ်။ မြေဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ World Bank Group မှ သုံးသပ်ဖော်ထုတ်သည့် Myanmar Investment Climate Assessment Report မြန်မာရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ဆိုင်ရာ အကဲဖြတ်အစီရင်ခံစာ၏ သုံးသပ်ချက်တွင် လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုအပ်သည့် မြေရရှိရေးမှာ အဓိကအခက်အခဲ တစ်ခုအဖြစ် ပါဝင်နေကြောင်း ထောက်ပြသုံးသပ်ထားပါတယ်။

ထို့အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency–JICA)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ကာလရှည်နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (Long Term Foreign Direct Investment Promotion Plan – FDIPP) တွင် သုံးသပ်တွေ့ရှိချက်အရလည်း မြေဈေးကွက်အချို့ဟာ ဈေးကစားသူအချို့ လက်ဝယ်တွင် ရှိနေခြင်းကြောင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်း ဖြေလျှော့ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အားထုတ်ကြိုးပမ်း လုပ်ဆောင်ခြင်းများ ရှိလင့်ကစား လယ်ယာကဏ္ဍအပါအဝင်တွင် မြေယာအခြေပြု နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အကန့်အသတ်ဖြင့်သာရှိနေကြောင်း၊ မြေဆိုင်ရာစီမံခန့်ခွဲမှုတွင် ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့် လယ်ယာ စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့်သူများစွာမှာ လေ့လာစောင့်ကြည့်သည့် အဆင့်၌ပင် ရပ်တည်လျက်ရှိပါကြောင်း၊ ဤအချက်သည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ရောက်မှုရှိစေပြီး စိုက်ပျိုးရေးကဏ္ဍအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အလွန်အမင်းနည်းပါးနေသည့် အခြေအနေတွင်ရှိနေကြောင်း ထောက်ပြသုံးသပ်ထားပါတယ်။ အဆိုပါ အခြေအနေတွေအရ ရင်းနှီးမြှုပ်နှံမှုတွင် အဓိကကျသည့် မြေရရှိနိုင်မှုသည် လက်ရှိကာလအထိ အဆင်ပြေချောမွေ့မှု မရှိသေးကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စီးဝင်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းများ ဖန်တီး၍ ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေ ချောမွေ့စွာ လုပ်ငန်းများလည်ပတ်နိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေမယ့် မြေစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အောက်ပါ အခက်အခဲများကို ကြုံတွေ့နေရဆဲ ဖြစ်ပါတယ်-

(၁) ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုပါက မြေနေရာရရှိနိုင်ရေး အတွက် ကော်မရှင်မှ ပါဝင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ ရင်းနှီးမြှုပ်နှံသူမှ မိမိကိုယ်တိုင် မြေနေရာ ရှာဖွေ၍ ရင်းနှီးမြှုပ်နှံရခြင်း။

(၂) မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားအလိုက် Industrial Clusters များ (ဥပမာအားဖြင့် ရေနံဓာတုဆိုင်ရာ လုပ်ငန်းစု၊ မော်တော်ယာဉ် အစိတ်အပိုင်းများဆိုင်ရာ လုပ်ငန်းစု၊ လျှပ်စစ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းစု၊ တွင်းထွက်ကျောက်မျက် ရတနာလုပ်ငန်းစု၊ ထုပ်ပိုးခြင်းဆိုင်ရာလုပ်ငန်းစုနှင့် ချည်မျှင်နှင့် အထည်ချုပ်ဆိုင်ရာ လုပ်ငန်းစု၊ စားသောက်ကုန်လုပ်ငန်းစု) စသည်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးဇုန်များ၊ မွေးမြူရေးဇုန်များ၊ ဟိုတယ်ဇုန်များ စသည်ဖြင့်လည်းကောင်း ဇုန်ခွဲခြားသတ်မှတ်၍ မြေနေရာချထားမှု၊ စီမံကိန်းများ သတ်မှတ်မှုကို ပြင်ဆင်ဆောင်ရွက်ဆဲဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို အစိုးရက မြေခွင့်ပြုပေးခြင်းထက် ရင်းနှီးမြှုပ်နှံသူက အဆိုပြုတင်ပြမှုကိုသာ စိစစ်ခွင့်ပြုနေရခြင်း။

(၃) ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နိုင်ငံပိုင်မြေများအား ငှားရမ်းလုပ်ကိုင်လိုသည့်အခါ တွင် ဝန်ကြီးဌာနပိုင်မြေဖြစ်ပါက မည်သူ့ကိုမည်သို့ဆက်သွယ်ဆောင်ရွက်နိုင်မည်ကို အလွယ်တကူ မသိရှိသည့်အတွက် အခက်အခဲများနှင့် ရင်ဆိုင်ရခြင်း။

(၄) ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပုဂ္ဂလိကပိုင်မြေများအား ငှားရမ်းအသုံးပြုရာတွင်လည်း မြေရှင်၏ သဘောဆန္ဒ

အတိုင်း လိုက်ပါဆောင်ရွက်ရပြီး မြေပိုင်ရှင်အနေဖြင့် မြေဈေးနှုန်းများ မြင့်တက်တောင်းခံလိုသည့်အတွက် ကာလရှည် ငှားရမ်းခြင်းထက် ကာလတိုသာ ငှားရမ်းလိုကြသောကြောင့် ကာလရှည် ရင်းနှီးမြှုပ်နှံလိုကြသည့် လုပ်ငန်းရှင်များအတွက် မြေယာပေါ်တွင် လုပ်ကိုင်ခွင့်နှင့် ပတ်သက် ၍ အာမခံချက် နည်းပါးပြီး မြေဈေးနှုန်းများ တစ်နှစ်ထက် တစ်နှစ် တိုးမြင့်လာသည့် အခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိခြင်း၊ အချို့သော မြေနေရာများမှာ နှစ်ရှည် ငှားရမ်းနိုင်ရန် ကန့်သတ်ချက်များ ရှိနေခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်၍မရခြင်း။

(၅) မြေဈေးနှုန်းကြီးမားခြင်း၊ စက်မှုဇုန် မြေနေရာရရန် ခက်ခဲခြင်း။

(၆) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းအနေဖြင့် နိုင်ငံတော်ပိုင်မြေကို ငှားရမ်း၍ လယ်ယာကဏ္ဍ အခြေပြု စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြေငှားရမ်းမှုတွင် ဝန်ကြီးဌာန နှစ်ခုသုံးခုနှင့် ညှိနှိုင်းရခြင်း၊ ညှိနှိုင်းမှု ကြန့်ကြာခြင်းကြောင့် လုပ်ငန်းစတင်နိုင်ရေးအတွက် နှောင့်နှေးပြီး စရိတ်စကများစွာ ကုန်ကျခြင်း။

(၇) အချို့သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ မြေရရှိရေးအတွက် ဝန်ကြီးဌာန အများအပြားနှင့် ဆက်သွယ်ဆောင်ရွက်ရခြင်း။

(၈) အချို့သော အဆိုပြုလုပ်ငန်းများတွင် မူလမြေပိုင်ရှင်မှာ ဝန်ကြီးဌာနပိုင်မြေဖြစ်ပြီး တိုင်းဒေသကြီး၏ စီမံခန့်ခွဲမှုကို လွှဲပြောင်းပေးပြီးဖြစ်သော်လည်း ရင်းနှီးမြှုပ်နှံသူမှ ငှားရမ်းဆောင်ရွက်သည့်အခါ မြေလွှဲပြောင်းခြင်းကိစ္စရပ်မှာ အချိန်ကြာမြင့်သည့်တိုင် ပြီးပြတ်ခြင်း မရှိသောကြောင့် နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ရပြီး ရင်းနှီးမြှုပ်နှံသူမှာ အချိန်ကြန့်ကြာခြင်း၊ ငွေကြေးကုန်ကျမှုများခြင်းတို့ ကြုံတွေ့ရသည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုးရိမ်ပူပန်မှုရှိလာခြင်း၊ ဥပဒေအပေါ် ယုံကြည်မှု နည်းပါးခြင်း၊ စိတ်ပျက်အားလျော့ခြင်း စသည့် အခြေအနေများ ပေါ်ပေါက်လာခြင်း။

(၉) ခွင့်ပြုသင့်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဖြစ်သော်



လည်း မြေအမျိုးအစား သတ်မှတ်မှုအရ ဆီလျော်မှုမရှိခြင်းကြောင့် ခွင့်ပြု၍မရခြင်း။

(၁၀) ဝန်ကြီးဌာနအလိုက် ခွင့်ပြုသည့် မြေနေရာများ ထပ်နေခြင်း။

(၁၁) မတူညီသည့် အဖွဲ့အစည်းများမှ ခွင့်ပြုပေးခြင်းကြောင့် မြေနေရာများ ထပ်နေခြင်း။

(၁၂) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ၎င်းတို့၏ လုပ်ငန်းများအတွက် မြေရရှိနိုင်မှု အခြေအနေနှင့် ဈေးနှုန်းများ စုံစမ်းလာသည့်အခါ ကော်မရှင်အနေဖြင့် တိကျထိရောက်သည့် အဖြေမပေးနိုင်ခြင်း။

အထက်ပါ အခက်အခဲတွေဖြစ်ပေါ်ရခြင်းအကြောင်းရင်းကို သုံးသပ်ကြည့်ရင် -

(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အခြားသော ဝန်ကြီးဌာနများတွင် စီးပွားရေး လုပ်ငန်းကဏ္ဍအလိုက် လုပ်ကိုင်ခွင့်ပေးခြင်းဆိုင်ရာ ဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းများ ကွဲလွဲမှုများ ရှိနေတာက ပထမအချက် ဖြစ်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုနိုင်သည့် မြေအသုံးပြုခွင့် ကာလသည် ကနဦး နှစ် ၅၀ ဖြစ်ပါတယ်။ ဒါပေမဲ့ မြေလပ်၊ မြေလွတ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ (VFVL) တွင် မြေယာ အသုံးပြုခွင့်ကာလမှာ ကနဦး နှစ် ၃၀ သာ ဖြစ်ပါတယ်။

(က) မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ဥပဒေ ပုဒ်မ ၅ မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါတယ် -

'နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ ၄ ပါ လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိလိုပါက အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားနိုင်သည်' -

- မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ။
- အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ။
- ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၁၄ နှင့်အညီ ကင်းလွတ်ခွင့်ပြုထားသူများ။
- အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ရပ်ရပ်နှင့် အကျိုးတူ ကိစ္စများအတွက် ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ။

(ခ) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စများအတွက် ဆောင်ရွက်မည့် 'နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ' နှင့် ပတ်သက်၍ အဆိုပါ ဥပဒေပုဒ်မ ၁၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းပါရှိပါတယ် -

'ဗဟိုကော်မတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ ပါဝင်သည့် အဖွဲ့အစည်းက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာပါက နိုင်ငံသားများ ဆောင်ရွက်နိုင်စွမ်းမရှိသော လုပ်ငန်းများ၌သာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန် စိစစ်ခွင့်ပြုရမည်။'

(ဂ) အထက်ပါ အခြေအနေများအရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် ဦးစွာရယူရမည့် သဘောသက်ရောက်ပါတယ်။

(ဃ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၀ (ခ) မှာ 'နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် အစိုးရ (သို့မဟုတ်) အစိုးရအဖွဲ့အစည်းများထံမှဖြစ်စေ၊ ပုဂ္ဂလိက မြေ (သို့မဟုတ်) အဆောက်အအုံပိုင်ရှင်ထံမှဖြစ်စေ ကော်မရှင်ခွင့်ပြုမိန့် (သို့မဟုတ်) အတည်ပြုမိန့်ရသည့်နေ့မှစ၍ ကနဦး နှစ် ၅၀ အထိ သတ်မှတ်ချက်နှင့်အညီ မြေ (သို့မဟုတ်) အဆောက်အအုံ ငှားရမ်းနိုင်သည်' လို့ ပြဋ္ဌာန်းထားပါတယ်။

(င) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၁၇ အရ မြေအသုံးပြုခွင့် လျှောက်ထားတင်ပြတဲ့အခါ ငှားရမ်းလိုတဲ့ မြေနဲ့ပတ်သက်ပြီး အချက်အလက်များ ပြည့်စုံစွာ ဖော်ပြပြီး လျှောက်ထားဖို့လိုအပ်ကြောင်း အသေးစိတ် ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။

(စ) အထက်အပိုဒ်ခွဲ (က) မှ (င) အထိ အခြေအနေများအရ ဥပဒေနှစ်ခုဟာ တစ်ခုနှင့်တစ်ခု လိုက်လျောညီထွေ မဖြစ်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအနေနဲ့ ဘယ်လိုအခက်အခဲ ပေါ်နိုင်မယ်ဆိုတာကို ခန့်မှန်းကြည့်လို့ရပါတယ်။

(၂) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု

> မြင့်တက်တောင်းခံလိုသည့် အတွက် ကာလရှည် ငှားရမ်းခြင်းထက် ကာလတိုသာ ငှားရမ်းလိုကြသောကြောင့် ကာလရှည် ရင်းနှီးမြှုပ်နှံ လိုကြသည့် လုပ်ငန်းရှင်များအတွက် မြေယာပေါ်တွင် လုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ အာမခံချက် နည်းပါးပြီး . . .

ဦးစီးဌာနနှင့် Organization for Economic Cooperation and Development–OECD တို့ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒ သုံးသပ်မှုကို ၂၀၁၂ ခုနှစ်၊ ဇွန်လမှ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဆောင်ရွက်ခဲ့ရာ အဆိုပါ လုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ရေရှည်တည်တံ့ရေးနှင့် ပတ်သက်၍ သီးခြား လေ့လာမှုကိုလည်း ထည့်သွင်း ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါလေ့လာမှုအရ မြန်မာနိုင်ငံ၏ မြေယာမူဝါဒနှင့် ပတ်သက်၍ တွေ့ရှိရသော အားနည်းချက်များကို OECD က အောက်ပါအတိုင်း သုံးသပ်တင်ပြခဲ့ပါတယ် –

## (က) ရှုပ်ထွေး၍ အချိန်ကြာမြင့်သည့် မှတ်ပုံတင်လုပ်နည်းစနစ်ကြောင့် မြေယာမှတ်ပုံတင်မှု အခြေအနေ နည်းပါးနေခြင်း။

မြန်မာနိုင်ငံ၏ မြေယာမှတ်ပုံတင်မှု လုပ်ငန်းစဉ်များဟာ ရှုပ်ထွေးပြီး အချိန်ကြာမြင့်သည့်အပြင် မှတ်ပုံတင်သူများအတွက် အကျိုးခံစားခွင့်မရှိခြင်း၊ အချို့ဖြစ်စဉ်များတွင် နစ်နာမှုများပင်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ မြေယာအားလုံး၏ ၂၀% သာ မှတ်ပုံတင်ထားရှိသည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၂ ခုနှစ် ဧပြီလတွင် ပြဋ္ဌာန်းခဲ့သည့် လယ်ယာ မြေဥပဒေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေတို့သည် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းများ မြန်ဆန်သွက်လက်စေရန် ရည်ရွယ်ကြောင်း တွေ့ရှိရသော်လည်း လက်တွေ့တွင်မူ မြေယာမှတ်ပုံတင်လုပ်ငန်းများသည် အစိုးရဌာန အဆင့်ဆင့်ကို ဖြတ်သန်းရသည့်အပြင် လျှောက်ထားသူအနေဖြင့် အခြေအနေများစွာ ပြည့်မီအောင် ဆောင်ရွက်ရသည့်အတွက် အချိန်ကြာမြင့်ပြီး မသေချာ၊ မရေရာမှုများ တွေ့ရှိရကြောင်း၊ လယ်သမားများအနေဖြင့် လယ်ယာမြေ အသုံးပြုခွင့် ရရှိရေးအတွက် ရပ်ကွက် (သို့မဟုတ်) ကျေးရွာ လယ်ယာ မြေစီမံခန့်ခွဲမှု အဖွဲ့မှတစ်ဆင့် မြို့နယ်အဆင့်၊ ခရိုင်အဆင့် စသည်ဖြင့် အဆင့်ဆင့် တင်ပြနေရကြောင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် ပတ်သက်၍မူ ဗဟိုအဆင့်သို့ တိုက်ရိုက်တင်ပြရခြင်းကြောင့် ဝေးလံခေါင်ပါးသည့် ကျေးလက်နေ လယ်သမားငယ်များအတွက် အလုပ်မဖြစ်ကြောင်း သုံးသပ်တင်ပြခဲ့ပါတယ်။

## (ခ) တင်းကြပ်ပြီး ပကတိ မြေအသုံးပြုမှု အခြေအနေကို ထင်ဟပ်ခြင်းမရှိသော မြေအမျိုးအစား ခွဲခြားမှုစနစ် ကျင့်သုံးခြင်း။

မြန်မာနိုင်ငံ၏ မြေအမျိုးအစား ခွဲခြားသတ်မှတ်မှုဟာ တင်းကြပ်ပြီး မြေအမျိုးအစားတစ်ခုမှ အခြားတစ်ခုသို့ ပြောင်းလဲရန် ခက်ခဲကြောင်း၊ ဤအခြေအနေက လက်တွေ့ မြေယာအသုံးပြုနေသည့် အခြေအနေများကို ထင်ဟပ်နိုင်စွမ်း မရှိသည့်အပြင် လက်ရှိမြေ အသုံးပြုနေသူများကို မှတ်ပုံတင်ခွင့်မရစေသည်သာမက လုံခြုံမှုကိုပါ ပေးနိုင်စွမ်း မရှိကြောင်း၊ လယ်ယာမြေများကို လယ်ယာလုပ်ငန်းမဟုတ်သည့် အခြားလုပ်ငန်းများတွင် အသုံးပြုခွင့်ကို အစိုးရ အတည်ပြုချက် ရယူရခြင်း၊ ဤသို့ရယူရန်လည်း မလွယ်ကူခြင်း၊ အချို့မြေများကို လယ်ယာမြေအဖြစ် အသုံးပြုနေသော်လည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုတွင် အကျုံးဝင်သည့် သစ်တောမြေများစာရင်းတွင် ပါဝင်နေကြောင်း သုံးသပ်တင်ပြထားပါတယ်။

## (ဂ) မိရိုးဖလာ မြေအသုံးပြုမှုကို အသိအမှတ်မပြုခြင်း။

မြေယာနှင့် စပ်လျဉ်းသည့် ဥပဒေသစ်များဟာ မိရိုးဖလာ လုပ်ကိုင်ဆောင်ရွက်နေသည့် မြေယာများကို အသိအမှတ်မပြုကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေတွင် တည်ဆဲမြေများ၌ လုပ်ကိုင်နေသော တောင်သူ လယ်သမားများနှင့် ပတ်သက်၍ အသိအမှတ်ပြုသည့် ပြဋ္ဌာန်းချက်အချို့ ပါရှိသော်လည်း အဆိုပါ ပြဋ္ဌာန်းချက်သည် မိရိုးဖလာမြေ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ဖော်ပြချက်များ မေးမှိန်နေကြောင်း သုံးသပ်တင်ပြထားပါတယ်။

## (ဃ) မှတ်ပုံတင်ထားသည့် မြေများအပေါ်တွင် အကာအကွယ်ပေးမှု အားနည်းခြင်း။

မှတ်ပုံတင်မည့်မြေများနှင့်ပတ်သက်၍ လုပ်ငန်းအဆင့် များပြားနေခြင်း၊ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများနှင့်

ညီညွတ်ခြင်းမရှိပါက မြေအသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည့် ပြဋ္ဌာန်းချက်များ ပါရှိခြင်းတို့ကြောင့် မှတ်ပုံတင်မြေယာများမှာ အပြည့်အဝ အကာအကွယ် မရရှိသည်ကို တွေ့ရှိရကြောင်း သုံးသပ် တင်ပြထားပါတယ်။

## (င) မြေယာစီမံခန့်ခွဲမှုစနစ် စွမ်းဆောင်မှုနိမ့်ကျခြင်း။

မြေအမျိုးအစားခွဲခြား သတ်မှတ်ခြင်းနှင့် ပတ်သက်၍ မတူညီသည့် ဌာနများမှ ကိုင်တွယ်မှုကြောင့် အချို့သော တာဝန်ခံ ဆောင်ရွက်မှုများ နှစ်ကြိမ်ထပ်နေပြီး ၄င်းအခြေအနေက မြေယာစီမံခန့်ခွဲမှု၏ စွမ်းဆောင်ရည်ကို နိမ့်ကျစေကြောင်း သုံးသပ်တင်ပြထားပါတယ်။

## (စ) လုံလောက်သော အကာအကွယ်မရှိဘဲ ပမာဏကြီးမားသည့် မြေယာများ ခွဲဝေမှုကို မြှင့်တင်ဆောင်ရွက်ခြင်း။

အစိုးရက အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်ရေး၊ နည်းပညာရရှိရေး၊ ငွေကြေးအထောက်အပံ့ ရရှိရေးနှင့် ဈေးကွက် ချဲ့ထွင်နိုင်ရေးအတွက် ရည်ရွယ်ကာ ပမာဏ ကြီးမားစွာ ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်ရန်အတွက် မြေယာဥပဒေသစ်များ ပြဋ္ဌာန်းခဲ့ကြောင်း၊ ဤသို့ ဆောင်ရွက်ရာတွင် မြေပမာဏ အများအပြားကို ခွင့်ပြုချက် ချပေးခဲ့ရာ၌ အဆိုပါ မြေအတွင်း လက်ငုပ်လက်ရင်း မိရိုးဖလာ လုပ်ကိုင်ဆောင်ရွက်နေသူများနှင့် တွေ့ဆုံ ညှိနှိုင်းမှုမရှိဘဲ ခွင့်ပြုခဲ့ခြင်းကြောင့် ထိပ်တိုက်ရင်ဆိုင်မှုများ ပေါ်ပေါက်ခဲ့သည့်အပြင် မိရိုးဖလာ လုပ်ကိုင် ဆောင်ရွက်သူများအတွက် အကာအကွယ် ဆုံးရှုံးစေခဲ့ကြောင်း သုံးသပ်တင်ပြထားပါတယ်။

မြေယာနှင့် ပတ်သက်သော အခြေအနေကို ပြန်လည်သုံးသပ်ပါက အဓိကအားနည်းချက်တွေကို အောက်ပါအတိုင်း တွေ့ရှိရမှာဖြစ်ပါတယ် -

**(၁) လုပ်ထုံးလုပ်နည်း အားနည်းချက်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ**

(က) ရှုပ်ထွေး၍ အချိန်ကြာမြင့်သည့် မှတ်ပုံတင်လုပ်နည်းစနစ်ကြောင့် မြေယာ မှတ်ပုံတင်မှု အခြေအနေ နည်းပါးနေခြင်း။

(ခ) မြေယာစီမံခန့်ခွဲမှုစနစ် စွမ်းဆောင်မှု နိမ့်ကျခြင်း။

**(၂) ဥပဒေ၏အားနည်းချက်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ**

(က) တင်းကြပ်ပြီး ပကတိ မြေအသုံးပြုမှု အခြေအနေကို ထင်ဟပ်ခြင်း မရှိသော မြေအမျိုးအစား ခွဲခြားမှုစနစ် ကျင့်သုံးခြင်း။

(ခ) မှတ်ပုံတင်ထားသည့် မြေများအပေါ်တွင် အကာအကွယ်ပေးမှု အားနည်းခြင်း။

**(၃) မူဝါဒအားနည်းချက်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ**

(က) မိရိုးဖလာ မြေအသုံးပြုမှုကို အသိအမှတ်မပြုခြင်း။

(ခ) လုံလောက်သော အကာအကွယ်မရှိဘဲ ပမာဏကြီးမားသည့် မြေယာများ ခွဲဝေချထားခြင်း။

မြန်မာနိုင်ငံမှာ မြေစီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး ခေတ်နောက်ကျပြီး ရှုပ်ထွေးတဲ့ဥပဒေများကို ကျင့်သုံးဆဲဖြစ်တာရယ်၊ မြေယာစီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး ကိုင်တွယ်ဆောင်ရွက်ရတဲ့ ဌာနတွေ အများအပြားဖြစ်နေတာရယ်ကြောင့် နိုင်ငံတော်အစိုးရရဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မူဝါဒချမှတ်ခြင်း၊ ကြိုးပမ်းဆောင်ရွက်ခြင်းတို့ဟာ ထင်သလောက် ခရီးမပေါက်ဖြစ်နေရတာကို သုံးသပ်တွေ့ရှိရပါတယ်။ အခြားပတ်ဝန်းကျင် နိုင်ငံအသီးသီးမှာ မြေနဲ့ ပတ်သက်လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ အခက်အခဲမပေါ်ပေါက်အောင် ဝန်ကြီးဌာနအသီးသီးက ဝိုင်းဝန်းကြိုးပမ်းပြီး လွယ်အောင်၊ ရှင်းအောင် ဆောင်ရွက်ပေးနေတာလည်း တွေ့ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆွဲဆောင်မှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖန်တီးနိုင်ဖို့ဆိုရင် မြေဆိုင်ရာ စီမံခန့်ခွဲမှုတွေ တာဝန်ယူ ဆောင်ရွက်နေတဲ့ ဝန်ကြီးဌာနတွေက ခေတ်မမီတော့တဲ့၊ လက်တွေ့မကျတဲ့၊ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို နိုင်ငံ့အကျိုးအတွက် အင်တိုက်အားတိုက် ပြင်ဆင်ဖြေလျှော့ပြီး လက်တွေ့ကျအောင် လုပ်ကြဖို့ အချိန်သင့်ရုံသာမက အချိန်လွန်နေပြီလို့တောင် ပြောချင်ပါတယ်။



# တိုင်းပြည်တစ်ပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ထောက်တိုင်များ

ထင်အောင်ဇော်

ယနေ့တွင် နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေအရပ်ရပ်ကို အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လိုကြသည်။ ယင်းရည်မှန်းချက်များအတွက် သက်ဆိုင်ရာ နယ်ပယ်အလိုက် ပြုပြင်ပြောင်းလဲမှုများ၊ စီမံကိန်းရည်မှန်းချက်များ၊ နည်းဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

နိုင်ငံ၏ စီးပွားရေး တိုးတက်ရန်အတွက် ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး၊ နည်းပညာဆိုင်ရာအဆင့်အတန်း၊ မက်ခရိုစီးပွားရေးတည်ငြိမ်မှု၊ ကောင်းမွန်သော အုပ်ချုပ်မှု၊ စီးပွားရေး လုပ်ငန်းခေတ်မီဆန်းပြားမှုနှင့် ဈေးကွက် စွမ်းဆောင်နိုင်မှုများမှာ လွန်စွာအရေးပါလှသည်။

## အဖွဲ့အစည်းများ

ချမ်းသာကြွယ်ဝလာစေရန် အစိုးရအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်း တစ်ခုချင်းစီ (သို့မဟုတ်) စီးပွားရေးလုပ်ငန်းများ အပြန်အလှန်အကျိုးပြုဆောင်ရွက်ရာတွင် ချမှတ်ထားသော တရားဝင် စီမံခန့်ခွဲရေးမူဘောင်ဖြင့် အဖွဲ့အစည်းဆိုင်ရာအခြေအနေ (Institutional Environment) ကို ဆုံးဖြတ်ပေးသည်။ မကြာသေးမီက ဖြစ်ပေါ်ခဲ့သော စီးပွားရေးနှင့် ဘဏ္ဍာရေးအကြပ်အတည်းကာလတွင် တရားမျှတပြီး အားထားယုံကြည်လောက်သော အဖွဲ့အစည်းဆိုင်ရာ အခြေအနေတစ်ရပ်၏ အရေးပါမှုသည် ပို၍ သိသာလာခဲ့သည်။ အဖွဲ့အစည်းများ၏ အရည်အချင်းသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ထုတ်လုပ်မှုအစီအစဉ် တို့အပေါ် လွှမ်းမိုးထားပြီး ဖွံ့ဖြိုးမှုမဟာဗျူဟာများနှင့် မူဝါဒများအတွက် ကုန်ကျစရိတ်များတာဝန်ယူခြင်း၊ အစိုးရထောက်ပံ့ကြေးများ ဝေပေးခြင်းစသည့် လူ့အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များတွင် အဓိကအခန်းကဏ္ဍမှ

ပါဝင်သည်။ နိုင်ငံတော်အဖွဲ့အစည်းများကို အဓိက အလေးပေးထားသော်လည်း ကြွယ်ဝချမ်းသာရေး လုပ်ငန်းစဉ်အတွက် အရေးပါသော လိုအပ်ချက်တစ်ခုမှာ ပုဂ္ဂလိက အဖွဲ့အစည်းများပင် ဖြစ်သည်။

## အခြေခံအဆောက်အအုံ

ကြီးမားကျယ်ပြန့်ပြီး လုံလောက်မှုရှိသော အခြေခံအဆောက်အအုံသည် စီးပွားရေး ဆောင်ရွက်ချက်၏ တည်နေရာနှင့် နိုင်ငံအတွင်း တိုးတက်စေနိုင်သည့် ဆောင်ရွက်ချက်များ (သို့မဟုတ်) ကဏ္ဍအမျိုးအစားများကို ဆုံးဖြတ်ပေးရာတွင် အရေးပါသောကြောင့် စီးပွားရေး အသိုက်အဝန်းထိရောက်စွာလည်ပတ်နိုင်ရေးအတွက် အရေးကြီးသည်။ တိုးတက်ကောင်းမွန်သော အခြေခံအဆောက်အအုံသည် ဒေသများအကြား ဈေးကွက်ဆက်သွယ်မှုကို စရိတ်သက်သာစွာဖြင့် ဆောင်ရွက်ပေးနိုင်သည်။ အခြေခံအဆောက်အအုံ ကွန်ရက်များ၏ အရည်အသွေးနှင့် ကြီးမားကျယ်ပြန့်မှုသည် စီးပွားရေးတိုးတက်မှုကို အကျိုးသက်ရောက်စေပြီး ဝင်ငွေ မညီမျှမှုများ၊ နည်းမျိုးစုံနှင့် ဆင်းရဲနွမ်းပါးမှုများကို လျှော့ချပေးသည်။

## မက်ခရိုစီးပွားရေးအခြေအနေ

မက်ခရိုစီးပွားရေးအခြေအနေတည်ငြိမ်မှုသည် စီးပွားရေးလုပ်ငန်းအတွက် အရေးကြီးသကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ ဘက်ပေါင်းစုံယှဉ်ပြိုင်မှုအတွက်လည်း အရေးပါလှသည်။ မက်ခရို စီးပွားရေးတည်ငြိမ်မှုတစ်ခုတည်းဖြင့် နိုင်ငံ၏ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်မပေးနိုင်သော်လည်း မက်ခရိုစီးပွားရေး ကစဉ့်ကလျား ဖြစ်ခြင်းကြောင့် စီးပွားရေးအသိုက်အဝန်း တစ်ခုလုံးကို အန္တရာယ်ဖြစ်စေနိုင်သည်။ ထို့ကြောင့် မက်ခရိုစီးပွားရေးတည်ငြိမ်မှုသည် စီးပွားရေးရေရှည် တိုးတက်မှုအတွက် အဓိကလိုအပ်ချက်တစ်ခု ဖြစ်ပါသည်။

## ကျန်းမာရေးနှင့် အခြေခံပညာရေး

ကျန်းမာရေးကောင်းမွန်သော လုပ်သားအင်အားသည် နိုင်ငံတစ်နိုင်ငံ၏ ထုတ်လုပ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်မှုအတွက် အရေးကြီးသည်။ အလုပ်သမားများ မကျန်းမာလျှင် ၎င်းတို့၏ စွမ်းဆောင်ရည်များ ကျဆင်းလာပြီး ထုတ်လုပ်မှုလည်း အားနည်းသွားမည်ဖြစ်သည်။ နာမကျန်းဖြစ်သော အလုပ်သမားများ၏ ရုံဖန်ရံခါ အလုပ်ပျက်ကွက်ခြင်းများ၊ ၎င်းတို့၏ စွမ်းဆောင်ရည်အဆင့် နိမ့်ကျခြင်းများသည် စီးပွားရေးလုပ်ငန်းအတွက် ကုန်ကျစရိတ်များ များပြားစေပါသည်။ သို့ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုတွင် ကျန်းမာရေးဝန်ဆောင်မှုများ ထောက်ပံ့ပေးမှုသည် စီးပွားရေးတွင် အဓိကစဉ်းစားရမည့် အချက်ဖြစ်သည်။

ယနေ့ခေတ်စီးပွားရေးအသိုက်အဝန်းတွင် ကျန်းမာရေးအပြင် ပို၍အရေးကြီးသည်မှာ အခြေခံပညာရေးဆိုင်ရာ အရည်အသွေးနှင့် အရေအတွက်ပင်ဖြစ်သည်။ အခြေခံပညာရေးသည် အလုပ်သမားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကို တိုးတက်စေပါသည်။ ပညာကောင်းကောင်းမတတ်သော အလုပ်သမားများသည် သာမန်လက်မှုလုပ်ငန်းများကိုသာ လုပ်ကိုင်တတ်ကြပြီး ပို၍အဆင့်မြင့်သော ထုတ်လုပ်မှုလုပ်ငန်းများ၊ နည်းပညာများနှင့် လိုက်လျောညီထွေဖြစ်အောင် အလိုက်သင့်ပြောင်းလဲရာတွင် အခက်အခဲများရှိနေသောကြောင့် တီထွင်ဖန်တီးနိုင်စွမ်း နည်းပါးသည်ကိုတွေ့ရသည်။ တစ်နည်းဆိုရသော် အခြေခံပညာချို့တဲ့မှုသည် စီးပွားရေး ဖွံ့ဖြိုးမှုအပေါ် ဖိအားတစ်ခုဖြစ်စေသည့်အပြင် စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုခေတ်မီသော တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့် တန်ဖိုးကွင်းဆက်ကို ရွှေ့ပြောင်းရန် ခက်ခဲစေပါသည်။

## အဆင့်မြင့်ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး

အဆင့်မြင့်ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးသည် သာမန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ထုတ်ကုန်များထက် ပို၍ တန်ဖိုးကွင်းဆက်ရွှေ့ပြောင်းလိုသည့် စီးပွားရေးအသိုက်အဝန်းများအတွက် အရေးကြီးသည်။ အထူးသဖြင့် ယနေ့ခေတ် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအသိုက်အဝန်းတွင် လုပ်ငန်းတာဝန်အမျိုးမျိုး၊ ထုတ်လုပ်မှုနည်းစနစ်၏ ပြောင်းလဲဖြစ်ပေါ်လာသော လိုအပ်ချက်များ၊ ပြောင်းလဲသွားမည့် ပတ်ဝန်းကျင် စသည်တို့နှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည့် ကောင်းမွန်စွာတတ်မြောက်သော

အလုပ်သမားအဖွဲ့များ ပြုစုပျိုးထောင်ပေးရန် လိုအပ်လာပါသည်။ လုပ်ငန်းဆိုင်ရာ အဆက်မပြတ် လေ့ကျင့်သင်ကြားမှုသည် အလုပ်သမားများ၏ စွမ်းရည်များကို အဆက်မပြတ်အဆင့်မြှင့်ပေးရာတွင် အရေးပါသောကြောင့် ဝန်ထမ်းလေ့ကျင့်သင်ကြားမှု အတိုင်းအတာကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

## ကုန်စည်ဈေးကွက်စွမ်းဆောင်နိုင်မှု

စီးပွားရေးအသိုက်အဝန်းတွင် အကျိုးအရှိဆုံးဖြစ်အောင် ရောင်းဝယ်ဖောက်ကားနိုင်ရေး ဆောင်ရွက်ရန် စွမ်းဆောင်နိုင်သော ဈေးကွက်ရှိသည့် နိုင်ငံများမှာ အကျိုးကျေးဇူးများရကြသည်။ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကောင်းမွန်သော ဈေးကွက်ယှဉ်ပြိုင်မှုသည် ဈေးကွက်စွမ်းဆောင်နိုင်မှုကို စေ့ဆော်ပေးရာတွင် အရေးကြီးသည်။ ထို့ကြောင့် ဈေးကွက်မှ တောင်းဆိုလာသော ကုန်စည်များထုတ်လုပ်ပေးသည့် စွမ်းဆောင်နိုင်မှုအများဆုံး စီးပွားရေးလုပ်ငန်းများ ရှင်သန်စေမည့် စီးပွားရေးကုန်ထွက်စွမ်းအားသည်လည်း အရေးကြီးသည်။

## လုပ်သားဈေးကွက်စွမ်းဆောင်နိုင်မှု

လုပ်သားများ လုပ်ငန်းခွင်တွင် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်ရန် ဆွဲဆောင်ရာတွင် လုပ်သားဈေးကွက် စွမ်းဆောင်နိုင်မှုနှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှုတို့မှာ အရေးကြီးသည်။ ထို့ကြောင့် လုပ်သားဈေးကွက်များသည် အလုပ်သမားများအား စီးပွားရေးလှုပ်ရှားမှုတစ်ခုမှ အခြားတစ်ခုသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အလျင်အမြန်ပြောင်းလဲရန်နှင့် လူမှုရေး အနှောင့်အယှက်များမရှိဘဲ လုပ်ခလစာ အတက်အကျရှိရန် ဆောင်ရွက်နိုင်ရမည် ဖြစ်သည်။ စွမ်းဆောင်နိုင်သော လုပ်သားဈေးကွက်များအနေဖြင့် အလုပ်သမားများအတွက် ခိုင်မာသော မက်လုံးများပေးခြင်း၊ လုပ်ငန်းခွင်တွင် အရည်အချင်းအလျောက် မြောက်စားသည့် စနစ်များ တိုးမြှင့်ဆောင်ရွက်ခြင်း စသည်တို့ကို သေချာစွာ ဆောင်ရွက်ပေးရမည့်အပြင် အမျိုးသားနှင့် အမျိုးသမီးအကြား လုပ်ငန်းတာဝန်များကို တန်းတူညီတူ စီစဉ်ပေးရမည် ဖြစ်သည်။

## ဘဏ္ဍာရေးဈေးကွက်ဖွံ့ဖြိုးမှု

ဘဏ္ဍာရေးနှင့် စီးပွားရေးအကျပ်အတည်းသည် စီးပွားရေးဆောင်ရွက်ချက်များအတွက် ခိုင်မာပြီး ကောင်းမွန်စွာလည်ပတ်နိုင်သော ဘဏ္ဍာရေးကဏ္ဍတစ်ခု လိုအပ်သည်ကို အထင်အရှား ဖော်ပြနေပါသည်။ စွမ်းဆောင်နိုင်သော ဘဏ္ဍာရေးကဏ္ဍတစ်ခုသည် နိုင်ငံသားများ စုဆောင်းထားသည့် အရင်းအမြစ်များနှင့် နိုင်ငံခြားမှ စီးပွားရေးအသိုက်အဝန်းထဲသို့ ဝင်ရောက်လာသည့် အရင်းအမြစ်များကို အကျိုးရှိရှိအသုံးပြုနိုင်စေရန် ခွဲဝေသတ်မှတ်ပေးသည်။ ယင်းကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ (သို့မဟုတ်) စီးပွားရေးစွမ်းဆောင်နိုင်မှုဆိုင်ရာ စီမံချက်များအတွက် အရင်းအမြစ်များ ဖော်ဆောင်ပေးသည်။

စီးပွားရေးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် ကုန်ထုတ်စွမ်းအားအတွက် အရေးပါသောကြောင့် စီးပွားရေးအသိုက်အဝန်းရှိ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတွင် အရင်းအနှီး ရရှိစေနိုင်သော ဘဏ္ဍာရေးဈေးကွက်များ လိုအပ်ပါသည်။ ဘဏ္ဍာရေး ဈေးကွက်များတွင် စီးပွားရေးအသိုက်အဝန်းရှိ ရင်းနှီးမြှုပ်နှံသူများနှင့် အခြားလှုပ်ရှားဆောင်ရွက်သူများအား ကာကွယ်ရန် သင့်လျော်သော စည်းမျဉ်းသတ်မှတ်ချက်လည်း လိုအပ်ပါသည်။

## နည်းပညာဆိုင်ရာ အဆင်သင့်ဖြစ်မှု

ယနေ့ကမ္ဘာတွင် နည်းပညာသည် စီးပွားရေးလုပ်ငန်းများအတွက် စီးပွားဖြစ်ထွန်းရန်နှင့် ယှဉ်ပြိုင်မှုပြုရန် မရှိမဖြစ်လိုအပ်သောအရာတစ်ခုပင်ဖြစ်သည်။ နည်းပညာဆိုင်ရာအဆင်သင့်ဖြစ်မှု ထောက်တိုင်သည် စီးပွားရေးအသိုက်အဝန်းတစ်ခုတွင် စက်မှုလုပ်ငန်းများ၏ ကုန်ထုတ်စွမ်းအား မြင့်တက်စေမည့် နည်းပညာများ ရွေးချယ်ဆောင်ရွက်နိုင်သည့် သွက်လက်သော လှုပ်ရှားမှုကို တိုင်းတာပေးသည်။ အဓိကအားဖြင့် ယှဉ်ပြိုင်မှုအတွက် ဆန်းသစ်တီထွင်နိုင်ခြင်းနှင့် စွမ်းရည်များ တိုးတက်လာစေရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများနှင့် နေ့စဉ်လှုပ်ရှားဆောင်

ရွက်မှုများတွင် သတင်းအချက်အလက်နှင့် နည်းပညာများ အပြည့်အဝ သုံးစွဲနိုင်ရေးအပေါ် အလေးပေးထားသည်။ နိုင်ငံတွင်း လည်ပတ်ဆောင်ရွက်နေသော စီးပွားရေး လုပ်ငန်းများတွင် အဆင့်မြင့်ထုတ်ကုန်များအတွက် နည်းပညာအခွင့်အလမ်းများရရှိရန် လိုအပ်ပါသည်။ နိုင်ငံခြား နည်းပညာ၏ အဓိကအရင်းအမြစ်များတွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် နည်းပညာဖွံ့ဖြိုးမှု အဆင့်နိမ့်သော နိုင်ငံများအတွက် အဓိကအခန်းကဏ္ဍ ဖြစ်ပေသည်။

## ဈေးကွက်ပမာဏ

ကြီးမားသော ဈေးကွက်များက စီးပွားရေး လုပ်ငန်းများအား စီးပွားရေးအသိုက်အဝန်း ပမာဏကို အပြည့်အဝ သုံးစွဲခွင့်ပြုထားသောကြောင့် ဈေးကွက်ပမာဏသည် ကုန်ထုတ်စွမ်းအားအပေါ် အကျိုးသက်ရောက်စေပါသည်။ အစဉ်အလာအားဖြင့် စီးပွားရေးလုပ်ငန်းများ၏ အသုံးပြုနိုင်သော ဈေးကွက်များကို နိုင်ငံနယ်နိမိတ်များဖြင့် ကန့်သတ်ထားပါသည်။ Globalization ခေတ်တွင် အပြည်ပြည်ဆိုင်ရာဈေးကွက်များသည် အထူးသဖြင့် နိုင်ငံငယ်များအတွက် အစားထိုးစရာတစ်ခု ဖြစ်လာပါသည်။ ပို့ကုန်များသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ပမာဏကို အဆုံးအဖြတ်ပေးသော အရာတစ်ခုပင် ဖြစ်သည်။ ဈေးကွက်ပမာဏ တိုင်းတာရာတွင် ပြည်တွင်း ပြည်ပ ဈေးကွက်နှစ်ခုစလုံးပါဝင်ပါသည်။

## စီးပွားရေးလုပ်ငန်းခေတ်မီဆန်းပြားမှု

ခေတ်မီဆန်းပြားသော စီးပွားရေးလုပ်ငန်းများသည် ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ရာတွင် ပိုမိုပြည့်စုံမှု ရှိစေရန် အထောက်အကူပေးပါသည်။ စီးပွားရေး လုပ်ငန်း ခေတ်မီဆန်းပြားမှုတွင် နိုင်ငံတစ်နိုင်ငံရှိ စီးပွားရေးဆောင်ရွက်မှု အရည်အချင်းနှင့် စီးပွားရေးလုပ်ငန်း တစ်ခုချင်းစီ၏ လုပ်ငန်းလည်ပတ်မှုနှင့် မဟာဗျူဟာ အရည်အချင်းများ ပါဝင်သည်။ နိုင်ငံတစ်နိုင်ငံရှိစီးပွားရေး ဆောင်ရွက်မှု အရည်အချင်းတွင် ကုမ္ပဏီများနှင့် ကဏ္ဍတစ်ခုချင်းစီတို့မှ လုပ်ငန်းစုများ (Clusters)အဖြစ် အချင်းချင်း ချိတ်ဆက် ဆောင်ရွက်ခြင်းဖြင့် စွမ်းဆောင်ရည် မြင့်မားလာပြီး ထုတ်လုပ်မှုလုပ်ငန်းများအတွက် ဆန်းသစ်တီထွင်ရန် အခွင့်အလမ်းများ တိုးတက်လာပြီး စီးပွားရေး လုပ်ငန်းသစ်များအတွက် ဝင်ခွင့်အတားအဆီးများ လျော့နည်းလာသည်။ စီးပွားရေးလုပ်ငန်းတစ်ခုစီ၏ အဆင့်မြင့် လုပ်ငန်းများနှင့် မဟာဗျူဟာများသည် စီးပွားရေး အသိုက်အဝန်းထဲတွင် ဝင်ရောက်လာပြီး နိုင်ငံ၏စီးပွားရေး ကဏ္ဍအသီးသီးရှိခေတ်မီဆန်းပြားသော စီးပွားရေး လုပ်ငန်းစဉ်များကို ဦးဆောင်လမ်းပြပေးသည်။

## ဆန်းသစ်တီထွင်မှု

ဆန်းသစ်တီထွင်မှုကို နည်းပညာဆိုင်ရာ အသိပညာနှင့် နည်းပညာနှင့်မဆိုင်သော အသိပညာသစ်များမှ ရရှိနိုင်ပါသည်။ နည်းပညာနှင့်မဆိုင်သော ဆန်းသစ်တီထွင်မှုများသည် အတတ်ပညာပိုင်းကျွမ်းကျင်မှုများ၊ အဖွဲ့အစည်းများတွင်ရှိနေသော လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်နွယ်နေပါသည်။ လူနေမှုအဆင့်အတန်းကို နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုဖြင့် တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဆန်းသစ်တီထွင်မှုသည် နည်းပညာသစ်များကို ချဉ်းကပ်သော စီးပွားရေး အသိုက်အဝန်းများအတွက် အထူးအရေးပါလှသည်။

အထက်ပါထောက်တိုင်များ ပြီးပြည့်စုံမှသာ မိမိနိုင်ငံသည် အချိန်တိုကာလအတွင်း မျှော်မှန်းထားသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည် ဖြစ်ပါသည်။ ထိုမှတစ်ဆင့် အားလုံး ပါဝင်နိုင်ခွင့်ရှိပြီး လွတ်လပ်သော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရေး၊ ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာစေရေးနှင့် ၂၀၂၀ ခုနှစ်၌ နိုင်ငံတကာ အသိုက်အဝန်းတွင် ပေါင်းစည်းနိုင်ရေးဟူသော အမျိုးသားရေးပန်းတိုင်ကိုလည်း အလွယ်တကူ ချီတက်၍ ဆွတ်ခူးသွားနိုင်မည် ဖြစ်ပေသည်။




# စမစ်သ်၊ ကားလ်မာ့ခ်စ်၊ ကိန်းစ်၊ ဈေးကွက်နှင့် အစိုးရ

| စောနိုင် (အသုံးချဘောဂဗေဒ) |

အဒမ်စမစ်သ် (Adam Smith)၊ ကားလ်မာ့ခ်စ် (Karl Max) နှင့် ဂျွန်မေနတ်ကိန်းစ် (John Maynard Keynes) တို့သည် ဘောဂဗေဒ တွေးခေါ်မြော်မြင်မှုသမိုင်းတွင် ထင်ရှားခဲ့သူများဖြစ်သည်။ ၎င်းတို့၏ အတွေးအခေါ်များသည် ဘောဂဗေဒ အတွေးအခေါ်များကို များစွာ အပြောင်းအလဲဖြစ်စေခဲ့၏။ အက်ဒမ်စမစ်သ်သည် မမြင်ရသောလက် အယူအဆဖြင့်လည်းကောင်း၊ ကားလ်မာ့ခ်စ်သည် အပိုတန်ဖိုးနှင့် အရင်းရှင်ဝါဒကို တိုက်ဖျက်မှုသည် အယူအဆများဖြင့်လည်းကောင်း၊ ဂျွန်မေနတ်ကိန်းစ်သည် စမစ်နှင့် ကားလ်မာ့ခ်စ်တို့၏ အတွေးအခေါ်များနှင့် ကွဲပြားခြားနားစွာ စဉ်းစားခဲ့မှုများလည်းကောင်း ထူးခြားမှုများရှိခဲ့သည်။ ကိန်းစ်ဆိုလျှင် အစိုးရ၏အခန်းကဏ္ဍကို အထူးလေ့လာခဲ့ပြီး ကိန်းစ်ဘောဂဗေဒဟု အမည်တပ်ရသည်အထိပင် ဘောဂဗေဒအတွေးအခေါ် သမိုင်းတစ်လျှောက်တွင် ဩဇာလွှမ်းမိုးခဲ့သည်။ ထို့ကြောင့် စီးပွားရေးအဆောက်အအုံ၊ ဈေးကွက်နှင့် အစိုးရ၏ အခန်းကဏ္ဍတို့ကို စိတ်ဝင်စားသူတိုင်း ထိုဂုရုကြီးသုံးဦးအကြောင်းကို လေ့လာသင့်သည်။

အဒမ်စမစ်သ် (၁၇၂၃-၁၇၉၀)သည် စကော့လူမျိုး ဒဿနပညာရှင်၊ ကျမ်းရိုး ဘောဂဗေဒဂုရုကြီးဖြစ်သည်။ သူက လူ့အဖွဲ့အစည်းတစ်ရပ် တိုးတက်မှုသည် လူတစ်ဦး တစ်ယောက်ချင်း၏အကျိုးစီးပွားအတွက် အားထုတ်မှုပေါ်တွင် အခြေခံလျက်ရှိသည်ဟု ယုံကြည်သည်။ စီးပွားရေးတွင် အစိုးရဝင်ရောက်စွက်ဖက်ရန်မလို လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ပေးထားဖို့ လိုသည်။ ဈေးကွက်ထဲရှိ အင်အားစုများကို မည်သူမျှ ဝင်ရောက်စွက်ဖက်ရန် မလို၊ ဈေးကွက်ထဲရှိ အင်အားစုနှစ်ခုဖြစ်သည့် ဝယ်လိုအားနှင့် ရောင်းလိုအားတို့က သူ့သဘောသူဆောင်၍ အားမျှခြေသို့သာ ဦးတည်နေ လိမ့်မည်ဟုလည်း ဆိုသည်။ အဒမ်စမစ်သ်ကို ယနေ့ခေတ် ဘောဂဗေဒသမားတိုင်း သိကြ၏။ စီးပွားရေးတက္ကသိုလ် ကျောင်းတော်မှ ဘောဂဗေဒစာသင်သားများသာမက၊ ပြင်ပမှ ဘောဂဗေဒစာပေကို စိတ်ဝင်စားသည့် စာဖတ် ပရိသတ်များကပါ အဒမ်စမစ်သ်အမည်ကို Invisible Hand ဝါဟာရနှင့် တွဲလျက် သိကြလေ့ရှိသည်။ ထို Invisible Hand ဝါဟာရကို ပဋ္ဌလက်၊ ကိုယ်ပျောက်လက်၊ မမြင်ရသောလက် စသဖြင့် မြန်မာဘာသာဖြင့် မည်သို့ပင်အမျိုးမျိုးဘာသာပြန်ဆိုသည်ဖြစ်စေ ဈေးကွက်ကို မည်သူမျှ ပဲ့ပြင် ထိန်းကျောင်းစရာမလိုဘဲ ဈေးကွက်အင်အားစုများက သူ့ အလိုလိုပင် ပြုပြင်၍ အားမျှခြေအနေအထားသို့ သေချာပေါက်ရောက်ရှိသည်ဟုဆိုထားခြင်းဖြစ်သည်။ စမစ်သ်သည် အမေရိကန်နိုင်ငံ လွတ်လပ်ရေးကြေညာသည့်နှစ်၊ ၁၇၇၆ ခုနှစ်တွင် ၎င်းထုတ်ဝေခဲ့သည့် "နိုင်ငံများ၏ဥစ္စာဓနေ" (The Wealth of Nations)ဟု အမည်ပေးထားသော စာအုပ်ထဲ၌ မမြင်ရသောလက်အကြောင်းကို ရှင်းပြထား သည်။

ကားလ်မာ့ခ်စ် (၁၈၁၈-၁၈၈၃) ကို ဂျာမန်လူမျိုး နိုင်ငံရေးသိပ္ပံပညာရှင်တစ်ဦးတစ်ဖြစ်လည်း ဘောဂဗေဒ အတွေးအခေါ်ပညာရှင်တစ်ဦးအဖြစ်ပါ သတ်မှတ်နိုင်သည်။ သူသည် အရင်းရှင်စနစ်ကို အဆိုးအမြင်ဖြင့်ကြည့်၍ တော်လှန်ခဲ့သူဖြစ်ပြီး ထိုစနစ်၏ ဆိုးကျိုးများကို အရင်းရှင်ကျမ်းဟု လူသိများသည့် Das Kapital စာအုပ်ဖြင့် ဝေဖန်ခဲ့သူဖြစ်သည်။ အရင်းရှင်တို့၏ ခေါင်းပုံဖြတ်မှုကို အပိုတန်ဖိုး သဘောတရားဖြင့် ထောက်ပြသုံးသပ်ခဲ့သည်။ အရင်းရှင်တစ်ယောက်၏အမြတ်ငွေများကို လည်း လုပ်သားတို့၏ လုပ်အားခမှ ခေါင်းပုံဖြတ်ရယူထားခြင်း ဖြစ်သည်ဟု သူက ရှုမြင်သည်။ ထိုစနစ်သည် အရင်းရှင်နှင့် အလုပ်သမား လူတန်းစား ပဋိပက္ခတို့ကြောင့် ပြိုလဲသွားမည်ဟု ခန့်မှန်းခဲ့သည်။ ကုန်ထုတ်အရင်းအနှီးများကို အစိုးရက သိမ်းယူပြီး စီမံကိန်းဖြင့် လုပ်ဆောင်သည့် စီးပွားရေးစနစ်ကို အဆိုပြုခဲ့သူဟုလည်း ဆိုရပေမည်။

ဂျွန်မေနတ်ကိန်းစ် (၁၈၈၃-၁၉၄၆) သည် ဗြိတိသျှလူမျိုး ဘောဂဗေဒပညာရှင်နှင့် ဘဏ္ဍာရေးဆိုင်ရာ ပါရမီရှင်လည်း ဖြစ်သည်။ သူသည်လည်း ကားလ်မာ့ခ်စ်ကဲ့သို့ပင် အရင်းရှင်ဝါဒကို ဝေဖန်ထောက်ပြမှုများ ရှိခဲ့သည်။ သို့သော် သူ၏အယူအဆများမှာ ကားလ်မာ့ခ်စ်နှင့် ခြားနားသည်။ အဒမ်စမစ်သ်၏ ကိုယ်ပျောက်လက် အယူအဆကို



**အရင်းရှင်တို့၏ ခေါင်းပုံဖြတ်မှုကို အပိုတန်ဖိုး သဘောတရားဖြင့် ထောက်ပြသုံးသပ်ခဲ့သည်။ အရင်းရှင်တစ်ယောက်၏အမြတ်ငွေများကိုလည်း လုပ်သားတို့၏ လုပ်အားခမှ ခေါင်းပုံဖြတ်ရယူထားခြင်း ဖြစ်သည်ဟု သူက ရှုမြင်သည်။**

လည်း ဝေဖန်ခဲ့ပြီး အစိုးရက စီးပွားရေးတွင် ဝင်ရောက်ကူညီသင့်သည်ဟု ယူဆသူလည်း ဖြစ်သည်။ စီးပွားရေးအဆောက်အအုံတွင်း၌ အစိုးရသည် လူထုဝင်ငွေနှင့် ဝယ်လိုအားတိုးစေမည့် ရင်းနှီးမြှုပ်နှံမှုမျိုးကို ကိုယ်တိုင်ဆောင်ရွက်ရမည်ဟု သူက ဆိုသည်။ ၁၉၃၀ ပြည့်နှစ်များ၌ ကမ္ဘာ့စီးပွားရေးပျက်ကပ် ဖြစ်ပွားသောအခါ စမစ်သ်၏ မမြင်ရသောလက် အယူအဆကို ယုံကြည်မှုကင်းမဲ့သွားခဲ့သည်။ ထိုကာလများအလွန်တွင် ‘‘လိုအပ်လာပါက စီးပွားရေးအဆောက်အအုံထဲတွင် အစိုးရအနေဖြင့် ဝင်ရောက်စွက်ဖက်သင့်သည်’’ဟူသော ကိန်းစ်၏ အယူအဆ ပေါက်သွားခဲ့သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ထွန်းကားလာသော စက်မှုနိုင်ငံများသည် ကိန်းစ်၏ အိုင်ဒီယာများနှင့် မကင်းပေ။

လိုအပ်ချက်များ မည်သို့ပင်ရှိစေကာမူ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်အချိန်၊ ရာစုအားဖြင့် ၁၈ ရာစုအချိန်လောက်က ပေါ်ထွန်းခဲ့သည့် ဘောဂဗေဒဂုရု အက်ဒမ်စမစ်သ် တွေးခေါ်ခဲ့သည့် ‘မမြင်ရသောလက်’ ဆိုသည့် အိုင်ဒီယာက ယနေ့တိုင် လွှမ်းမိုးနေဆဲ။ ထို့အတူ ၁၉၃၀ ပြည့်နှစ်များက အမေရိကန်ပြည်ထောင်စုမှစ၍ ကမ္ဘာ့စီးပွားရေးပျက်ကပ်အတွင်း စီးပွားရေးတွင် ဝင်ရောက်ရန် လိုသည့် အစိုးရ၏အခန်းကဏ္ဍနှင့် ပတ်သက်သည့် ကိန်းစ်၏ အယူအဆသည် အများလက်ခံပြီး လူကြိုက်များနေဆဲ။ ကိန်းစ်၏ အယူဝါဒများနှင့် ပတ်သက်၍လည်း နှောင်းခေတ် ဘောဂဗေဒပညာရှင်များမှ လေ့လာဆန်းစစ်မှုများ၊ မတိုက်ဆိုင်မှုများ ပေါ်ထွက်လာနေသည့်တိုင် ဈေးကွက်အတွင်း၌ (လိုအပ်လာသည့်အခါ) အစိုးရ၏ အခန်းကဏ္ဍရှိသည်ဆိုသော အချက်မှာမူ လက်ခံနေကြဆဲဖြစ်သည်။

ထိုဂုရုသုံးပါး၏ အိုင်ဒီယာတို့ကို ပြန်လည်လေ့လာကြည့်ပါလျှင် စမစ်သ်၏ မည်သည့်လွှမ်းမိုးမှု၊ ထိန်းချုပ်မှုမှမလိုအပ်ဘဲ၊ ဈေးကွက်သည် လုံးဝ လွတ်လပ်စွာ လှုပ်ရှားနိုင်သည်ဟူသော အယူအဆ၊ ကားလ်မာ့ခ်စ်၏ ဈေးကွက်သဘောသဘာဝထက် အစိုးရက ဦးစီးပြုမှုဆောင်ရွက်ရမည်ဟူသော အယူအဆနှင့် ကိန်းစ်၏ ဈေးကွက်ကို လက်ခံသော်လည်း အစိုးရ၏အခန်းကဏ္ဍကိုပါ စဉ်းစားရမည်ဟူသော အယူအဆတို့ဖြစ်သည်။ တကယ့်လက်တွေ့အခြေအနေတွင် ကိန်းစ်၏ အယူအဆသာ အလုပ်ဖြစ်သည်ကို တွေ့ရ၏။ လွတ်လပ်သောဈေးကွက်ကို လက်ခံသင့်သော်လည်း၊ ဈေးကွက်ယန္တရား၏ အားနည်းချက်များကို အစိုးရပါဝင်ပတ်သက်ထိန်းကျောင်းမှသာ ဖြစ်ပေမည်။ ကိန်းစ်၏ အစိုးရနှင့် ပတ်သက်သည့် အခန်းကဏ္ဍ အယူအဆကို ဝေဖန်ခဲ့သည့် ဘောဂဗေဒပညာရှင် မီလ်တန်ဖရီမန်း (Milton Friedman) ကလည်း အစိုးရအခန်းကဏ္ဍ အရေးကြီးပုံကို ထပ်မံထောက်ပြခဲ့ဖူးသည်။ ဤသို့ဆိုလျှင် ယေဘုယျအားဖြင့် လွတ်လပ်သော ဈေးကွက်ကို လက်ခံကျင့်သုံးရန် လိုသကဲ့သို့ လိုအပ်ပါက အစိုးရ၏အခန်းကဏ္ဍရှိရမည့်ဆိုသော အယူအဆကို ဘောဂဗေဒပညာရှင်များစွာတို့ လက်ခံသည်ဟု ဆိုနိုင်သည်။ အစိုးရတစ်ရပ်၏ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုဖြင့်လည်ပတ်လှုပ်ရှားနေသော လူ့အဖွဲ့အစည်းတစ်ရပ်သည် ဈေးကွက်အမျိုးမျိုးအတွင်း နေ့စဉ် ဖလှယ်ရောင်းဝယ်ဖောက်ကားနေကြသည်။ ထိုအမျိုးမျိုးသော ဈေးကွက်များသည် လူသားတို့၏ စိတ်နေစိတ်ထား အပြုအမူများကြောင့်ပင် အမြဲမပြတ် အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိရာ ဈေးကွက်ပုံမှန်လည်ပတ်မှု ယိုယွင်းလာပါက တာဝန်ရှိသည့်အစိုးရက ပါဝင်ပတ်သက်ရမည်သာ ဖြစ်သည်။

ပြောင်းလဲခေတ်စနစ် အခြေအနေများအရ ဘောဂဗေဒအခြေခံ အယူအဆများပေါ်တွင် ဆင့်ပွားတွေးဆ၊ ပြောင်းလဲနေသည့် အိုင်ဒီယာများလည်း ထပ်မံ၍ ပေါ်ထွက်လာကြပေဦးမည်။ ရှေးယခင်ကာလများက ပေါ်ထွက်ခဲ့ပြီးဖြစ်သော ဘောဂဗေဒအတွေးအခေါ်ရှင်များ၏ အိုင်ဒီယာများမှာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့သော သဗ္ဗညုတ ရွှေဉာဏ်တော်ပိုင်ရှင် ဘုရားရှင်၏ ဟောပြောညွှန်ပြချက်မျိုးကဲ့သို့ မဖောက်မပြန် အမြဲတမ်း မှန်ကန်ကြနိုင်သည်မဟုတ်။ ၎င်းတို့၏ တွေးခေါ်ဖော်ထုတ်ချက်များထဲတွင် မှတ်သား၊ လိုက်နာ၊ ကျင့်သုံးစရာများ ရှိနိုင်သော်လည်း လှေနံဓားထစ် တရားသေမှတ်၍ ကာလဒေသ မခွဲခြားဘဲ အချိန်တိုင်း၊ နေရာတိုင်း အသုံးချနိုင်ရန်မှာမူ မဖြစ်နိုင်ပေ။

ASEAN Economic Community

# အလားအလာကောင်းသော

# ၂၀၁၈ ခုနှစ် အာဆီယံ စီးပွားရေး

| သိန်းမြင့်ဝေ |



၂၀၁၈ ခုနှစ်တွင် အာဆီယံ၏ စီးပွားရေး တိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း ခန့်မှန်းသုံးသပ်ထားသည်များကို တွေ့ရှိရသည်။ သို့သော်လည်း အာဆီယံအတွက် စိန်ခေါ်မှုများလည်း ရှိနေပေသည်။ ထိုစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်တစ်ခုတည်းသောနည်းလမ်းမှာ စီးပွားရေးပေါင်းစည်းမှု (Economic Integration)ကို အရှိန်မြှင့်တင်ရန်ဖြစ်ပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံကထုတ်လုပ်လျက်ရှိသော စက်မှုကုန်ချောပစ္စည်းများ (Manufacturing Products)နှင့် ပြိုင်ဆိုင်ရမည်ဖြစ်သည်။

အာဆီယံ၏ ယဉ်ကျေးမှုမတူကွဲပြားခြင်းကို အကြောင်းပြု၍ "မတူကွဲပြားခြင်းသည် အင်အားဖြစ်သည်" (There is Strength in Diversity)ဟူ၍ ပြောစမှတ်ပြုကြသည်။ ထိုနည်းတူစွာပင် အာဆီယံ၏ စီးပွားရေးတိုးတက်မှုအဆင့်အတန်းသည်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံကွဲပြားလျက်ရှိသည်။ ထိုကဲ့သို့ စီးပွားရေးမတူကွဲပြားမှု (Economic Diversity)သည်လည်း အရှေ့တောင်အာရှဒေသ၏ အကြီးမားဆုံးအင်အားဖြစ်ကြောင်း တွေ့ရသည်။

ကုန်သွယ်မှုပေါင်းစည်းခြင်း (Trade Integration) မှဆက်လက်၍ စီးပွားရေး ပေါင်းစည်းခြင်း (Economic Integration)ကို အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ စီးပွားရေး တိုးတက်မှုအဆင့် ကွာခြားခြင်းနှင့် လုပ်ငန်းမျိုးစုံပါဝင်နေခြင်းက ၂၀၁၈ ခုနှစ် အာဆီယံစီးပွားရေးကို ပိုမိုတိုးတက်စေနိုင်သည်။ ထိုကဲ့သို့သော တိုးတက်မှုနှင့်အတူ မလေးရှားနှင့် စင်ကာပူကဲ့သို့သော နိုင်ငံများတွင် ငွေကြေးပေါ်လစီ (Monetary Policy)ပိုမိုတင်းကျပ်လာဖွယ်ရှိသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပြိုင်ဆိုင်မှုကိုရင်ဆိုင်ရန်၊ စိန်ခေါ်မှုများကို တုံ့ပြန်ရန်နှင့် အာဆီယံ၏စီးပွားရေး မတူကွဲပြားမှုပေါ်လွင်စေရန် ရေရှည်အတွက် အကောင်းဆုံးနည်းလမ်းမှာ စီးပွားရေးပေါင်းစည်းမှုကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

## အာဆီယံ အီလက်ထရောနစ်ဈေးကွက်

လက်ရှိအာဆီယံစီးပွားရေးကို တိုးတက်စေသော အင်ဂျင်စက်များ (Current Engines of Growth) အနက် အင်ဂျင်စက်တစ်ခုမှာ အီလက်ထရောနစ်ဈေးကွက် ဖြစ်သည်။ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့သည် အီလက်ထရောနစ်ထုတ်လုပ်ရောင်းချမှုကွင်းဆက် (Electronics Supply Chain) အတွင်း ပါဝင်ဆောင်ရွက်နေကြသည်။ မိမိတို့၏ ထုတ်လုပ်နိုင်စွမ်းအလိုက် စက်ပစ္စည်းအစိတ်အပိုင်းငယ်လေးများ (Chip Production)မှသည် ကုန်ချောတပ်ဆင်ထုတ်လုပ်မှု (Final Products Assembly)ထိ ဆောင်ရွက်ကြပါသည်။ ဥပမာအားဖြင့် စက်ပစ္စည်းအစိတ်အပိုင်းငယ်လေးများကို စင်ကာပူတွင် ထုတ်လုပ်ပြီး ဗီယက်နမ်နိုင်ငံတွင် ကုန်ချောတပ်ဆင်ထုတ်လုပ်ခြင်းကို တွေ့မြင်နိုင်သည်။

တရုတ်နိုင်ငံ၏ အီလက်ထရောနစ်ပစ္စည်း (Consumer Electronic Components)ဝယ်လိုအားသည် အာဆီယံ၏ လျှပ်ကူးပစ္စည်း (Semiconductor)ထုတ်လုပ်မှုကို တိုးတက်စေလျက်ရှိသည်။ ထိုအခြေအနေတွင် ဗီယက်နမ်သည် တောင်ကိုရီးယား အီလက်ထရောနစ်လုပ်ငန်းရှင်များအတွက် စက်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မှုကို သိသိသာသာ တိုးတက်ဆောင်ရွက်လျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံမှ LGကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံ Hai Phongမြို့တွင် စက်ရုံတည်ထောင်ထားပြီး တရုတ်စားသုံးသူများအတွက် OLED Screenများ ထုတ်လုပ်နေပါသည်။ ထို့အတူ Samsungကုမ္ပဏီသည်လည်း ဗီယက်နမ်နိုင်ငံ Hanoiမြို့အနီးတွင် ယင်း၏ဖုန်းတပ်ဆင်မှု ၅၀ ရာခိုင်နှုန်းကို ဆောင်ရွက်နေခဲ့ပါသည်။ ဤကဲ့သို့သော အာဆီယံ၏ ထုတ်လုပ်မှုတိုးခြင်းသည် တရုတ်နိုင်ငံ၏စီးပွားရေးပြန်လည် တိုးတက်ပြီး ဝယ်လိုအားတိုးလာခြင်းကြောင့် ဖြစ်သည်။ အထူးသဖြင့် ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အိမ်ခြံမြေဈေးကွက် ပြန်လည်ဦးမော့ပြီး ရင်းနှီးမြှုပ်နှံမှု သိသာစွာ တိုးတက်ခဲ့သောကြောင့်ဖြစ်ပါသည်။

အာဆီယံနိုင်ငံများသည် ယုတ်လျော့လျက်ရှိသော သဘာဝသယံဇာတထုတ်ယူတင်ပို့မှုအပေါ် မှီခိုအားထားမှု လျှော့ချနေကြပါသည်။ ဥပမာအားဖြင့် မလေးရှားနိုင်ငံသည် Downstream Industries တွင် အမြောက်အများ ရင်းနှီးမြှုပ်နှံလျက်ရှိပါသည်။ Downstream Industries ဆိုသည်မှာ ကုန်ကြမ်းမှကုန်ချောပစ္စည်း (Finished Product)ထုတ်လုပ်ခြင်းနှင့် အဆိုပါကုန်ချောပစ္စည်းများကို စီးပွားရေးလုပ်ငန်း၊ အစိုးရနှင့် စားသုံးသူများသို့ ရောင်း

ချသည့်ဖြစ်စဉ်ဖြစ်သည်။ အထူးသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် ဆက်လက်ကျဆင်းဖွယ် တွေ့ရှိရသောကြောင့် Downstream လုပ်ငန်းများကို ဦးစားပေးလာခြင်းဖြစ်သည်။ ထိုနည်းတူစွာပင် အင်ဒိုနီးရှား နိုင်ငံသည်လည်း ပြည်တွင်း သံသတ္တုတူးဖော်ရေးလုပ်ငန်းတွင် ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းထက် တန်ဖိုးမြှင့် ထုတ်လုပ်ခြင်း (Value-add) ကို ပိုမိုဦးစားပေးဆောင်ရွက်နေပါသည်။

## ဝန်ဆောင်မှုကဏ္ဍနှင့် ပုဂ္ဂလိကစားသုံးမှု

အာဆီယံ၏ အများဆုံးတင်ပို့လျက်ရှိသော ကုန်ပစ္စည်းများ (Commodity Exports)မှာ စားအုန်းဆီနှင့် ကျောက်မီးသွေးဖြစ်သည်။ အာဆီယံအနေဖြင့် စားအုန်းဆီနှင့် ကျောက်မီးသွေးကဲ့သို့သော ကုန်စည်များကို လျှော့ချတင်ပို့သွားမည်ဖြစ်သည်။ လက်ရှိအချိန်တွင် အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ ကျောက်မီးသွေး အမြောက်အများ တင်ပို့ရောင်းချလျက်ရှိသည်။ တရုတ်နိုင်ငံသည် ယင်း၏ သဘာဝပတ်ဝန်းကျင်ပေါ်လစီသစ်များ (New Environmental Policies)ကြောင့် ကျောက်မီးသွေးများကို ဝယ်ယူတင်သွင်းလျက်ရှိပါသည်။ လူဦးရေမြန်ဆန်စွာ တိုးတက်လျက်ရှိသော အိန္ဒိယနှင့် အာဖရိကတို့က စားအုန်းဆီကို ပိုမိုဝယ်ယူနိုင်သောကြောင့် ဖြစ်ပါသည်။ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့၏ စားအုန်းဆီထုတ်လုပ်မှုသည် ကမ္ဘာ့စုစုပေါင်း စားအုန်းဆီထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်း ရှိပါသည်။

အာဆီယံစားသုံးသူများကို လေ့လာရာ၌ ၂၀၁၇ ခုနှစ်တွင် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ကဲ့သို့သော နိုင်ငံများတွင် ပုဂ္ဂလိကစားသုံးမှု (Private Consumption)ကျဆင်းခဲ့ကြောင်း တွေ့ရသည်။ ထိုကဲ့သို့ကျဆင်းရခြင်းမှာ အင်ဒိုနီးရှားတွင် အခွန်တိုးမြှင့်ကောက်ခံခြင်းနှင့် အစိုးရ အသုံးစရိတ် လျှော့ချခြင်းကြောင့်လည်းကောင်း၊ ဖိလစ်ပိုင်တွင် ပြည်ပငွေလွှဲလုပ်ငန်း မတည်ငြိမ်မှုနှင့် လုပ်သားဈေးကွက် အပြောင်းအလဲကြောင့်လည်းကောင်း ဖြစ်ပါသည်။ ဤဖြစ်ရပ်များသည် ခဏပန်း သို့မဟုတ် ပေါ်ပင်ကိစ္စရပ်များ (Ephemeral Factors)ဖြစ်သောကြောင့် ၂၀၁၈ ခုနှစ်တွင် အဆိုပါကိစ္စရပ်များသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိကောင်းမွန်သွားနိုင်သည်။ ကာလရှည်တွင် ကောင်းမွန်သော မေခရိုစီးပွားရေးပေါ်လစီ (Conducive macro Policies) နှင့် လူဦးရေတိုးတက်မှု (Strong Population Growth)တို့ကြောင့် အာဆီယံ၏ စားသုံးသူဝယ်လိုအား ဆက်လက်မြင့်တက်နိုင်သည်။ ကာလတိုတွင်လည်း ရွေးကောက်ပွဲများရှိသောကြောင့် အသုံးစရိတ်များ မြင့်တက်နိုင်သည်။ ဥပမာအားဖြင့် ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် မလေးရှားနိုင်ငံ၏အထွေထွေရွေးကောက်ပွဲကြောင့် အခြေခံဝန်ဆောင်မှုလုပ်ငန်းများ (Breadand-butter Services) အပေါ် သုံးစွဲသည့်အသုံးစရိတ်များ ပိုမိုများပြားလာနိုင်သည်။

ပြည်သူသန်း ၉၀ ခန့်ဆန္ဒမဲပေးမည့် အင်ဒိုနီးရှားနိုင်ငံ၏ရွေးကောက်ပွဲများနှင့် သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများသည်လည်း ၂၀၁၈ ခုနှစ်၊ ဇွန်လနှင့် အောက်တိုဘာလတို့တွင် စတင်မည်ဖြစ်သည်။ ထို့ကြောင့် အစိုးရအသုံးစရိတ်များ မြင့်တက်လာဖွယ်ရှိပါသည်။

အာဆီယံ၏ ဝင်ငွေအများစုသည် ဝန်ဆောင်မှုကဏ္ဍမှ ရရှိခြင်းဖြစ်သောကြောင့် ဝန်ဆောင်မှုကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနေသည်။ အာဆီယံ၏ စက်မှုကုန်ချောထုတ်လုပ်မှု တိုးတက်ရုံမျှဖြင့် လုပ်သားဈေးကွက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပေ။ စက်မှုကုန်ချောထုတ်လုပ်မှု တိုးတက်ခြင်းနှင့်အတူ ဝန်ဆောင်မှုကဏ္ဍတိုးတက်ခြင်းနှင့် ပုဂ္ဂလိကစားသုံးမှုမြင့်မားခြင်းတို့ကြောင့် အာဆီယံဒေသ၏ ပို့ကုန်များ သိသိသာသာ တိုးတက်နေခြင်းဖြစ်ပါသည်။ စင်ကာပူ၏ စက်မှုကုန်ချောထုတ်လုပ်မှုကို ဥပမာအဖြစ် လေ့လာကြည့်ရှုနိုင်ပါသည်။ စင်ကာပူ၏ လျှပ်ကူးပစ္စည်းထုတ်လုပ်မှု (Semiconductor Production)သည် နိုင်ငံ GDPတိုးတက်မှု၏ ၅၀ ရာခိုင်နှုန်းရှိပါသည်။ သို့သော်လည်း ယင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရာတွင် စုစုပေါင်း လုပ်သားအင်အား၏ တစ်ရာခိုင်နှုန်းသာ သုံးစွဲပါသည်။ ထို့ကြောင့် ဝန်ဆောင်မှုကဏ္ဍနှင့် ပုဂ္ဂလိကစားသုံးမှု တိုးတက်ခြင်းက အလုပ်အကိုင်ရရှိမှုကိုများစွာ အထောက်အကူပြုကြောင်း တွေ့မြင်နိုင်သည်။

## တိုးတက်မှု၏ မောင်းနှင်အား

အရှေ့တောင်အာရှဒေသ တိုးတက်ရန်အတွက် ပို့ကုန်နှင့် ပုဂ္ဂလိက စားသုံးမှုတိုးတက်ခြင်းအပြင် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရန်လည်း လိုအပ်ပါသည်။ အထူးသဖြင့် အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံခြင်း (Publici-Investment in Infrastructure) သည် ဒေသအတွက် အရေးကြီးသော တိုးတက်မှု၏ မောင်းနှင်အား (Growth-Driver)ဖြစ်သည်။ ဤရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သော ငွေကြေးအများစုကို ဗဟိုအစိုးရဘတ်ဂျက်မှ ကျခံသုံးစွဲပါသည်။

တရုတ်အစိုးရက ကျခံသုံးစွဲ အကောင်အထည်ဖော်နေသော 'ရပ်ဝန်းနှင့်လမ်းအစီအစဉ်' (Belt and Road Initiative)သည်လာမည့် ၅ နှစ်အတွင်း အာဆီယံစီးပွားရေး အပေါ် ကောင်းကျိုးများ သက်ရောက်လာနိုင်ပါသည်။ အထူးသဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများသည် 'ရပ်ဝန်းနှင့် လမ်းအစီအစဉ်' ၏ ကောင်းကျိုးများကို ပိုမိုခံစားရဖွယ်ရှိသည်။ အဓိကအားဖြင့် ပိုက်လိုင်း၊ မီးရထားလမ်း၊ စွမ်းအင်ထုတ်လုပ်မှုစက်ရုံ (Energy Generation Plants)နှင့် ဆိပ်ကမ်း (Port Facilities)တည်ဆောက်ရေးစီမံကိန်းကြီးများတွင် ရင်းနှီးမြှုပ်နှံကြရမည် ဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် တရုတ်နိုင်ငံ၏ စက်မှုကုန်ကြမ်းပစ္စည်းများကို ဝယ်ယူရမည် ဖြစ်သောကြောင့် သက်ဆိုင်ရာ အာဆီယံနိုင်ငံအတွက် ကုန်သွယ်ရေး လိုငွေပြမှု ဖြစ်ပေါ်နိုင်သည်။ သို့သော်လည်း အာဆီယံ၏ လိုအပ်နေသော အခြေခံအဆောက်အအုံကို ဖြည့်ဆည်းရာ ရောက်သောကြောင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်ပါသည်။

## တင်းကျပ်သောငွေကြေးပေါ်လစီ

အာဆီယံ၏ ပြည်တွင်းဝယ်လိုအား (Domestic Demand)တိုးတက်လာသည်နှင့်အညီ လုပ်သားဈေးကွက်များသည်လည်း ပိုမိုကောင်းမွန်လာကြောင်း တွေ့ရသည်။ ဗဟိုဘဏ်များ၏ ဆောင်ရွက်ချက်ကြောင့် အာဆီယံစီးပွားရေး ပိုမိုတည်ငြိမ်ကျယ်ပြန့်လာသကဲ့သို့ ပြည်သူလူထု၏ ယုံကြည်မှုအညွှန်းကိန်းလည်း ကောင်းမွန်လာသည်။ ထို့ကြောင့် ဗဟိုဘဏ်များသည် ဖြေလျှော့ထားသော ငွေကြေးပေါ်လစီကို တဖြည်းဖြည်း ပြန်လည် တင်းကျပ်သွားမည် ဖြစ်သည်။ မလေးရှား၊ စင်ကာပူနှင့် ဖိလစ်ပိုင် ဗဟိုဘဏ်များသည် ၂၀၁၈ ခုနှစ် ပထမနှစ်ဝက်အတွင်းမှာပင် တင်းကျပ်သော ငွေကြေးပေါ်လစီ (Tightening monetary policy) ကို ချမှတ်ကျင့်သုံးနိုင်သည်။

## ဒေသဆိုင်ရာစိန်ခေါ်မှုများ

တရုတ်နိုင်ငံသည် အာဆီယံဒေသဆိုင်ရာ အခြေခံအဆောက်အအုံတည်ဆောက်ရာတွင် ငွေကြေး ထောက်ပံ့နိုင်သည့် အရေးပါသောနိုင်ငံဖြစ်ပါသည်။ သို့သော်လည်း တရုတ်၏စက်မှုအဆင့်မြှင့်တင်ခြင်း (Industrial upgrading) သည်အာဆီယံ၏ သမားရိုးကျ အီလက်ထရောနစ်လုပ်ငန်းနှင့် ထုတ်လုပ်ရောင်းချမှု ကွင်းဆက်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ တရုတ်နိုင်ငံ၏ လျှပ်ကူးပစ္စည်းထုတ်လုပ်မှုအတွက် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံ ရင်းနှီးမြှုပ်နှံသည့် စီမံကိန်းသည် အာဆီယံနိုင်ငံများအတွက် အခက်အခဲဖြစ်စေပါမည်။

ထို့ကြောင့် အာဆီယံသည် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း (High-end manufacturing)၊ ပိုမို ပူးပေါင်းခြင်း၊ ဒေသတစ်ဝန်းရှိ ထုတ်လုပ်မှုဗဟိုဌာနများ (Production Centres) ကို ထိန်းထားခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နယ်စပ်ဖြတ်ကျော်ဝန်ဆောင်မှုဆိုင်ရာ အဟန့်အတားများ ထပ်မံလျှော့ချခြင်းတို့ကို ဆောင်ရွက်ရပါမည်။ ဤသို့ဆောင်ရွက်ခြင်းသည်သာအာဆီယံ၏ ယှဉ်ပြိုင်အားသာချက် (Competitive Advantage)ကို ထိန်းထားနိုင်ပြီး ရေရှည်တိုးတက်နိုင်မည့် နည်းလမ်းဖြစ်ပါသည်။ အထူးသဖြင့် AEC အရ စီးပွားရေးပေါင်းစည်းမှုကို မြန်မြန်နှင့် နက်နက်နဲနဲ ဆောင်ရွက်မှသာလျှင် အာဆီယံ၏ အလားအလာကောင်းများကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

Source: CNA/sl



# ဖက်ဒရယ်စီးပွားရေးအမြင်

| ဒေါက်တာညီညီမောင် |

## မိတ်ဆက်

ဦးစွာတင်ပြလိုသည်မှာ ဤဆောင်းပါးကို ရေးသားမိခြင်း အကြောင်းရင်းပါ။ နေပြည်တော်တွင် တာဝန်စတင်ထမ်းဆောင်ရသည့် အချိန်တွင် လမ်းဘေးထောင်ထားသော ဆိုင်းဘုတ်တစ်ခုကို မှတ်မှတ်ထင်ထင် သတိထားလိုက်မိသည်မှာ ပင်လုံဖြင့်လွတ်လပ်ရေး ရခဲ့သည်။ ၂၁ ရာစုပင်လုံဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်မည်။ စသည်ဆောင်ပုဒ်ပင်ဖြစ်ရာ ဖက်ဒရယ်အမြင်၊ ဖက်ဒရယ် နိုင်ငံရေး၊ ဖက်ဒရယ် ပြည်ထောင်စု၊ ဖက်ဒရယ် စီးပွားရေးစသည့်အတွေးပေါင်းများစွာ ချဲ့ထွင်လျက် ဦးနှောက်တွင် အစီအရီပေါ်လာမိသည်။ ဤဆောင်းပါးဖော်ပြချက်များအပေါ်တွင် သဘောထား မတိုက်ဆိုင်သည်များ ရှိကောင်းရှိမည် မှန်သော်လည်း စာရေးသူ၏ ပြည်သူတစ်ယောက် အနေဖြင့်လွတ်လပ်စွာ နိုင်ငံတော်အကျိုးရှိစိမ့်သောငှာ ရည်သန်လျက် ရေးသားလိုက်ရ ခြင်းဖြစ်ပါသည်။

## နိဒါန်း

ဒီမိုကရေစီကိုအခြေပြုလျက် ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တစ်ခုကိုအောင်မြင်စွာ တည်ထောင်ရာတွင် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ရှေးရှုလျက် ပြည်နယ်နှင့် တိုင်းဒေသကြီး များအတွင်း အကြားအလပ်မရှိ ဖွံ့ဖြိုးမှုမကျန်ရစ်ဖို့ရန်မှာ နိုင်ငံတော်အစိုးရမှ ဦးတည်သွား နေသော နိုင်ငံရေးလမ်း ကြောင်းပေါ်တွင် မူတည်နေသကဲ့သို့ ယင်းကိုအကောင် အထည်ဖော်ဆောင်မှု၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ခွင့်ပြု ထားမှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပေါ်တွင် များစွာ တည်မှီနေပေမည်။

ဤဆောင်းပါးကိုရေးသားရာတွင် အကယ်၍သာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီသို့ ချီတက်သည့် ခရီးလမ်းတစ်လျှောက် နိုင်ငံတော်မှ ကြိုးပမ်းမှုတွင် တစ်ဖက် တစ်လမ်းမှ ဖက်ဒရယ် စီးပွားရေး အမြင်တချို့နှင့် ဖြစ်ပေါ် သင့်သော၊ ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်၊ မိမိဒေသ ဖွံ့ဖြိုးမှုအတွက် စီးပွားရေးဆိုင်ရာပေါ်လစီများ ချမှတ်ရာ တွင် အထောက်အကူပြုစေရန်အလို့ငှာ ဉာဏ်မှီသလောက် တင်ပြလိုက်ရခြင်းသာဖြစ်ပါသည်။

## ဖက်ဒရယ်စီးပွားရေးအမြင်

မြန်မာ့လွတ်လပ်ရေးရရှိရန်အတွက် အရေးပါ သော အောင်ဆန်း-အက်တလီ၊ ပင်လုံစာချုပ်၊ နု-အက်တလီ စာချုပ်များဖြင့် နိုင်ငံစည်းလုံးညီညွတ်မှုကို အခြေခံလျက် အောင်ပန်းဆင်နိုင်ခဲ့ကြပြီးဖြစ်သည်။ လွတ်လပ်ရေးနှင့် အတူ ယနေ့အချိန်ထိ ငြိမ်းသတ်ရန် ကြိုးစားနေဆဲ ပြည်တွင်း စစ်မီးကို အဆုံးသတ် နိဂုံးတန်စေမည့် တစ်ခုတည်းသော နည်းလမ်းကို ရှာဖွေကြရန်လည်း အစိုးရအဆက်ဆက် ခြေဆန့်ရှာဖွေခဲ့ကြသည်ကိုလည်း တွေ့ရှိရပေမည်။

ဒီမိုကရေစီဖက်ဒရယ်နိုင်ငံရေးစနစ်တစ်ခုကို ထူ ထောင်လျက် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ခွင့်ပြုထားသည့် လမ်းကြောင်းများမှ ချဉ်းကပ်လျက် ယနေ့လက်တွေ့ကျသော နိုင်ငံရေးခရီးဖြင့် ဆက်လက် ငြိမ်းချမ်းသော ပြည်ထောင်စု ကို ဦးတည်နေသည့်အချိန်လည်းဖြစ်ပေရာ လက်ရှိ အောင် မြင်နေသော ဒီမိုကရေစီဖက်ဒရယ်နိုင်ငံကြီးများအား စံထား ကာ မြန်မာပြည်နှင့် တော်သင့်မျှတသော ဖက်ဒရယ် စီးပွား ရေးကို တည်ထောင်နိုင်မည်ဆိုက မည်သည့်နိုင်ငံနှင့်မျှ မတူသော ဖက်ဒရယ်ပြည်ထောင်စုတစ်ခုအဖြစ် ဖြစ်ထွန်း ပေါ်ပေါက်လာမည်လည်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်လျှင် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်ခဲ့သော နိုင်ငံ့အစိုးရ အုပ်ချုပ်သူများအနေဖြင့် အုပ်ချုပ်မှုတွင် မိမိတို့ပထဝီဝင် နိုင်ငံရေးနှင့် ပထဝီဝင် စီးပွားရေးကို အခြေပြုလျက် ပြည်သူ့ အကျိုးရှေးရှု ထူထောင်ခဲ့ကြမြဖြစ်သည်ကို လေ့လာ တွေ့ရှိ နိုင်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို ထူထောင်ရာတွင် နိုင်ငံ၏ ပထဝီဝင်အနေအထား၊ ပြည်သူ လိုအပ်ချက်၊ ကမ္ဘာ့ဈေးကွက်လိုအင်၊ မိမိနိုင်ငံမှ ဈေးကွက် လိုအပ်ချက်အပေါ် မည်သည့်ကဏ္ဍက ပါဝင်ဖြည့်တင်းပေး မည် စသည့် စနစ်တကျ ရေးဆွဲထားသော စီမံချက်/စီမံကိန်း များအလိုက် နှစ်စဉ်လိုအပ်ချက်/လိုလားချက်များကို ဖြည့် ဆည်းလုပ်ဆောင်သွားကြသည်ကိုလည်း တွေ့ရှိရပေမည်။

ထိုသို့ဆိုလျှင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အဘယ့်ကြောင့် မြန်မာနိုင်ငံတွင် ကျင့်သုံးသင့်သနည်း မေးခွန်းအား လွယ်ကူစွာ အဖြေပေးမည်ဆိုပါက ဉာဏ်မှီ သလောက် အဖြေရှာကြည့်ရလျှင် မိမိတို့ပြည်နယ်/တိုင်း ဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုသည် မိမိတို့ကိုယ်ပိုင် အုပ်ချုပ် ခွင့်နှင့် မိမိတို့ဒေသစီးပွားရေးကို မိမိတို့ဖန်တီးနိုင်ခွင့်ရှိမှသာ ဒီမိုကရေစီစံနှုန်းများ အသက်ဝင်လျက် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုး မှု ညီမျှလာနိုင်မည်လည်းဖြစ်သည်။

ဖက်ဒရယ်သည် ခွဲထွက်ခြင်းမဟုတ်ဘဲ မတူညီမှု များကို တူညီသောပန်းတိုင်တစ်ခုအဖြစ် ချီတက်နိုင်ရန် အတွက် ပြည်ထောင်စုတစ်ဝန်း တစ်ပြေးညီတိုးတက်ဖွံ့ဖြိုးစေ ရန် တတ်နိုင်သည့်ဘက်မှ တစ်စိတ်တစ်ပိုင်း ပံ့ပိုးထောက်ပံ့ လျက် ရှေ့ခရီးကိုဆက်ကာ နိုင်ငံတကာအလယ်တွင် နောက် ကျမကျန်ရစ်စေမည့် နည်းလမ်းတစ်ခုအဖြစ် ရှုမြင်လျက်

ယနေ့မြန်မာနိုင်ငံအနေအထားအရ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုခရီးသည် တော်သင့်မှန်ကန်မည်ဟု ယူဆကြသည့် နိုင်ငံရေးနှင့် စီးပွားရေးပညာရှင်အများစုမှ လက်ခံထားကြသည်ကိုလည်း ဆန်းစစ်သိနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာလျှင် ဦးဆောင်သည့် အစိုးရ၏ပြတ်သားသော မူဝါဒ၊ သဘောတရားများ၊ ပြည်နယ်/တိုင်းဒေသကြီးများ အပေါ် အုပ်ချုပ်မှု၊ လုပ်ပိုင်ခွင့်အာဏာပေးအပ်မှု၊ သယံဇာတခွဲဝေသုံးစွဲမှု၊ အကျိုးအမြတ်ခွဲဝေမှုများပေါ်တွင် မူတည်နေသည်ကိုလည်း တွေ့ရမည်။ ထို့အတူ အကောင်အထည်ဖော်သူတို့၏ ထက်သန်သည့် သတိဝိရိယ၊ ပြည်သူ့အကျိုးရှေးရှုမှု၊ နိုင်ငံအကျိုးဆောင်ရွက်မှုအပေါ်တွင် များစွာတည်နေပြန်သည်။ ဆိုလိုသည်မှာ နိုင်ငံရေးစနစ်သည် လက်တွေ့ဘဝတွင် အကျိုးရှိချင်မှရှိနိုင်မည်ဖြစ်ပြီး ဦးဆောင်သည့် နိုင်ငံ့အစိုးရများ၏ အမြင်သဘောထားနှင့် ပြတ်သားသည့် နိုင်ငံရေး/စီးပွားရေး မူဝါဒများတွင် များစွာ မူတည်နေသည်မှာ ကမ္ဘာပေါ်ရှိလက်တွေ့စီးပွားရေးခိုင်မာနေသည့် နိုင်ငံများသည် အကောင်းဆုံးသော သာဓကေများအဖြစ် ညွှန်ပြနေသည်။ သို့ရာတွင် မိမိနိုင်ငံ၏ လူဦးရေ၊ အသက်မွေးဝမ်းကြောင်းမှု၊ ပြည်သူတို့၏လက်ခံနိုင်မှု/လုပ်ဆောင်နိုင်မှုစွမ်းရည်၊ နိုင်ငံ၏ တည်ငြိမ်သည့် နိုင်ငံရေး/စီးပွားရေးများနှင့် အံဝင်သည့် နိုင်ငံရေးစနစ်အခြေခံသည့် စီးပွားရေးမူဝါဒသည်သာ အဓိကဖြစ်သည်ကို မေ့မထားသင့်ပေ။

## အိမ်နီးချင်းနိုင်ငံအချို့၏ ဖက်ဒရယ်စီးပွားရေးကျင့်သုံးပုံအချို့

အထက်တွင် တင်ပြထားသည့်အတိုင်း နိုင်ငံအတွင်းရှိဒေသမရွေး အကြားအလပ်မရှိတစ်ပြေးညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ထိုတိုင်းဒေသကြီး/ပြည်နယ် အစိုးရများအနေဖြင့် ပြည်သူလူထုဘဝများ အမှန် တကယ်တိုးတက်လာနိုင်စေရန်မှာ ဖက်ဒရယ်မူအရ စနစ်တကျ ချမှတ်ပြဋ္ဌာန်းထားသော မူဝါဒလမ်းစဉ်များ အပါအဝင် ပြည်ထောင်စုနှင့် အကျိုးအမြတ်ခွဲဝေမှု၊ နိုင်ငံတော်အတွက် မျှဝေခံစားနိုင်မှု မူဝါဒများကို ပြဋ္ဌာန်း လိုက်နာလျက် ကိုယ်တိုင်ဖြစ်တည်မှု ပြဋ္ဌာန်းနိုင်ခွင့်နှင့် ကိုယ်တိုင်ဒေသနှင့် လိုက်လျောညီထွေကိုက်ညီသော စီးပွားရေးမူဘောင်များ နှစ်ရှည်ချမှတ်ပိုင်ခွင့်တို့ကို အသုံးချ၍ တည်ရှိသော အခွင့်အာဏာသည်ပင်ဒေသများ တစ်ပြေးညီ တိုးတက်မှုကို အကောင်အထည်ဖော်နိုင်မည့်အပြင် လိုအပ်ချက်များကို ပြည်ထောင်စု ရန်ပုံငွေ သို့မဟုတ် ဘတ်ဂျက်မှ မျှဝေခံစားနိုင်ခွင့်စသည်တို့သည် နိုင်ငံတစ် နိုင်ငံ၏ တိုးတက်ဖြစ်ထွန်းမှုအတွက် ထိရောက်သော အရေးပါမှုအဖြစ် ဖြစ်ပေါ်စေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထိုသို့ ဖြစ်ထွန်းမှုများကို လေ့လာကြည့်လျှင် နိုင်ငံတော် အစိုးရများ၏ လုပ်ပိုင်ခွင့်အခြေခံမှုများ အောက်တွင် တိုင်းဒေသကြီး/ပြည်နယ်များအား ပြတ်သားသော လုပ်ပိုင်ခွင့်များ ပေးအပ်ထားသည်ကို တွေ့ရှိရမည်ဖြစ်ပြီး နိုင်ငံတော်မှ ကျင့်သုံးနေသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် မမှီတည် အနေအထားတစ်ရပ်ကိုလည်း နိုင်ငံတကာမျက်နှာစာတွင် တည်ရှိနေသည်ကို တွေ့ရှိရပေသည်။ နိုင်ငံရေးလမ်းကြောင်း ဆိုရာတွင် တည်ငြိမ်သော၊ ငြိမ်းချမ်းသော နိုင်ငံရေးတို့မရှိ ဘဲ စီးပွားရေး ဖြစ်ထွန်းမှုသည့် ထိရောက်စွာအကျိုးရှိနိုင်မည် မဟုတ်သည်ကိုလည်း တွေ့ရှိကြရပေမည်။

ရေမြေထိစပ်လျက်ရှိသော အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကြည့်မည်ဆိုပါက ကွန်မြူနစ်စနစ် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသော်လည်း နိုင်ငံရေးစနစ်အရသာ တင်းကြပ်သောစည်းကမ်းများ ချမှတ်ထားလင့်ကစား စီးပွားရေးမူဝါဒနှင့် ပြည်နယ် အုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်ရာတွင် ဗဟိုမှ လိုအပ်သည်များကို ထိန်းမတ်ထားသည့် သဘောသာရှိပြီး ပြည်နယ် အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများတွင် ကိုယ်တိုင်ဆုံးဖြတ် လုပ်ကိုင်ခွင့်ကို ချထားပေးပြီး မိမိပြည်နယ် တိုးတက်ရေးအတွက် ဗဟိုအစိုးရ၏ အထောက်အကူ ရယူလျက် အပြည့်အဝ လုပ်ကိုင်ခွင့်ပေးထားသည့်အတွက် ကုန်းတွင်းပိတ်ပြည်နယ်များရှိ လင့်ကစား ဖွံ့ဖြိုးပြီးဒေသများနည်းတူ အနည်းဆုံး တည်ဆောက်ပြုပြင်မှုနှင့် တိုးတက်ဖြစ်ထွန်းမှု အခြေခံအဆောက်အဦတိုးတက်မှုအပိုင်းတွင် အုတ်မြစ်

ခိုင်မာပြီး ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ် သည်။ ထိုနည်းတူစွာ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးမူဝါဒလမ်းကြောင်းသည် လည်း တရုတ်နိုင်ငံကဲ့သို့ ကျင့်သုံးကြောင်း အထင်အရှား တွေ့မြင်ရပေမည်။ ထို့အတူ ထိုင်းနိုင်ငံ၏ စီးပွားရေး လမ်းကြောင်းသည် နိုင်ငံရေးအရ ဒီမိုကရေစီဖြစ်သော်လည်း နိုင်ငံရေးတည်ငြိမ်စဉ်က တိုးတက် ဖြစ်ထွန်းမှုနှင့် မကြာ ခဏ အာဏာသိမ်းမှု၊ အစိုးရအပြောင်းအလဲဖြစ်ပေါ်မှုများ သည် ထိုင်းနိုင်ငံ၏စီးပွားရေးကို ဆုတ်ယုတ်စေသည်မှာ အထင်အရှားပင်ဖြစ်သည်။ လာအိုနိုင်ငံသည် ကုန်းတွင်း ပိတ်နိုင်ငံဖြစ်ပြီး တစ်ချိန်က မြန်မာနိုင်ငံမှပင် ဆည်များ ဆောက်လုပ်ပေးရခြင်း စသည်များဖြင့် ကူညီပေးဖူးခဲ့သည် ကိုမှတ်မိကြမည်ထင်ပါသည်။ ယခုအခါ မြန်မာနိုင်ငံမှသည် လျှပ်စစ်ဝယ်ယူရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ခဲ့သည်ကို တွေ့ရှိရပေမည်။

ဆိုလိုသည်မှာ ဖက်ဒရယ်သည် နိုင်ငံမှ ခွဲထွက် ခြင်းမဟုတ်ဘဲ နိုင်ငံတော်တိုးတက်မှုအတွက် အလျင်မြန်ဆုံး ပံ့ပိုးပေးမည့်မူတစ်ခုအဖြစ် ရှုမြင်နိုင်ရန်လည်း အရေးကြီး လှပေသည်။ ထိုသို့ဆိုလျှင် အမိမြန်မာပြည်၏ ဒီမိုကရေစီ ဖက်ဒရယ်လမ်းကြောင်းသည် မည်မျှအရေးကြီးနေသည်ကို သုံးသပ်နိုင်မည်ဟု မျှော်လင့်မိပါသည်။

## ဖက်ဒရယ်ပြည်ထောင်စုတစ်ခု၏ စီးပွားရေးအခွင့်အလမ်း များ ဖန်တီးခြင်း

တည်ငြိမ်သော ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးခရီး အောက်တွင် ရှင်သန်ခိုင်မာသော စီးပွားရေး မူဝါဒများချမှတ် ရာတွင် ဗဟိုချုပ်ကိုင်မှုများလျှော့ချလျက် ဗဟို၏ လမ်းပြ မြေပုံအပေါ်တွင် လက်တွေ့အကောင်အထည်ဖော်ရမည့် မိမိဒေသပထဝီဝင်အနေအထားနှင့် ကိုက်ညီသည့် ဒေသ စီးပွားဖွံ့ဖြိုးမှု ဖော်ဆောင်လာနိုင်ရေးမူဝါဒများ ချမှတ် နိုင်ခွင့်သည် ဖက်ဒရယ်စီးပွားရေး၏ အနှစ်သာရတစ်ခုဟု ဆိုနိုင်ပေသည်။ ဤအပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည် နယ်များ၏ လက်ရှိ တည်ရှိနေသော အခြေခံအဆောက်အဦ များနှင့် ရေမြေသဘာဝကို မှီတည်လျက် ခိုင်မာသော စီးပွား



ရေးဝန်းကျင်ကောင်း ဖန်တီးနိုင်စေရန် မူဝါဒများချမှတ် ဖော်ဆောင်ရာတွင် အထောက်အကူ ဖြစ်စေမည့် စီးပွားရေး အမြင်အချို့ကို တင်ပြလိုပါသည်။ ဥပမာအားဖြင့် ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည် နယ်နှင့် ရခိုင်ပြည်နယ်တို့၏ အနေအထားများကို တင်ပြလို ပါသည်။ ဤတင်ပြချက်များအပေါ် ဝိဝါဒ ကွဲပြားနိုင်ပါ သည်။ စာရေးသူ၏ သီးသန့်ယူဆချက်များသာဖြစ်ပါကြောင်း ဦးစွာ တင်ပြလိုပါသည်။ မတင်ပြမီ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး အဆောက်အဦကောင်းတည်ဆောက်ရာတွင် ဝန်ဆောင်မှု Service (S)၊ ထုတ်လုပ်မှု (စက်မှုလက်မှုလုပ် ငန်း) Industrial (I)၊ စိုက်ပျိုးရေးအခြေခံလုပ်ငန်းများ Agriculture (A) စသည်ဖြင့် SIA သို့မဟုတ် ASIဟူသော စီးပွားရေးစနစ်များဖြင့် မိမိဒေသ၏ နိုင်ငံရေးပထဝီဝင်နှင့် ပထဝီဝင် စီးပွားရေးကို တွက်ဆလျက် အကောင်အထည် ဖော်နိုင်မှု၊ မှန်ကန်သောစီးပွားရေး မူဝါဒရွေးချယ်နိုင်မှုနှင့် ဖြစ်ထွန်းတိုးတက်အောင် အကောင်အထည်ဖော်မှုများ ပေါ်တွင် မူတည်လျက် စီးပွားရေးမူဝါဒများ အကောင် အထည် ဖော်ဆောင်ခွင့်ပြုကြရသည်ကို စီးပွားရေးပညာရှင် အများစုက လက်ခံထားကြပြီးဖြစ်သည်။

အထင်ရှားဆုံး အာရှကျားတစ်ကောင်အဖြစ် ကမ္ဘာ့အလယ်တွင် တံငါရွာမှအခြေပြုလျက် ဒေသအကျိုး စီးပွားကို ဖြစ်ထွန်းစေနိုင်ခဲ့သော စင်ကာပူနိုင်ငံသည် အကောင်းဆုံး စံပြနိုင်ငံအဖြစ် ယနေ့တိုင် တည်တံ့လျက်

ရှိနေသည်။ ယင်း၏ စီးပွားရေးအသွင်သဏ္ဌာန်ကို ကြည့်လျှင် ဝန်ဆောင်မှု (S) ကို အဓိကအခြေပြုလျက် ထုတ်လုပ်မှု (I) ပေါင်းစပ်လျက် နိုင်ငံကို ဦးဆောင်မှုကောင်း အောက်တွင် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့သည်။

မတူကွဲပြားသောလူမျိုးများနှင့် မိမိတို့ဒေသအလိုက် ဖြစ်တည်မှုနှင့် အုပ်ချုပ်မှု အခြေခံလျက် ပြည်ထောင်စုအစိုးရ၏ လမ်းပြမှုအောက်တွင် အကယ်၍ ဒီမိုကရေစီဖက်ဒရယ်ခရီးကို အမိမြန်မာပြည်အနေဖြင့် တည်ငြိမ်သော နိုင်ငံရေးအောက်တွင်သာ ခရီးနှင်နိုင်မည်ဆိုပါလျှင် မည်မျှ တိုးတက်လာနိုင်မည်နည်း၊ မည်မျှ ခရီးတွင်နိုင်မည်ဆိုသည်ကို စာရေးသူအနေဖြင့် တင်ပြ ရန်မလိုလောက်အောင် ပြည့်စုံစွာ သိထားပြီးဖြစ်မည်ဟု ယုံကြည်မိပါသည်။

အကယ်၍ ဖက်ဒရယ်ခရီးအောက်တွင်သာ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် စီးပွားရေး တိုးတက်မှုအကောင်အထည်ဖော်ဆောင်နိုင်ခြေတွင် SIA(ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ စိုက်ပျိုးထုတ်လုပ်မှု) စနစ်သည် တည်ရှိဆဲ အခြေခံအဆောက်အဦနှင့် ပထဝီဝင်အနေအထားတို့သည် အားသာချက်တစ်ခုအဖြစ် တည်ရှိနေသည်။ သို့ရာတွင် ဧရာဝတီတိုင်းဒေသကြီး၏ ပထဝီဝင် အနေအထားကိုအခြေပြု၍ စီးပွားရေးမူဝါဒချမှတ်မည်ဆိုက စိုက်ပျိုးရေး အခြေခံသော ထုတ်လုပ်မှု၊ စက်မှုလက်မှုလုပ်ငန်းအခြေခံသော ထုတ်လုပ်မှုကဏ္ဍ တိုးချဲ့သောစနစ် AIS ဖြင့် ခရီးနှင်က ပိုမို ထိရောက်မည်ဖြစ်သည်။

ထိုနည်းတူစွာ ကရင်ပြည်နယ်ကိုကြည့်လျှင် လက်ရှိတည်ရှိသော အခြေခံအဆောက်အဦနှင့် ပထဝီဝင်အနေအထားအရ စက်မှုလက်မှု(ထုတ်လုပ်မှု) ကိုအခြေပြု၍ ခရီးနှင်မည်ဆိုပါက ခရီးတွင်နိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ (IAS)စနစ် ဖြင့်ခရီးနှင်ခြင်းကိုဆိုလိုသည်။ သို့ရာတွင် ရခိုင်ပြည်နယ်၏ ပထဝီဝင်အနေအထားကပေးသော အခြေခံအရ SAI ဖြင့် ခရီးနှင်မည်ဆိုပါက ပိုမိုခရီးတွင်နိုင်မည်လည်း ဖြစ်သည်။

အထက်ဖော်ပြပါ တင်ပြချက်များသည် ဖက်ဒရယ်စနစ်အောက်တွင် ရှင်သန်နိုင်ခွင့်ရလာချိန်တွင် ဆက်လက် ချမှတ်အကောင်အထည်ဖော်သင့်သည်များကို တင်ပြခြင်းသာ ဖြစ်ပါသည်။

## နိဂုံး

ဤဆောင်းပါးတွင် စာရေးသူအနေဖြင့် အဓိကတင်ပြလိုသောအချက်မှာ ဖက်ဒရယ်စီးပွာရေးကို အကောင်အထည်ဖော်နိုင်ရေးသည် နိုင်ငံ၏အကျိုးစီးပွားအတွက် များစွာ အကျိုးများ၍ တိုးတက်မှုအလားအလာကောင်းများစွာ ဖန်တီးနိုင်မည်ဖြစ်သည်ကို ယုံကြည်မှုကို မျှဝေတင်ပြလိုခြင်းဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံရေးလမ်းကြောင်းသည် မည်သည့် စနစ်အောက်တွင် ရှင်သန်သည်ဖြစ်စေကာမူ ပြည်ထောင်စုအတွင်းရှိ ဒေသတစ်ခုခြင်းအနေဖြင့် ခွဲထွက်၊ ကွဲထွက်ခြင်းမဟုတ်ဘဲ ပြည်ထောင်စုမှ ချမှတ်သော လမ်းစဉ်များကို မိမိတို့ဒေသအနေအထားဖြင့် ကိုက်ညီသည့် စီးပွားရေးမူဝါဒ လမ်းစဉ်များ ချမှတ်အကောင်အထည်ဖော်မှု ထိရောက်စေမှုရှိသည်ကို ပိုမိုမြင်သာနိုင်စေရန် အဓိက ရည်ရွယ်တင်ပြရခြင်းလည်းဖြစ်ပါသည်။

ဖက်ဒရယ်ခရီးမနှင်နိုင်သည့်ကာလများတွင်မူ ပြည်ထောင်စုမှ ချမှတ်သောစီးပွားရေး မူဝါဒအပေါ်တွင်သာ အခြေခံ အကောင်အထည်ဖော်ဆောင်ရခြင်းဖြစ်သည့်အတွက် မိမိဒေသ၏ နိုင်ငံရေးပထဝီဝင်နှင့် ပထဝီဝင်စီးပွားရေး အနေအထား၊ အခြေခံအဆောက်အဦ တည်ရှိမှု အနေအထားတို့ကြောင့် အကောင်အထည်ဖော်ဆောင်ရာတွင် အလုပ်များစွာဖြစ်ရန် နှေးကွေးမှုများနှင့် ခက်ခဲမှုများရှိနေမည်ဖြစ်သည်။

မတူကွဲပြားသော ပထဝီဝင်အနေအထားများ၊ လူမျိုးများ၊ အခြေခံအဆောက်အဦ အနေအထားတို့ဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနာဂတ်ရောင်ခြည်သည် ယနေ့နိုင်ငံတော်မှ ဦးတည်နေသော ဒီမိုကရေစီဖက်ဒရယ်စနစ်အောက်တွင်သာ အလျင်အမြန် စီးပွားတက်လျက် လရောင်ဖြာနိုင်မည် ဖြစ်ပါကြောင်းကို မမိုတ်မသုန် ယုံကြည်မိပါတော့သည်။



# ဖွံ့ဖြိုးမှုနည်းလမ်းများအား လေ့လာသုံးသပ်ရာဝယ်

ဒေါက်တာပင်လုံအေး

မြန်မာနိုင်ငံ၏ လူဦးရေ ၅၁.၅ သန်း၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကာ ထိုပမာဏ၏ ၃ ပုံ ၂ ပုံသည် လယ်ယာ၊ ကိုင်းကျွန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပါသည်။ နိုင်ငံ၏အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးနှင့် သယံဇာတ ထုတ်ယူသုံးစွဲရေးတွင်သာ မှီတည်ရသော်လည်း နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အလုပ်သမားများ၏ ထုတ်လုပ်နိုင်မှု စွမ်းအားသည် ဒေသတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နိမ့်ကျလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံ၏စီးပွားရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလေး ထားဆောင်ရွက်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရှင်များ၏ လေ့လာဆန်းစစ်မှုများအရ ယေဘုယျအားဖြင့် စိုက်ပျိုးရေးကဏ္ဍ ပထမ ဦးစားပေး ဆောင်ရွက်ရန် မဟာဗျူဟာ Agricultural First strategy၊ ဖားခုန်ပုံစံမဟာ ဗျူဟာ Leap frogging နှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖက်စပ်ပုံစံ မဟာဗျူဟာ Joint Development Strategy စသော မဟာဗျူဟာပုံစံ (၃) မျိုးအား ဆွေးနွေးကြပါသည်။

ပထမ ဦးစားပေး မဟာဗျူဟာမှာ စိုက်ပျိုးရေးကဏ္ဍအား ဦးစွာဖွံ့ဖြိုး တိုးတက် ရန် ဆောင်ရွက်၍ စိုက်ပျိုးရေးမှ ငွေအရင်းအမြစ်အား စက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် ဖြစ်သည်။ ဖားခုန်ပုံစံ မဟာဗျူဟာမှာ နိုင်ငံတွင်းရှိ အလုပ်သမားအင်အားကိုရယူ၍ အထည်ချုပ်လုပ်ငန်းကဲ့သို့သော ကုန်ထုတ်လုပ်မှုအား အရှိန်မြှင့်တင်ကာ ငွေကြေးအရင်း အမြစ်နှင့် အသိဉာဏ် အခြေပြု စက်မှုလုပ်ငန်းများသို့ ကူးပြောင်းရေးဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖက်စပ်ပုံစံ မဟာဗျူဟာ စသောပုံစံမှာ စိုက်ပျိုးရေးကဏ္ဍအား ဖွံ့ဖြိုးတိုးတက် ရန် တစ်ပြိုင်နက်တည်း ဆောင်ရွက်၍ တစ်ပြိုင်နက်မှပင် ဖားခုန်ပုံစံ မဟာဗျူဟာဖြစ်သော အလုပ်သမား အင်အားကို ရယူပြီး ကုန်ထုတ်လုပ်မှုအား အရှိန်မြှင့်တင်ကာ မဟာဗျူဟာ နှစ်ရပ်၏ ပေါင်းစည်း အင်အားကို ရယူ၍ အခြားဖွံ့ဖြိုး တိုးတက်မှုများအား အလေးထား ဆောင်ရွက်သည့် ဗျူဟာပုံစံဖြစ်သည်။ မြန်မာ နိုင်ငံ၏ လက်ရှိအခြေအနေပေါ် မူတည်၍−

## စိုက်ပျိုးရေးကဏ္ဍ ပထမ ဦးစားပေး ဆောင်ရွက်ရန် မဟာဗျူဟာအား သုံးသပ်ရာတွင်

မိမိတို့နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍတွင် မြေယာ ကဏ္ဍပြုပြင်ပြောင်းလဲမှု၊ စိုက်ပျိုးသီးနှံရွေးချယ်မှု၊ ဈေးကွက်ဝင်ရေးနှင့် ဈေးနှုန်း သတ်မှတ်နိုင်ရေး၊ လယ်ယာ ထွက်ကုန် တန်ဖိုးကွင်းဆက်၊ စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် အဓိကသွင်းအားစုများနှင့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် ဝန်ဆောင်မှု တိုးချဲ့ဆောင်ရွက် ခြင်းများတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ အဆိုပါစိန်ခေါ်မှုများအား လေ့လာရာတွင်−

## မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍

ဆင်းရဲမွဲတေမှု၊ စီးပွားရေး အခွင့်အလမ်းများအား နည်းမှု၊ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်းနှင့် အလုပ်လက်မဲ့ ဦးရေ တိုးပွားမှုနှုန်း မြင့်မားခဲ့မှုတို့ကြောင့် လယ်သမားများ အနေဖြင့် မြို့ပြများသို့ ရွှေ့ပြောင်းမှုများ ပြုလုပ်ကြသော ကြောင့် အာမခံချက် ပေးနိုင်သည့် တရားမျှတမှုရှိသော မြေယာဥပဒေအား ထုတ်ပြန်သင့်ပါသည်။

ထို့ပြင် အလုံးစုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူ ဗဟိုပြုဖွံ့ဖြိုး တိုးတက်စေရေးအတွက် နိုင်ငံတော် အနေဖြင့် မြေယာများအား ဈေးကောင်းပေး ဝယ်ယူသူများထက် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်သူများအား မြေယာပိုင် ဆိုင်မှုနှင့် စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက် သင့်ပါသည်။ မြေယာပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ အခြေအနေ များအား ထည့်သွင်းစဉ်းစားသင့်ပါသည်။

## စိုက်ပျိုးသီးနှံရွေးချယ်မှု၊ ဈေးကွက်ဝင်ရေးနှင့် ဈေးနှုန်းသတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်း၍

မြန်မာ့စိုက်ပျိုးရေး သမိုင်းကြောင်းတွင် ကောက်ပဲ သီးနှံရွေးချယ်သတ်မှတ်ခြင်း၊ ဈေးကွက်သို့တင်ပို့ ရောင်း ချခြင်းနှင့် ဈေးနှုန်းသတ်မှတ်ခြင်းစသော မူဝါဒချမှတ်ခြင်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ယခင်ခေတ် ကာလများတွင် ဗဟိုမှ ထိန်းချုပ်ထားခြင်းတို့ကြောင့် လယ်ယာထုတ်ကုန်ကဏ္ဍတွင် အနုတ်သဘောဆောင်သည် ရလဒ်များသာ ရရှိခဲ့ရသည်။ ၁၉၈၀ ပြည့်နှစ်လွန် ကာလ များတွင် ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် အခြားလယ်ယာ ထွက်ကုန်များအား ပြည်ပသို့ တင်ပို့ရောင်းချခြင်းသည် သိသာစွာတိုးတက်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ စားနပ်ရိက္ခာဖူလုံ စေရေးနှင့် လူမှုဘဝအဆင်ပြေစေရေးအတွက် ခေတ်ဟောင်း စနစ်ဟောင်းများမှ အယူအဆများအား စွန့်ပစ်ရမည် ဖြစ် သည်။

## လယ်ယာထွက်ကုန်တန်ဖိုးကွင်းဆက်နှင့် စပ်လျဉ်း၍

စိုက်ပျိုးရေးလုပ်ငန်းစုများအား တန်ဖိုးမြင့်ထုတ် ကုန်များ ထုတ်လုပ်ရန် ထုတ်လုပ်မှုကွင်းဆက်သို့ ချိတ်ဆက် နိုင်ရေးအတွက် အဆင့်မြှင့်တင် ပြုပြင်ပြောင်းလဲရန် အလေး ထား လုပ်ဆောင်သင့်ပါသည်။ နိုင်ငံခြားရင်းနှီးမှုများအနေ ဖြင့် လယ်ယာကဏ္ဍတွင် လာရောက်မြှုပ်နှံမှုမှာ အခြား ကဏ္ဍနှင့် နှိုင်းယှဉ်ပါက ပမာဏနည်းပါးသောကြောင့် လယ်ယာကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင် မည့် အစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက် သင့်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာသို့ လယ်ယာထုတ်ကုန်ပစ္စည်းများ တင်ပို့ရန်အတွက် စံချိန် စံညွှန်းနှင့် ကိုက်ညီသည့် အရည်အသွေးမြင့်ထုတ်ကုန် ထုတ် လုပ်ရေးအား အလေးပေးဆောင်ရွက်သင့်ပါသည်။

## စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် အဓိကသွင်းအားစုများနှင့် စပ်လျဉ်း၍

မြန်မာ့လယ်ယာလုပ်ငန်း၏ လုပ်သားအင်အား အရည်အသွေးနှင့် ကုန်ထုတ်စွမ်းအားသည် အခြေခံ အဆောက်အအုံဆိုင်ရာ အားနည်းမှုနှင့် အဓိကသွင်း အားစုများ အရည်အသွေးနိမ့်ကျခြင်း၊ မြေယာပိုင်ဆိုင်ခွင့် ဥပဒေအားနည်းခြင်း၊ ကုန်စည်ကန့်သတ်ချက်များခြင်းတို့ ကြောင့် လယ်ယာကဏ္ဍတွင် အောင်မြင်မှုများမရရှိခဲ့ပေ။ FAO ၏ အစီရင်ခံစာအရ မြန်မာ့လယ်ယာလုပ်ငန်း၏ လုပ်သား အင်အားအရည်အသွေးနှင့် ကုန်ထုတ်စွမ်းအား သည် အလုပ်သမားတစ်ဦးချင်းစီအရ ၂၀၀၉ ခုနှစ်တွင် အမေရိကန် ၃၀၁ ဒေါ်လာသာရှိပြီး လယ်ယာကဏ္ဍသည် အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နိမ့်ကျလျက် ရှိသည်။

ထိုသို့ဖြစ်ပေါ်ရခြင်းမှာ မြန်မာနိုင်ငံတွင် အသုံးပြု သည့် ဓာတ်မြေဩဇာသည် အာဆီယံနိုင်ငံများတွင် အရည် အသွေးအနိမ့်ကျဆုံးဖြစ်သည်။ ထို့ပြင် မိရိုးဖလာ လက်မှု လယ်ယာသာ အလေးထားထွန်ယက် စိုက်ပျိုးရလျက်ရှိပြီး စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် အခက်အခဲ များစွာ ဖြစ်ပေါ်လျက်ရှိသည်။ အလားတူစွာ ရေသွင်းစိုက်ပျိုး ခြင်းနှင့် အခြား စိုက်ပျိုးရေးဆိုင်ရာ အခြေခံ အဆောက်အအုံ များနှင့် သယ်ယူပို့ဆောင်မှုစနစ်များမှာ အားနည်းလျက်

ရှိသည်။ ကမ္ဘာ့ဘဏ်၏ စစ်တမ်းအရ စပါးစိုက်ပျိုးမှုအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် တစ်ဟက်တာမှ ရရှိသည့် အကျိုးအမြတ်မှာ အမေရိကန်ဒေါ်လာ ၃၄၀၊ ဗီယက်နမ်နိုင်ငံတွင် ၄၃၀ ရရှိသော်လည်း မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ရရှိသည့် အကျိုးအမြတ်မှာ တစ်ဟက်တာတွင် အမေရိကန်ဒေါ်လာ ၁၄၀ သာရရှိသည်။

## သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် ဝန်ဆောင်မှု တိုးချဲ့ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးကြီးသောအခန်းကဏ္ဍ တစ်ခုအနေဖြင့် ပါဝင်လျက်ရှိသည်။ ရေးယခင်ကပင် ရာသီဥတုဒဏ်နှင့် သီးနှံအထွက်တိုးနှုန်း၊ ဇီဝဗေဒဆိုင်ရာလေ့လာမှုများ၊ ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိမှုများနှင့် သီးနှံအထွက်တိုးမှုများအား သုတေသနပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ထုတ်ကုန်တိုးမြှင့်နိုင်ရေးအတွက် ကောက်ပဲသီးနှံအရည်အသွေး၊ ဈေးကွက်ဝင်ရောက်မှုနှင့် စိုက်ပျိုးထုတ်ကုန်လုပ်ငန်းအလေ့အထများအား အဓိကထား ဆောင်ရွက်ခဲ့ကြသည်။ လက်ရှိကာလ၌ သတင်းအချက်အလက် နည်းပညာ ဖြန့်ဝေမှုပိုမိုအားကောင်းလာပြီး မိုဘိုင်းဖုန်းမှတစ်ဆင့် စိုက်ပျိုးရေးပညာပေးဖြန့်ဝေမှုများသာမက ငွေကြေး ဝန်ဆောင်မှုများအား ထည့်သွင်းအသုံးပြုနိုင်သည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုနိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် သုတေသနနှင့် ဖွံ့ဖြိုးမှု လုပ်ငန်းများနှင့် ဝန်ဆောင်မှုတိုးချဲ့ဆောင်ရွက်ခြင်းများအား အလေးထားဆောင်ရွက်သင့်ပါသည်။

အခြားအလေးထားဆောင်ရွက်ရမည့် လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာ၊ စာရင်းအင်းကဏ္ဍ တိုးတက်မြင့်မားရေးနှင့် အားကောင်း ခိုင်မာစေရေး၊ အရည်အသွေး ပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်စေရေးနှင့် ဈေးကွက်ဖြစ်ပေါ်စေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် မူဝါဒရေးရာလေ့လာဆန်းစစ်မှုများအား ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ အဓိကအခြေခံအဆောက်အအုံ ကွာဟချက်များ၊ အထူးသဖြင့် လျှပ်စစ်ဓာတ်အား ရရှိမှုမညီမျှခြင်း၊ လူမှုဝန်ဆောင်မှု အရည်အသွေးနည်းပါးမှု၊ နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုများမှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကစိန်ခေါ်မှုများဖြစ်သည်။ ယင်းအခက်အခဲများအား ဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းများအား ရှာဖွေရမည်ဖြစ်ပါသည်။

ဘဏ္ဍာငွေရင်းမြစ်အနေဖြင့် ကန့်သတ်ချက်များရှိသော မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများအား တစ်ပြိုင်တည်းဖြေရှင်းရန် အခက်အခဲများရှိသည်။ ထို့ကြောင့် လယ်ယာကဏ္ဍနှင့်စပ်လျဉ်းသော အခြေခံအဆောက်အအုံများအား ဦးစားပေး ဆောင်ရွက်သင့်ပါသည်။ စီမံကိန်းများအား အကြီးစား အကောင်အထည်ဖော်၍ ရင်းမြစ်များတိုးပွားရရှိစေရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် လယ်ယာပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသည့် အားကောင်းခိုင်မာသော မူဝါဒများအား ချမှတ် ဆောင်ရွက်သင့်ပါသည်။ သို့သော် အဆိုပါ စိုက်ပျိုးရေး ဦးစားပေး မဟာဗျူဟာသည် ဥရောပနိုင်ငံများတွင် ၁၆ ရာစု မှ ၁၉ ရာစုအထိ ကျင့်သုံးခဲ့သော လမ်းစဉ်ဖြစ်သောကြောင့် ကမ္ဘာ့စီးပွားရေးနှင့် ချိတ်ဆက်ရန် များစွာကွာဟမည်ဖြစ်ရာ ဤမဟာဗျူဟာတစ်ခုတည်းကိုသာ ရွေးချယ်ဆောင်ရွက်ပါက နိုင်ငံအနေဖြင့် အကျိုးကျေးဇူးရရှိရန် ခက်ခဲမည်ဖြစ်သည်။

## ဖားခုန် ပုံစံမဟာဗျူဟာအား သုံးသပ်ရာတွင်

ဖားခုန်ပုံစံ မဟာဗျူဟာမှာ အလုပ်သမား အင်အားကို ရယူ၍ အထည်ချုပ်လုပ်ငန်းကဲ့သို့သော ကုန်ထုတ်လုပ်မှုအား အရှိန်မြှင့်တင်ကာ ငွေကြေးအရင်းအမြစ်နှင့် အသိဉာဏ် အခြေပြု စက်မှုလုပ်ငန်းများသို့ ကူးပြောင်းရေးဖြစ်သည့်အားလျော်စွာ နိုင်ငံတစ်နိုင်ငံအနေဖြင့် စက်မှုထုတ်ကုန်များ တိုးမြှင့် ထုတ်လုပ်ရန် အခြေခံအဆောက်အအုံနှင့် ကျွမ်းကျင်မှုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်ပြီးအခြေအနေတွင် ရှိနေရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် စဦးအခြေအနေ၌ပင် ကောင်းမွန်စွာ ဖွံ့ဖြိုးပြီး အခြေအနေတွင်ရှိရမည်ဖြစ်ပြီး စက်မှုလုပ်ငန်းများတွင်လည်း အလုပ်အကိုင် အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍအား ခေတ်မီတိုးတက်ရေးအား အကောင်

အထည်ဖော်ဆောင်ရွက်ရန်နှင့် အလားအလာရှိသော စီးပွားရေးတည်ဆောက်ပုံပြောင်းလဲမှုကို ကျင့်သုံးနိုင်ရေးအတွက် ကြီးမားသော အရင်းအမြစ်များနှင့် အခွင့်အလမ်းကို ပိုင်ဆိုင်ထားသော်လည်း လုပ်သားများ၏ ကုန်ထုတ်လုပ်ငန်း အရည်အသွေးမှာနိမ့်ကျလျက်ပင်ရှိသေးကာ တန်ဖိုးမြင့် လုပ်ငန်း ကွင်းဆက် ကောင်းမွန်စေရန်အတွက် အခြေခံအဆောက်အအုံပိုင်းများလည်း လိုအပ်ချက်များ ရှိနေသည်။ ထို့ပြင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုကို အားပေးမည့် မူဝါဒမှာ မဖွံ့ဖြိုးပေ။ ဝန်ဆောင်မှုအနေဖြင့် ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကကဏ္ဍမှာ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာ ကွာဟလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးအား ပြုပြင်ပြောင်းလဲရာတွင် မိမိတို့အနေဖြင့် ဖားခုန်ပုံစံ မဟာဗျူဟာမှာ လတ်တလောတွင် သင့်တော်ခြင်းမရှိပေ။

## ဖက်စပ်ပုံစံ မဟာဗျူဟာအား သုံးသပ်ချက်

ဖက်စပ်ပုံစံမဟာဗျူဟာပုံစံမှာ စိုက်ပျိုးရေးကဏ္ဍအား ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်၍ တစ်ပြိုင်နက်မှပင် ဖားခုန်ပုံစံမဟာဗျူဟာဖြစ်သော အလုပ်သမား အင်အားကို ရယူ၍ ကုန်ထုတ်လုပ်မှုအား အရှိန်မြှင့်တင်ကာ မဟာဗျူဟာနှစ်ရပ်၏ ပေါင်းစည်းအင်အားကို ရယူ၍ အခြားဖွံ့ဖြိုး တိုးတက်မှုများအား အလေးထား ဆောင်ရွက်သည့် ဗျူဟာဖြစ်သည်။ အဆိုပါမဟာဗျူဟာအား ၁၉၇၈ ခုနှစ် နှောင်းပိုင်းတွင် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများနှင့် ၁၉၈၆ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင့်သုံးခဲ့သော မဟာဗျူဟာပုံစံဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါနည်းလမ်းအား အကောင်အထည်ဖော်ရာတွင် အသိပညာဦးစားပေးလုပ်ငန်းများ မဖွံ့ဖြိုးမီကာလအတွင်း ဥပမာအားဖြင့် အထည်ချုပ်လုပ်ငန်းအနေဖြင့် ကောင်းမွန်စွာ ဖွံ့ဖြိုးခြင်း မရှိသေးသော်လည်း လျှပ်စစ်အိမ်သုံးပစ္စည်းတပ်ဆင် ထုတ်လုပ်ရေးလုပ်ငန်းငယ်များအား စတင်လုပ်ဆောင်သင့်ပါသည်။ လုပ်သားများ အရည်အသွေးပြည့်ဝစေရန် နည်းပညာနှင့် သက်မွေးကျောင်းပညာရေးစနစ်အား တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။ မှန်ကန်သော ကျွမ်းကျင်မှုများဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လတ်တလော အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ပြီး လုပ်ငန်းခွင်အတွင်း လုပ်သားများ၏ အရည်အသွေးများလည်း မြှင့်တင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဤနည်းလမ်းသည် မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီခြင်းရှိသည်ကို လေ့လာသုံးကြသည်။

## နိဂုံး

မြန်မာနိုင်ငံသည် လက်ရှိစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာ နောက်ကျနေသည်မှာ မှန်ကန်မှုတစ်ရပ်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ဒေသတွင်း စီးပွားရေး၏ အချက်အချာ ကျသော ပထဝီဝင်အနေအထားအား ပိုင်ဆိုင်ထားပါသော် လည်း အခြေခံ အဆောက်အအုံ အားနည်းမှု၊ လုပ်သားများ၏ အရည်အသွေးမပြည့်မီမှု အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်နိုင်ခြင်းအားနည်းမှု၊ စက်မှု လုပ်ငန်းဖွံ့ဖြိုး တိုးတက်စေရန် မဖော်ဆောင်နိုင်ခြင်းများကြောင့် အခက်အခဲများဖြင့် ရင်ဆိုင်ရလျက်ရှိပါသည်။

ထို့ကြောင့် စီးပွားရေး အားကောင်းခိုင်မာလာစေရန် အထက်ဖော်ပြပါ မဟာဗျူဟာ နည်းလမ်းများ အနက်မှ မိမိတို့၏ လက်ရှိအနေအထားနှင့် ကိုက်ညီသည့် နည်းလမ်းများအား ရွေးချယ်အသုံးချ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

## မှီငြမ်း


* 2016/2017 Knowledge Sharing Program with Myanmar: Beyond Economic Liberalization: New Policy Challenges for Myanmar
* အိုအီးစီဒီ ဖွံ့ဖြိုးမှုလမ်းကြောင်းများ၊ မြန်မာနိုင်ငံ အပေါ်ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ချက် အစီရင် ခံစာ၊ အတွဲ (၂) အသေးစိတ် စိစစ်လေ့လာမှုနှင့် မူဝါဒ အကြံပြုချက်များ။
* Myanmar Unlocking the Potential: Country Diagnostics Study: Asian Development Bank



# FACE TO FACE INTERVIEW VS PHONE INTERVIEW

■ ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ)

၁။ Survey တစ်ခု၏ Foundation Stage ဖြစ်သော Data Collection Stage နှင့်ပတ်သက်ပြီး လေ့လာကြည့်ကြပါစို့။ ယနေ့ မျက်မှောက်ကာလတွင် Face to Face Interview, Phone Interview, Mail Interview, Online Interview စသည်ဖြင့် Data Collection Method များစွာရှိသည့် အနက် ကျွန်တော်တို့၏ ပတ်ဝန်းကျင်တွင် အသုံးပြုမှု အများဆုံး Data Collection Method မှာ Face to Face Interview နှင့် Phone Interview တို့ ဖြစ်ကြသည်။

၂။ ထို့ကြောင့် အဆိုပါ Method(၂)ခု၏ ကွာခြားချက်များကို ဆက်လက် လေ့လာကြည့်ရန် လိုအပ်ပါသည်။

**Face to Face interview ၏ အားသာချက်များမှာ -**

(က) Enumerator များအနေဖြင့် Respondent ထံသို့ လူကိုယ်တိုင် သွားရောက်ခြင်းဖြစ် သဖြင့် Respondent ၏ ယုံကြည်မှုရရှိရန် (သို့) Respondent နှင့် တစ်သားတည်း ဖြစ်ရန် တည်ဆောက်နိုင်ခြင်း။ (Respondent နှင့် မျက်နှာချင်းဆိုင် တွေ့ဆုံခြင်းဖြစ်သဖြင့် မိမိကိုယ်ကို ကောင်းမွန်စွာမိတ်ဆက်ခွင့်ရရှိခြင်းနှင့် Project ၏ ရည်ရွယ်ချက်များကိုလည်း သေချာစွာရှင်းပြခွင့် ရရှိနိုင်ခြင်း)

(ခ) Respondent ၏ ယုံကြည်မှုရရှိလာသည်နှင့်အမျှ Respondentအနေဖြင့်လည်း ဖြေဆိုရန် ငြင်းပယ်မှု (Refused)နည်းခြင်းနှင့် ဖြေဆိုသည့် အဖြေများသည် ပိုမိုတိကျမှု ရှိလာနိုင်ခြင်း။

(ဂ) Respondent ၏ ယုံကြည်မှု ရရှိလာသည်နှင့်အမျှ (သို့) Respondent နှင့် တစ်သားတည်း ဖြစ်လာသည်နှင့် အမျှ တဖက်တွင်လည်း Respondentအနေဖြင့် Interview အပေါ် အချိန် ပိုပေးလာနိုင်ခြင်း။ (Interview ကိုအချိန် ကြာကြာမေးခွင့် ရနိုင်ခြင်း)

(ဃ) Interview ကို အထောက်အပံ့ ဖြစ်စေသည့် Show Card များ၊ Materialများ ပြ၍ မေးမြန်းနိုင်ခြင်း။

**Face to Face Interview ၏ အားနည်းချက်များမှာ -**

(က) Enumerator များအနေဖြင့် Respondent ထံသို့ လူကိုယ်တိုင် သွားရောက်ခြင်းဖြစ်၍ ခရီးသွားလာမှု ကြာချိန်များ၊ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးတို့၏ ခွင့်ပြုချက်ရရှိရေးအတွက် စောင့်ဆိုင်းရသည့် အချိန်များကိုလည်း ထည့်သွင်း စဉ်းစားရခြင်း (တခါတရံ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများနှင့် သက်ဆိုင်ရာ ဒေသ တာဝန်ရှိသူများ၏ ခွင့်ပြုချက် စောင့်ဆိုင်းရခြင်းများကြောင့် Project ကာလသည် သတ်မှတ်ထားသည်ထက် ပိုမိုကြာနိုင်ကြောင်း တွေ့ရသည်။)

(ခ) Field Team များ၏ ခရီးစရိတ်များ၊ နေထိုင်စားသောက်ရေးစရိတ်များ အပါအဝင် အခြားသောစရိတ်များ ကုန်ကျနိုင်သည်ဖြစ်သဖြင့် Project ၏



ကုန်ကျစရိတ် မြင့်မားခြင်း။

(ဂ) Field Manager များအနေဖြင့်လည်း နေရာအနှံ့အပြားတွင်ရှိသော မိမိတို့၏ Field Team များကို စီမံဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့နိုင်ခြင်း (အလွန်ဝေးလံသည့် ဒေသများ/ ဖုန်းလိုင်းမမိသည့် ဒေသများတွင် တာဝန်ထမ်းဆောင်နေသည့် Field Team များကို Field Manager မှ ၎င်းတို့၏ ပြီးစီးမှု၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် တွေ့ကြုံနေသည့် အခက်အခဲများကိုအချိန်နှင့် တစ်ပြေးညီသိရှိနိုင်ရန် ခက်ခဲခြင်း။)

**Phone Interview ၏ အားသာချက် -**

(က) Enumerator များအနေဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းမဟုတ်ဘဲ ရုံးမှသာ Phone ဖြင့် ဆက်သွယ်၍ Interview ဆောင်ရွက်ခြင်းဖြစ်သဖြင့် Project၏ ကုန်ကျစရိတ် လွန်စွာ သက်သာခြင်း။

(ခ) ကွင်းဆင်းဆောင်ရွက်ခြင်းမဟုတ်သဖြင့် သဘာဝဘေးအန္တရာယ် အတားအဆီးများ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ခွင့်ပြုချက် စောင့်ဆိုင်းရခြင်းများကို ထည့်သွင်းစဉ်းစားရန် မလိုအပ်ခြင်း။

(ဂ) ကွင်းဆင်းဆောင်ရွက်ခြင်းမဟုတ်သဖြင့် ထိုက်သင့်သည့် ဝန်ထမ်းအရေအတွက်ဖြင့်သာ ဆောင်ရွက်နိုင်ခြင်းဖြစ်သကဲ့သို့ Field Manager အနေဖြင့်လည်း

မိမိဝန်ထမ်းများအား စီမံဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေနိုင်ခြင်း။

(ဃ) အစားထိုးဆောင်ရွက်မှုများ (Substituted)၊ ပြန်လည်ဆက်သွယ်ဆောင်ရွက်မှုများ (Call Back) များအတွက် လွန်စွာအဆင်ပြေစေနိုင်သည်။ (Respondentအစားထိုးခြင်းဘဲဖြစ်ဖြစ်၊ ရပ်ကွက်/ကျေးရွာ အစားထိုးခြင်းဘဲ ဖြစ်ဖြစ်၊ Call Back ချိန်းလို့ဘဲ ဖြစ်ဖြစ် လူကိုယ်တိုင် သွားရောက်ရခြင်းမဟုတ်ဘဲ ဖုန်းနံပါတ်ပြောင်းလဲခေါ်ဆိုခြင်းဖြင့်သာ ဆောင်ရွက်နိုင်ခြင်းကြောင့်ဖြစ်သည်။)

**Phone Interview ၏ အားနည်းချက် -**

(က) Enumeratorများအနေဖြင့် Respondentအား Phone ဖြင့်သာ မိတ်ဆက်ရခြင်းဖြစ်သဖြင့် Respondent ၏ ယုံကြည်မှုရရှိရန် (သို့) Respondent နှင့် တစ်သားတည်း ဖြစ်စေရန် တည်ဆောက်နိုင်မှု အားနည်းခြင်း။

(ခ) Interview အတွက် Phone ခေါ်ဆိုသည့် အချိန်တွင် မိမိအနေဖြင့် Respondentအား/မအား မသိရှိနိုင်ခြင်း။ (ကိုယ် Phone ခေါ်တဲ့အချိန်မှာ Respondent အနေဖြင့် အလုပ်ရှုပ်နေသည့် အချိန်/ အစည်းအဝေးတက်ရောက်နေသည့်အချိန်/ လင်မယား ရန်ဖြစ်နေသည့်အချိန် ဟုတ်/မဟုတ် မသိရှိနိုင်ပါ။)

(ဂ) Interviewကို Phoneဖြင့်သာမေးမြန်းရခြင်းဖြစ်သဖြင့် မိနစ် (၂၀)ထက် ပိုမေးရန် မသင့်လျော်ခြင်း။ (Phone ဖြင့် မေးမြန်းခြင်းဖြစ်သဖြင့် အချိန်ကာလ ကြာလာသည်နှင့်အမျှ Respondentအနေဖြင့်လည်း နားပူလာနိုင်ခြင်း/စိတ်ရှုပ်ထွေးလာနိုင်ခြင်းများ ဖြစ်ပေါ်တတ်သည်။)

(ဃ) Interview ကို အထောက်အပံ့ ဖြစ်စေသည့် Show Cardများ၊ Materialများ ပြ၍ မေးမြန်းရန် ခက်ခဲခြင်း။ (အကြောင်းအရာအများစုဖတ်ပြရသည့် မေးခွန်းများတွင် Respondent အနေဖြင့် မေးခွန်း၏ ဆိုလိုရင်းကိုမှတ်မိရန်/ သိရှိရန် ခက်ခဲနိုင်ခြင်း)

(င) Phoneပိုင်ဆိုင်သည့် မိသားစု (Respondent)ကိုသာ မေးမြန်းနိုင်ခြင်း။

၃။ အထက်ပါ အချက်အလက်များကို ကြည့်ခြင်းအားဖြင့် Methodတိုင်းတွင် အားသာချက်များ ရှိသကဲ့သို့ အားနည်းချက်များလည်းရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် မိမိတို့၏ Project ရည်ရွယ်ချက်၊ သုံးစွဲနိုင်သည့် Budget ပမာဏ နှင့် Project ၏ Time Line တို့ကို ချိန်ထိုးပြီး သင့်လျော်သည့် Data Collection Method ကို ရွေးချယ်ကြခြင်းဖြစ်သည်။

၄။ သို့သော် တစ်ဖက်တွင်လည်း Sampling Method များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး Phone Interview သည် Phone ပိုင်ဆိုင်သည့် မိသားစု (Respondent)ကိုသာ ဆက်သွယ်ခွင့် ရရှိမည်ဖြစ်ရာ အဆိုပါ Respondentအနေဖြင့်လည်းမိမိဆက်သွယ်သည့် အချိန်တွင် Phoneပြန်လည် ဖြေကြားရန်လိုအပ်မည်ဖြစ်သကဲ့သို့ Interview တွင် ပါဝင်ဖြေဆိုရန် ဆန္ဒရှိသူဖြစ်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

၅။ ထို့ကြောင့် Phone Interviewသည် Phone ပိုင်ဆိုင်သည့် မိသားစု (Respondent)များကိုသာရွေးချယ်မေးမြန်းသည့် သဘောဖြစ်နေသဖြင့် Probability Sampling Method(ဖြစ်တန်စွမ်းအပေါ် မူတည်ပြီးနမူနာရွေးချယ်သည့်နည်းလမ်း) မဟုတ်ဘဲ Non-Probability Sampling Method ဖြစ်ခြင်းကြောင့် အဆိုပါနည်းလမ်းဖြင့် ကောက်ယူထားသည့် နမူနာ (Sample) သည် Representative Sample (Population ကို ကိုယ်စားပြုသည့် Sample) မဟုတ်နိုင် သကဲ့သို့ Population (ဦးရေ) ၏ ဝိသေသ လက္ခဏာများ၊ အကြောင်းအရာများအတွက် ကောက်ချက်ချရန် အချက်အလက် ခိုင်လုံမှုအားနည်းမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။



# တိုင်းဒေသကြီး / ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နှစ်ရှည်မြေငှားရမ်းခွင့် အခွင့်အရေး

| ညီမောင် |

## နိဒါန်း

မျက်မှောက်ခေတ်မြန်မာနိုင်ငံသည် ဖက်ဒရယ်နိုင်ငံရေးခရီး စတင်ချီတက်ချိန်တွင် ဖက်ဒရယ်စီးပွားရေးကိုအထောက်အကူဖြစ်စေရန် ရည်သန်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအပါအဝင် ကုမ္ပဏီများဥပဒေတို့ကိုပါ ပြင်ဆင်လျက် အသစ်ပြဋ္ဌာန်းကာ စီးပွားရေး အခွင့်အလမ်းများစွာ ပေါ်ထွန်းလာနိုင်စေရန် ဖန်တီးတည်ဆောက်နေသည့်ကာလဟု ဆိုရမည်ဖြစ်သည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို ဦးတည်လျက် နိုင်ငံတော် တည်ငြိမ်အေးချမ်းစွာဖြင့် တစ်တိုင်းပြည်လုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်ပြောင်းလဲမှု၊ စီးပွားရေးမူဝါဒများ၊ ဥပဒေများပြောင်းလဲမှုအပါအဝင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်လျက်ရှိနေဆဲဟု ဆိုနိုင်သည်။

ထိုသို့ ဖက်ဒရယ်စီးပွားရေးကို အုတ်မြစ်ချပေးနိုင်ရေး၊ ခိုင်မာတောင့်တင်းသောစီးပွားရေးအလာအလာများ ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား နိုင်ငံအတွင်း အလျင်အမြန်အခြေကျ လုပ်ကိုင်ခွင့်ရရှိနိုင်မှသာ တစ်ဖက်တစ်လမ်းမှထိရောက်စွာ အထောက်အကူပေးနိုင်မည်လည်းဖြစ်သည်။

ယင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရာတွင် ကမ္ဘာ့နိုင်ငံများ၌ ရင်းနှီးမြှုပ်နှံသူများအား အဆင်သင့် အကောင်အထည် ဖော်ထားသည့် ကုန်သွယ်ရေးဇုန်၊ စီးပွားရေးဇုန်၊ အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်များ စသည်တို့ဖြင့် နှစ်ရှည်မြေငှားရမ်းခွင့်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ နေထိုင်ရေး စသည် တို့ကို အဆင်သင့်လွယ်လင့်တကူ အသုံးပြုနိုင်ရန်နှင့် သီးခြားအခွင့်အရေးများစွာကို ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်ကမ်းလှမ်းလျက် အပြိုင်အဆိုင်ဖိတ်ခေါ်လျက် လည်း ရှိနေပြီဖြစ်သည်။

သတ်မှတ်ထားသော ဖွံ့ဖြိုးရေးဇုန်များအလိုက် လိုက်လျောညီထွေသော သတ်မှတ် မြေဈေးများအပါအဝင် ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ကြိုက်ဖန်တီးပေးထားကြပြီး သင့်တင့်မျှတသည့် မြေဈေးများကို နိုင်ငံတော်အပါအဝင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများ မှ အမြဲအဆင်သင့် ပြင်ဆင်၍ ဘာသာစကားမျိုးစုံ တတ်ကျွမ်းသူများအား အသေအချာ လေ့ကျင့်လျက် ယင်းတို့နိုင်ငံအတွင်း အခြေကျလာရောက်ရင်းနှီးမြှုပ်နှံမှု မလွဲမသွေပြုနိုင်အောင် ဆွဲဆောင်လျက်ရှိနေပေပြီ။

ထိုသို့ဆိုလျှင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးအေးဂျင်စီတစ်ခုကဲ့သို့ မှတ်ယူရမည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများအနေဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအတွက် သို့မဟုတ် ထုထည်ကြီးမားသော ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်ရန် အဆင်သင့် ဖြစ်နေပါပြီလော ဆင်ခြင်သုံးသပ်ကြပြီး လိုအပ်ချက်များကို အကောင်အထည် ဖော်ဆောင်၍ အဆင်သင့်ဖြစ်အောင် ပြင်ဆင်နိုင်စေရန် ဤဆောင်းပါးဖြင့် တင်ပြလိုက်ရပါသည်။

## တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ လုပ်ပိုင်ခွင့်

တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများကို ဖွဲ့စည်းခဲ့ပြီး အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၇ ဖြင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ကြေညာခဲ့သည့် အလျောက် ကော်မတီများမှလည်း ကော်မတီဝင်များအား နားလည်သဘောပေါက်စေရန် လုပ်ထုံးလုပ်နည်း ရှင်းလင်းခြင်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးများ နားလည်သဘောပေါက်မှု ပိုမိုထိရောက်စေရန် လေ့ကျင့်ပေးခြင်းများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပေမည်။

အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၇ အရ တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများအနေဖြင့် သတ်မှတ် ရင်းနှီးမြှုပ်နှံမှုပမာဏ အောက်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၆ နှင့် ငြိစွန်းမှုမရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတည်ပြုလျှောက်ထားလွှာများကို လက်ခံဆုံးဖြတ်ခွင့်အပါအဝင် ရင်းနှီးမြှုပ်နှံမှု နှစ်ရှည်ပြုလုပ်မည့် မြေဆိုင်ရာအသုံးပြုခွင့်ကို ခွင့်ပြုပေးနိုင်ရန် ခွင့်ပြုထားသော်လည်း အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုမူ လက်ခံခွင့်သာရှိပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက် တင်ပြခွင့်ပြုမှုများ ရယူကြရမည်ဖြစ်သည်။ ထို့အတူ ကော်မတီများအနေဖြင့် တင်ပြလာသည့် အတည်ပြုလျှောက်ထားလွှာများအား လက်ခံစိစစ်ပြီးနောက် ကော်မတီအစည်းအဝေးမတင်ပြမီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တစ်ပတ်ကြိုတင်၍ တင်ပြလမ်းညွှန်မှုခံယူရန် ညွှန်ကြားစာများကိုလည်း ထုတ်ပြန်ထားသည်ကို တွေ့ရပေမည်။

ထို့သို့သော ထုတ်ပြန်မှုများကို ဆန်းစစ်ကြည့်လျှင်မူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်အချို့အား အားကူဖြည့်ဆည်းပေးသည်ကို တွေ့ရှိရမည်ဖြစ်သည်။ သို့ရာတွင် တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများအနေဖြင့် အလုပ်ဖြစ်ရန်မှာ မြေဆိုင်ရာပေါ်လစီများကို ပွင့်လင်းမြင်သာစွာဖြင့် ရင်းနှီးမြှုပ်နှံသူများအား ချပြရန်လည်း လိုအပ်လာနေသည်ကို တွေ့ရှိရပေမည်။ အပြုသဘောဆောင်ဆွေးနွေးရမည်ဆိုလျှင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်မြေအနေဖြင့် နှစ်ရှည်ငှားရမ်းခွင့်ရမှ သို့မဟုတ် ရေရှည် အသုံးပြုခွင့်ပေးမှသာ တွက်ချေကိုက်သော၊ အရင်းကြေသော အကျိုးများသော ရင်းနှီးမြှုပ်နှံမှုဖြစ်လာနိုင်ပေသည်။

## ယုံကြည်မှုဖြင့် ခရီးနှင်ရမည့်ရင်းနှီးမြှုပ်နှံမှု

ရင်းနှီးမြှုပ်နှံသူနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကြား မြေဆိုင်ရာ ကိစ္စရပ်များကို အပြုသဘောဆောင် ဆွေးနွေးကြမှသာ မိမိတိုင်းဒေသကြီး/ ပြည်နယ်များတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ခေတ်မီနည်းပညာရပ်များလည်းခံစားရရှိနိုင်မည်လည်းဖြစ်သည်။

သို့ရာတွင် မြေဆိုင်ရာကိစ္စရပ်များဆွေးနွေးမှုပြုလုပ်တိုင်း မြေငှားရမ်းခွင့် သက်တမ်းအား ၃ နှစ်သာ ပေးခြင်းမျိုးများ မကြာခဏ တွေ့ကြုံရခြင်းများအပါအဝင် နှစ်ရှည် မြေငှားရမ်းသုံးစွဲခွင့်ကို ယခင်အစိုးရ ခွင့်ပြုခဲ့သည့်

မြေများတွင် ဆက်လက်အကောင် အထည်ဖော်ရန် ကျူးကျော်များ၊ မူလ မြေပိုင်ရှင်များစသည့် အခက်အခဲများစွာတို့သည် တိုင်းဒေသကြီး/ ပြည်နယ်များတွင် နှစ်ရှည်ရင်းနှီးမြှုပ်နှံမည့် သူများအတွက် ယုံကြည်မှုကို ကျဆင်းစေသည်ကို သတိမူ ရပေမည်။

ထိုနည်းတူစွာ ရင်းနှီးမြှုပ်နှံသူများဘက်နှင့် နိုင်ငံ့အကျိုးစီးပွား စသည့် နှစ်ဘက်မြင် စီးပွားရေးအမြင်ရှိမှသာ မိမိတို့ဒေသဖွံ့ဖြိုးမှုအတွက် အထောက်အပံ့များစွာ ဖြစ်တည်နိုင်မည်ဖြစ်သည်။

သုံးနှစ် မြေငှားရမ်းခွင့်သဘောတူထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဥပမာကြည့်မည်ဆိုလျှင် ပထမနှစ်နှစ်သည် တည်ဆောက်ရေးကာလ၊ တတိယနှစ်သည် စမ်းသပ်ကာလဖြစ်ပြီး စီးပွားဖြစ် စတင်ချိန်ရောက်မှ လက်ရှိတည်ဆောက်ထားသည့်မြေငှားရမ်းခွင့် ထပ်မံမရရှိတော့ပါက မည်သို့ဆက်လုပ်မည်နည်း။ နှစ်ဘက်မြင်ဝါဒသည် စီးပွားရေး လုပ်ဆောင်သူနှင့် အာဏာလက်ရှိသူတို့ကြားတွင် လွန်စွာအရေးကြီးပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုအဖြစ်သို့ ဖန်တီးရာရောက်ပေမည်။

ဆိုလိုသည်မှာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း မြေဦးလိုသည့်စိတ်ဆန္ဒမပါဝင်ဘဲ မိမိ ရင်းနှီးမြှုပ်နှံမှုကို ရှင်သန်အောင်မြင်ဖို့အတွက်သာ ဦးစားပေးသင့်ပြီး ကြုံတွေ့လာနိုင်သည့် အခက်အခဲများအား ရင်းနှီးမြှုပ်နှံမှု မပြုလုပ်မီကပင် ကနဦးတွက်ဆခဲ့မည်ဖြစ်သည့်အလျောက် မိမိတို့ ခြေဆန့်နိုင်သလောက် ခြေလှမ်းများဖြင့်သာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ချဉ်းကပ်လုပ်ဆောင်ခြင်းကသာ နှစ်ဖက် အကျိုးများမည်လည်းဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ရင်းနှီးမြှုပ်နှံသူလိုသူများ အနေဖြင့် နှစ်ရှည်မြေငှားရမ်းခွင့်ဆိုင်ရာများအပေါ် သံသယစိတ်မထားကြဘဲ အပေးအယူညီမျှ၍ ရှေ့တိုးလုပ်ဆောင်နိုင်မှု အပေါ် အပြုသဘောဆောင် ယုံကြည်မှုတည်ဆောက်လျက် တက်လှမ်းကြရန်လည်း လိုအပ်ပေသည်။

## ယနေ့ခေတ်စီးပွားရေးအပေါ် စိန်ခေါ်မှုအချို့

စီးပွားရေးအမြင်ကျယ်မှုအရ နနယ်သည်ဟုဆိုကြရမည့် ယခင်က မျှတသောအကျိုးစီးပွား ခွဲဝေရယူခြင်းနှင့် ခွဲဝေတာဝန်ယူမှု နုနယ်သေးသည့် ကာလဖြစ်သည့်အလျောက် ယနေ့အချိန်ခါတွင် ကမ္ဘာ့နိုင်ငံကြီးများမှ ဒေါ်လာဘီလီယံ ချီ၍ တရားဝင်လမ်းကြောင်းဖြင့် ဝင်ရောက်မှုများ ရှိလာသကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်အသွင်ပြလျက် ဖြန့်ကျက် မြေဦးမှုရယူနိုင်ရန် ကြိုးပမ်းမှုများလည်း တွေ့ကြုံနေရပြီဖြစ်သည်။

မြေဆိုင်ရာ ပေါက်ဈေးကစားခြင်းများအပါအဝင် ဈေးကွက်ချုပ်ကိုင်မှု ဦးတည်လျက် နနယ်သည့် စီးပွားရေးအမြင်များ အတွေ့အကြုံများကို ခုတုံးလုပ်ဆောင်လျက် နိုင်ငံတကာပတ်၍ လိမ်လည်မှုများ အမေရိကန်ဒေါ်လာ ဘီလီယံဖြင့်ချီလျက် ဒေသဖွံ့ဖြိုးရေးကို အကြောင်းပြ၍ လာရောက် ဆွေးနွေးခြင်းများလည်း ခေတ်စားလျက်ရှိနေပြန်သည်။ စိတ်စေတနာအပြည့်ဖြင့် လုပ်ဆောင်ပေးသည့် စီးပွားရေးသမားများအား လက်ကမ်းကြိုရမည်ဖြစ်သော်လည်း မည်သည့်စီးပွားရေးသမားမှ အကျိုးအမြတ်မရှိဘဲ လုပ်ဆောင်လိမ့်မည်မဟုတ်ဆိုသည်ကိုလည်း သတိမူကြရမည်လည်း ဖြစ်သည်။

အနောက်အင်အားကြီးများမှ နိုင်ငံရေးအရ အချုပ်အချာအာဏာများဖြင့် ဖိအားပေး လုပ်ဆောင်မှုများရှိနေချိန်တွင် ရပ်တန့်မသွားစေရန်လိုအပ်ပြီး မြန်မာ့ရင်းနှီးမြှုပ်နှံမှု အခြေအနေကို ထိန်းညှိရမည့်အချိန်တွင် တိုင်းဒေသကြီး/ပြည်နယ်ရင်းနှီး မြှုပ်နှံမှုကော်မတီများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပေးကြရာတွင် မြေဆိုင်ရာအခက်အခဲများသည် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် မသိမသာ ကူးပြောင်းလာနေပြီဖြစ်သည်။

ရင်းနှီးမြှုပ်နှံမည့်သူများအတွက် ကျယ်ပြန့်သော မြေရှိလားမေးမည်လည်းဖြစ်သည်။ သို့ရာတွင် ယင်းမြေတို့သည် အနည်းဆုံး အစိုးရပိုင် သို့မဟုတ် အခြားနည်း သုံးစွဲခွင့်တစ်ခုခု သို့မဟုတ် ဂရမ်ပေါက် တစ်ခုခု စသည် ရှိနေသင့်သည်မှန်သော်လည်း စက်မှုဇုန်မြေဖြစ်လင့်ကစား စက်မှုဂရမ်အမည်ပေါက်ဇုန်မှာ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး ၃ ခုလောက်တွင်သာ စက်မှုလုပ်ငန်းသုံးမြေအဖြစ် ပြသငှားရမ်းနိုင်သည့်အနေအထား ဖြစ်နေပြန်သည်။

ရေ၊ မီး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အင်္ဂါရပ်များ မပြည့်စုံလင့်ကစား နိုင်ငံခြားနှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် မြေနေရာကိုမူ အဆင်သင့် ဖော်ဆောင်သင့်သည့် အခြေအနေလည်းဖြစ်သည်။ သို့ရာတွင် လက်ရှိအချိန်ထိ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ကုမ္ပဏီဥပဒေများသာ ပြောင်းလဲခဲ့သော်လည်း အခြားတည်ဆောက်မှုအပိုင်းနှင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်သူများအတွက် အခွင့်အလမ်းကောင်း၊ အဆင်ပြေမည့် ရင်းနှီးမြှုပ်နှံမည့် မြေနေရာဖန်တီးပေးနိုင်မှုတို့တွင် အားနည်းချက်ကြီးမားလျက်လည်း ရှိနေပြန်သည်။

စိန်ခေါ်မှုများစွာအား ဆွေးနွေးမည်ဆိုပါက ကုန်နိုင်မည် မထင်သော်လည်း ရင်းနှီးမြှုပ်နှံမှု အမှန်တကယ် စီးဝင်လာစေချင်ပါလျှင် နိုင်ငံတော်မှလည်း ပြုပြင်ပြောင်းလဲမှုများစွာကို ကနဦးလုပ်ဆောင်သင့်သော အရာများစွာအနက် မြေဆိုင်ရာအကျပ်အတည်းသည် ရင်းနှီးမြှုပ်နှံသူများ လာရောက်မြှုပ်နှံခြင်းကို များစွာ တွန့်ဆုတ်နေစေသည်ကို အထူးသတိထားသင့်ပေသည်။

## ဆွေးနွေးတင်ပြချက်

အမှန်တကယ်ရင်းနှီးမြှုပ်နှံမှုများ တိုင်းဒေသကြီး/ပြည်နယ်အနှံ့ စီးဝင်စေချင်ပါက ပထမဆုံးလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များအနက် ရင်းနှီးမြှုပ်နှံသူများအတွက် လုံလောက်သော ကျယ်ပြန့်သည့် မြေနေရာအား နှစ်ရှည်ငှားရမ်းပေးနိုင်မည့် ပြည်သူ့အကျိုးစီးပွား မထိခိုက်စေမည့် အကျိုးများစေမည့် မြေနေရာများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ကိုက်ညီအောင် စိစစ်ရွေးချယ်ထားသင့်ပြီး သတ္တိရှိရှိ ခွင့်ပြုပေးရန်နှင့် ယုံကြည်မှု တည်ဆောက်လျက် လေ့လာမှု၊ အားထုတ်မှုများ၊ သုတေသန အခြေခံလုပ်ဆောင်မှုများအား အာရုံစိုက်လုပ်ဆောင်သင့်လှပါသည်။

ကြီးကျယ်ခမ်းနားသော ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ပွဲများအပြင် လက်ရှိ နိုင်ငံတကာနှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများအတွက် မိမိတို့ဒေသအတွင်း ရင်းနှီးမြှုပ်နှံမည့်သူများအတွက် တားဆီးနေသော အကြောင်းအရာများကို ချဉ်းကပ်အဖြေရှာလျက် ရှေ့တိုးလုပ်ဆောင်သင့်လှပေသည်။ နောက်ဆုံးရလဒ်ကောင်း ထွက်စေမည့် ထိရောက်သော စီမံကိန်းများကို အသေအချာအကောင်အထည်ဖော်သင့်လှပေသည်။

ဤဆွေးနွေးတင်ပြချက်များသည် နိုင်ငံ့အကျိုးစီးပွားကိုသာ ဦးတည်ဆွေးနွေးခြင်းလည်း ဖြစ်သည်ကို အသေချာမှတ်ယူစေချင်ပါသည်။ ကျယ်ပြန့်ထိရောက်သော ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံအနှံ့ စီးဝင်စေလျက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်မှာ အမြော်အမြင်နှင့် အထက်အောက်မညာတမ်း ယုံကြည်မှုတည်ဆောက်နိုင်ခြင်းကသာ အဓိကကိစ္စဖြစ်သည်ကို သတိမူသင့်ပေသည်။

## နိဂုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ဖက်ဒရယ်နိုင်ငံရေးတွင် မရှိမဖြစ် ဖက်ဒရယ်စီးပွားရေး တည်ဆောက်နိုင်မှသာ တိုင်းရင်းသားတို့၏ ယုံကြည်ကိုးစားမှုများ မလွဲမသွေရရှိမည်ဖြစ်သကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများ အနေဖြင့်လည်း အစိုးရအဖွဲ့များနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ထိရောက်သော ပေါင်းစပ်ညှိနှိုင်းမှုများ ယခင်ထက်ပိုမိုလုပ်ဆောင်ရန်လည်း များစွာ အရေးကြီးနေသည့် ကာလလည်းဖြစ်သည်။

အရပ်အခေါ်အရ တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏ တက်လာခြင်းမရှိသကဲ့သို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင်လည်း နည်းပါးနေပါလျှင် သုတေသနပြုလျက် ပြန်လည်ဖြည့်ဆည်းလုပ်ဆောင်သင့်သည်များကို လုပ်ဆောင်မှသာ နိုင်ငံတော်၏ ရှေ့ဆက်ရမည့်ခရီးသည် ဖြောင့်ဖြူးသာယာရှိမည်ဖြစ်ပြီး နိုင်ငံသားတို့၏ အကျိုးစီးပွားသည်လည်း ဦးမော့လာမည်လည်း ဖြစ်ပေသည်။


## *ကျမ်းကိုးစာရင်း*

*(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ၂၀၁၆*

*(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာများ၊ ၂၀၁၇*

# ဘဝအတွေ့တွေ (၇)

[ ခေတ်အဆက်ဆက် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခွင့်ရသော စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရသူများကို ဤစာစဉ်ဖြင့် ဂုဏ်ပြုအပ်ပါသည်။ ]

ကျော်ဒွန်း၊ ညွန်ကြားရေးမှူး (ငြိမ်း)

## ဖောင်ကြီးဆင်း

ဖောင်ကြီးဆင်းလာတော့၊ ဆံပင်က ရှေ့ငါးမူး၊ နောက်တမတ်ဆိုတော့၊ ခုမှ လွတ်လာတဲ့ ပုံစံပေါ့၊ ဝန်ကြီးများရုံး ဗုဒ္ဓဘာသာအသင်းက ရဟန်းခံပွဲရှိတော့ မဲဝင်နိုက် လိုက်တာ ပေါက်ရော၊ ဆံပင်တိုတော့ အဆင်ပြေလို့၊ ၈ မိုင် ဉာဏစာဂီမှာဝတ်ရတယ်၊ အလှူအတန်းကလည်းပေါတော့၊ အဆင်ပြေစွာစားနေရတယ်၊ တရားထိုင်ရတာတော့ ကြိတ်မှိတ်လုပ်ပေါ့၊ (၇) ရက်ဝတ်ပြီး မိဘရပ်ထံပြန်ချင်တော့ ရုံးမှာခွင့်တင်တယ်။ အဲဒီ မှာ ပြဿနာတွေ့တော့တာပါပဲ၊ ရှောင်တခင်ခွင့် (၃)ရက်တင်တယ်၊ ဒေးဒရဲပြန်ရန် အကြောင်းပြတယ်၊ စီမံလက်ထောက်ညွှန်ကြားရေးမှူး က ရှောင်တခင်ခွင့်နဲ့ နယ်သွားခွင့် မရှိကြောင်းပြောတယ်၊ ဒါဆို ခံစားခွင့်လို့ပြောင်းတင်တယ်၊ စီမံလက်ထောက် ညွှန်ကြားရေးမှူးက ခံစားခွင့်ဆိုတာကြိုတင်ရတယ်၊ ရုံးချုပ်မှထွက်ခွာခွင့်တောင်းရတယ်၊ ခွင့်ပြုမိန့်ရမှ သွားခွင့်ရှိတယ် ပြောတယ်။ အဲဒီကစ ဘွဲ့ရအရာရှိပေါက်စ ပညာပေးခံရတော့တာပါပဲ။

## နယ်ပြောင်းရမယ်ဆိုတော့

ရုံးတွင်းသင်တန်းလည်းပြီး၊ ဖောင်ကြီးလည်း တက်ပြီးတော့၊ ဒုတိယစီမံကိန်းမှူးဖြစ်သွားပြီ။ နယ်များတွင် သွားရောက်တာဝန်ထမ်းဆောင်ရန် မြို့နယ်အဆိုပြု ခိုင်းပြီ ကိုယ်က နယ်မပြောင်းချင်၊ ရန်ကုန်မှာပဲ ကျူရှင်ပြ နေချင်သည်။ အဆိုတော့ပြုရသည်။ မိမိတို့မြို့သားဖြစ်တဲ့ဆရာဦးညွန့်မောင်(တွဲဘက်ညွှန်ကြားရေးမှူး)ကို သွားပြောသည်။ နယ်မပြောင်းရန် သူ့အနေနဲ့ မတတ်နိုင်ကြောင်း၊ နယ်မပြောင်းချင်ရင်၊ အလုပ်ကြိုးစား ကဏ္ဍတာဝန်ခံနဲ့ အဆင်ပြေအောင်နေပါလို့သာ ပြောလိုက်သည်။ ဆရာညွှန် ကြားသည့်အတိုင်းနေသည်။ နယ်မပြောင်းရပါ။

## ဝန်ကြီးများရုံး

ဝန်ကြီးများရုံး စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှာ အလုပ်လုပ်ရတာပျော်စရာပါ၊ ECO မှ ဘွဲ့ရတွေဖြစ်သည်။ ကျောင်းမှာအဆောင်မှာ လေးနှစ်အတူနေခဲ့သူများဖြစ်ကြ သည်။ ညီအစ်ကိုမောင်နှမစိတ်ဓါတ်အပြည့် ရှိကြသည်။ ဒါပေမယ့် တချို့လည်း ကျောင်းကတည်းက၊ တချို့လည်း ရုံးရောက်မှ အတွဲတွေဖြစ်ကြသည်၊ ကျွန်တော်ကတော့ ကျောင်းမှာလည်း အဆင်မပြေခဲ့တော့၊

ရုံးရောက်ရင် မိန်းကလေးတွေ အသက်တွေကြီးပြီး မာန်တွေကျလာလို့ ကိုယ့်ကိုစိတ်ဝင်စား ကြမယ်လို့ ထင်ခဲ့မိသေး။

## ၄၂-လမ်း၊ ဝန်ကြီးများရုံးကလပ်

ရုံးမှာနေတာကျောင်းမှာလိုပဲ တစ်ကျောင်းတည်းဆင်းတွေ ရှေ့၊ နောက် ကွာကြတော့၊ ညီအကိုတွေလို ရုံးပိတ်ရက် အင်းယားကန်ရေသွားကူးကြ၊ ညနေပိုင်းရုံးတွင်း ဒဗလျူဘောကန်ကြ၊ ခြင်းခတ်ကြ၊ သိမ်ဖြူဘောလုံးကွင်းသွား ဘောကန်ကြ။ အဆောင်မှာ အပျော်ဖဲကစားကြ၊ ပိုက်ဆံပြတ်ရင် ရုံးကမမများထံမှ ပိုက်ဆံချေးပြီး သုံးကြပေါ့၊ နောင်တော်ကြီးတွေရဲ့ လမ်းပြမှုကြောင့် ညနေပိုင်း ဝန်ကြီးများရုံးကလပ်မှာ ဘိလိယက်ထိုးခြင်း၊ အရက်ထိုင်သောက်ခြင်း၊ ၄၂–လမ်းအစိုးရ အရက်ဖြူဆိုင်မှာ တန်းစီပြီး အရက်ဖြူ၁–ပတ်ဖ၀ ပြားနဲ့သောက်တဲ့ပညာတွေတတ်လာပြီပေါ့။

## ကျူရှင်ပြဖို့ကြိုးစားပြန်ပြီ

လှိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ်(၈၀)၊ မြေညီထပ် တိုင်းရေဒီယို သင်တန်းကျောင်းအခန်းကို အချိန်ပိုင်း တစ်လ ၅ဝိနဲ့ ငှားပြီး ၅၊ ၆၊ ၇ တန်းတွေကို သင်္ချာကျူရှင်ပေးဖို့ကြိုးစားခဲ့ဖူးတယ်၊ အခန်းခတောင် မရလို့ ကျောင်းပိတ်ခဲ့ရတယ်၊ ဖွဲ့ကတော့ မလျှော့သေးဘူး၊ ဝန်ကြီးများရုံးအနီး၊ ဘိုကလေးဈေးလမ်းထိပ် လေးထပ်တိုက် အပေါ်ဆုံးအခန်း (၁၂ ပေ ခွဲ ၅၀ ပေ)ကို တစ်လ ၅ဝိနဲ့ ငှားပြီး စာပေးစာယူသင်တန်း စီးပွားရေးပညာ ပထမနှစ်စသင်တယ်၊ ဆရာဦးဇော်ဖေဝင်း ခေါင်းဆောင်ပြီး အားမာန်နည်းပြကို စတင်ထောင်ခဲ့တယ်။ လှည်းတန်း၊ ဦးထွန်းလင်းခြံလမ်း ဆရာဦးတင်ဝင်းအောင်၏ ဇနီး အိမ်ရဲ့ကားဂိုဒေါင်မှာ စီးပွားရေးတက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်တွေလို့ စာရင်းအင်းပညာစတင်သင်ကြားခွင့်ရခဲ့တယ်၊ ဆရာတို့ ၂–ဦးက လူရည်ချွန်ရဖူးတော့၊ လူရည်ချွန်နည်းပြလို့ အမည်ပေးထားတယ်၊ အဲဒီက စလိုက်တာ နောင်တစ်ချိန်မှာ ဦးတင်ဝင်းအောင် (MCC) ဖြစ်လာတယ်၊ သူ့ဆီကအားနဲ့မာန်နဲ့ သင်တဲ့ပုံစံကို အတုယူခဲ့တယ်။

## နာမည်ကျော် ကျူရှင်ဆရာဖြစ်ပြီ

ဆရာဦးတင်သောင်း (ဝါဏိဇ္ဇ)က ငြိမ်းနည်းပြ၊ မြကျွန်းသာနည်းပြတို့မှာ စာရင်းပညာသင်ဖို့ စီစဉ်ပေးတယ်၊ ဦးကျော်ဒွန်း (စာရင်းအင်းပညာ)ဆိုပြီး သတင်းစာတွေမှာပါ ကြော်ငြာပါလာတဲ့အဆင့်ဖြစ်လာပြီ၊ လုပ်သားကောလိပ် (စီးပွားရေး)၊ စာပေးစာယူ (စီးပွားရေး)၊ စီးပွားရေးတက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်၊ ဒေသကောလိပ် ကျောင်းသူ/ကျောင်းသားတွေကို စာရင်းအင်းပညာသင်ကြားပေးတယ်၊ စမ်းချောင်းမြို့နယ်၊ ပါတီယူနစ် လမ်းစဉ်လူငယ်က ပြုလုပ်ခဲ့တဲ့စာပေးစာယူ အထောက်အကူပြုသင်တန်းတွေပါ သင်ခွင့်ရခဲ့တယ်၊ ဆရာဒွန်း (စာရင်းအင်းပညာ)နဲ့ တွဲသင်တဲ့ စာရင်းကိုင်/ဝါဏိဇ္ဇဆရာတွေကတော့၊ ဦးတင်သောင်း၊ ဦးတင်ဝင်းအောင်၊ ဦးဝင့်ကျော်၊ ဦးတင်ထွန်းဦး (ဘကြီး)တို့ဖြစ်ပါတယ်။ (၁၉၇၉၊ ၁၉၈၀၊ ၁၉၈၁၊ ၁၉၈၂ -----)

## ကျူရှင်ဆရာ ဒုတိယစီမံကိန်းမှူး နယ်ပြောင်းရပြီ

၁၉၈၄ ကျူရှင်ဥပဒေကလည်း ထွက်လာပြီ၊ ဒုတိယစီမံကိန်းမှူး လုပ်သက်ကလည်းရလာပြီ၊ ဝိုင်းကျူရှင်ပဲသင်လို့ရတော့သည်၊ ရုံးမှာကလည်း စီမံကိန်းမှူးဖြစ်ရန် နယ်သွားရမည်တဲ့၊ နယ်မပြောင်းရတဲ့ CSED ယခု CSO ပြောင်းဖို့ ကြိုးစားသည်မရပါ။ အလုပ်ထွက်ကျူရှင်ပြမည်ဆိုတော့ အဖေကသဘောမတူ၊ ရုံးမှာလည်း ရာထူးတိုးမည့်အချိန်ကျရောက်နေပြီ ဖြစ်ပါ၍ မြို့နယ်ရွေးရန်စီမံမှ ခေါ်ပြောပြီ၊ မန္တလေးမှာကျူရှင် ပြမယ်၊ အနီးအနားမြို့နယ်မှာ စီမံကိန်းမှူးလုပ်မယ်ပေါ့။

## သွားပြီဟေ့ ရခိုင်ပြည်နယ်

ရာထူးတက်မှာသေချာနေသူတွေကို စလွတ်ပြီ၊ မန္တလေးတိုင်းသပိတ်ကျင်းမြို့နယ်တဲ့၊ မန္တလေးမှာ ကျူရှင်ပြ၊ သပိတ်ကျင်းမှာရွှေတူးရင်------- စိတ်ကူးယဥ်ကြည့်သေးတယ်၊ လေ့လာကြည့်တော့ သပိတ်ကျင်းက မသွားသင့်တဲ့ အချက်တွေ များနေတယ်။ ညွှန်ကြားရေးမှူးချုပ်ဒေါ်ခိုင်ခိုင်က သံတွဲသွားသင့်ကြောင်း ငပလီ ရှိသောကြောင့် VIPများလာလျှင် အမျိုးသားစီမံကိန်းမှူးက ပိုသင့်လျော်

သဖြင့် သံတွဲမြို့နယ်စီမံကိန်းမှူးဖြစ်လေသတည်း။

## သံတွဲစီမံကိန်းမှူးတဲ့ဟေ့

သံတွဲပါတီ၊ ကောင်စီနဲ့စပေါင်းရတာပေ့ါ၊ ရောက်တဲ့ နေ့ညနေမှာ မြေစာရင်းဦးစီးမှူးက လာဖိတ်တယ်၊ ညစာ သူ့ရုံးမှာစီစဉ်ထားကြောင်း၊ ဌာနဆိုင်ရာတွေနဲ့ ပါတီ၊ ကောင်စီတို့မကြာခဏ (နေ့စဉ်)ဆုံကြတယ်ဆိုပဲ။

ကိုယ်ကလည်း ဝါသနာကလည်းပါဆိုတော့၊ တစ်ခါဆုံသောက်မိတာနဲ့ အနှစ်(၂၀)ရဲဘော်ဖြစ်သွားတာပါပဲ။ အဲဒီညမှာ RUM, BE, BEER ကြိုက်သလိုသောက်ဆိုတော့၊ အပြန်လမ်းမှာစီမံကိန်းမှူး စက်ဘီးကမြွေလိမ် မြွေကောက် သွားတယ်ဆိုပဲ။ စိုက်ပျိုးစရိတ် ချေးငွေဆင်းပေးရ ပြန်တယ်၊ ရွာရောက်ရောက်ချင်းပဲ၊ ဦးစီး - - - - - - - - - - အနည်းအပါးသုံးစွဲပါသလား လာမေးတယ်၊ ရပါတယ်ပေ့ါ၊ ဒါပေမဲ့ ငွေချေးပြီး စာရင်းကိုက်မှ သောက်ကြတာပေ့ါ လို့ ပြောထားရတယ်။ စသောက်တော့ပုလင်းနဲ့ ခွက် ၁-လုံးပဲ ချထားတယ်၊ စားစရာဘာမှုမပါ၊ တပည့်ကျော်ကို ရွာထဲ မြေပဲလှော်သွားဝယ်ခိုင်းရတယ်၊ ခွက်တလုံးတောင်းယူပြီး ကိုယ်တိုင်စိတ်ကြိုက် ရေများများရောသောက်တယ်၊ ကျေးရွာက လူကြီးတစ်ယောက် မိမိခွက်ကို မှားပြီးသောက်တော့ . . . . . ထွီခနဲ ထွေးထုတ်ပြီးပြောလိုက်တာက . . . . . ရေသောက်တာလားတဲ့ဗျာ။

ရွာတစ်ရွာမှာတော့ စိုက်ပျိုးစရိတ်တဖြည်းဖြည်း ပေးနေတယ်၊ တစ်ရွာလုံးလည်း တဖြည်းဖြည်းမူးလာတယ်၊ ချေးငွေလည်းအကုန်ပေးပြီးတော့၊ ရွာရဲ့တောင်ဘက်နဲ့ မြောက်ဘက်ရန်ဖြစ်ကြတယ်၊ ထိန်းမရဖြစ်တော့ မိမိလည်း ငွေထုပ်ပိုက်ပြီး မြို့ကိုနီးရာလမ်းက ပြေးပြီးပြန်ခဲ့ရတယ်၊ ရဲစခန်းသွားပြီး သတင်းပို့ခဲ့တယ်။

## ယခင်ကလည်း ဒီစီမံကိန်းမှူးပဲ

၁၉၈၆ ဧပြီလမှ ၁၉၈၈ စက်တင်ဘာလထိတော့ စီမံကိန်းမှူးက ပါတီဦးဆောင်မှု၊ ပြည်သူ့ကောင်စီ ကြီးကြပ်မှုနဲ့သွားတာပေ့ါ၊ မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်သွားရင်၊ စီးပွားရေးစီမံကိန်းနဲ့ ပတ်သက်တာတွေ ရေးပေးရတယ်၊ မြို့နယ်ကောင်စီဥက္ကဋ္ဌ ပြည်နယ်ကောင်စီ အစည်းအဝေးသွားရင် လိုက်ရတယ်၊ မြို့နယ်စီမံကိန်း အကောင်အထည်ဖော်မှု အစီရင်ခံစာပြုစုပေးရတယ်၊ ငပလီ ရွှေဝါချိုင် လူရည်ချွန်စခန်းမှာဖွင့်တဲ့ တောင်သူလယ်သမား ရေးရာ သင်တန်း၊ အလုပ်သမားရေးရာသင်တန်းတွေမှာ အနှစ် (၂၀)စီမံကိန်းနဲ့ ဒေသဆိုင်ရာစီမံကိန်းများအကြောင်း ပို့ချရတယ်၊ စီမံကိန်းမှူးက စာရင်းအင်းပညာသမားဆိုတော့၊ တောင်သူလယ်သမားအစည်းအရုံးမှာ ကျေးရွာများအတွက် လူသုံးကုန်ပစ္စည်းခွဲတမ်းချခြင်း၊ လူဦးရေစာရင်း၊ စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီရဲ့ စာရင်းအင်းဆိုင်ရာများနဲ့ ပတ်သက်တာတွေကူညီဆောင်ရွက်ပေးရတယ်။ စပါး စိုက်၊ အောင်၊ ထွက် တွက်ရာမှာ ပြဿနာက ရွာမြေကို အခြေခံမှာလား၊ ပိုင်ဆိုင်သူလူကိုအခြေခံမှာလား၊ အယူအဆ ကွဲလွဲတော့ မြို့နယ်စာရင်းချုပ်မှာ မကိုက်တော့တာပါပဲ။ တစ်ဧကစပါး(၁၂)တင်းအစိုးရကို ရောင်းရမယ်ဆိုတဲ့ မူဝါဒကြောင့် ပြဿနာတက်လိုက်တာ နောက်ဆုံး ၁၉၈၈ ဩဂုတ်လ လူထုဆန္ဒပြပွဲများဖြစ်ရသည်အထိပါပဲ။ စီမံကိန်းမှူးကတော့ စပါးရောင်းဖို့ဟောပြောပွဲတွေမှာလည်း ပါဝင်ခဲ့ရတာပေ့ါ။ ၁၉၈၈ ဩဂုတ်လ မြို့နယ်သပိတ်စခန်းက ခေါ်ယူခံရတဲ့အထိ စီမံကိန်းမှူးကို ပါတီ၊ ကောင်စီကလူလို့ အမြင်ခံခဲ့ရတယ်။

၁၉၈၈ စက်တင်ဘာလ နောက်ပိုင်း မဝတခေတ် ဖြစ်လာတော့ ပထမနစ်တုံးကသူငယ်ချင်းက ခလရ (၅၅) မှာ ဌာနချုပ်တပ်ခွဲမှူးဖြစ်တော့၊ သံတွဲ မဝတ ဥက္ကဋ္ဌဖြစ်လာတယ်။ သူငယ်ချင်းဖြစ်တော့ နေရာတကာ လိုက်ကူညီရပြန်ရော၊ ရွာတွေမှာ စပါးရောင်းဖို့ ဟောပြောရတယ်၊ ဝန်ထမ်း၊ စစ်တပ်၊ ရဲ၊ အုပ်ချုပ်ရေး လုပ်နေသူတွေကို မိဘပြည်သူများ က သားသမီးများကို ထမင်းကျွေးတဲ့အနေနဲ့ နိုင်ငံတော်သို့ စပါးရောင်းသင့်ကြောင်း၊ ဟောပြောရတယ်၊ ရွာတစ်ရွာမှာ တော့ လယ်သမားတစ်ဦးက နားထောင်နေပြီး၊ ယခင်ပါတီ ကောင်စီခေတ်ကလည်း ဤသူ(စီမံကိန်းမှူး)ပဲ စပါးရောင်းဖို့ ပြောခဲ့တယ်။ ယခု မဝတ ခေတ်မှာလည်း စပါးရောင်းဖို့ ပြောတာလည်း ဤသူပဲလို့ ပရိသတ်ထဲမှ ထပြောတာခံ လိုက်ရတယ်ဗျာ။

*ဆက်လက်ဖော်ပြပါမည်*



# နိုင်ငံ့အနာဂတ် ကလေးသူငယ်နှင့် မိခင် အမျိုးသမီးတို့ကြား ဆက်နွယ်နေမှုများနှင့် ၎င်းတို့အား ပံ့ပိုးကူညီသင့်သည်များ

| နှင်းသန့်ဖြူ (ဗဟိုစာရင်းအင်းအဖွဲ့) |

"Genderနှင့် Sex ရဲ့ အဓိပ္ပာယ်ကို ရှင်းလင်းကြပါရဲ့လားရှင့်" ဟူ၍ မိုက်ကရိုဖုန်းမှတစ်ဆင့် လွင့်မျောလာသောအသံမှာ လူအများ၏အာရုံကို ဆွဲယူလှုပ်နှိုးလျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက "Gender Equality"အကြောင်း ရုံအမှတ်(၃၂)ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများသို့ လာရောက်ကာ အသိပညာပေးဟောပြောနေခြင်း ဖြစ်သည်။

Genderဆိုတာက ကျား၊မ ရေးရာ သတ်မှတ်ချက်ဖြစ်ပြီး Sex ဆိုတာက မွေးရာပါလိင်အင်္ဂါများဖြင့် ကျား၊ မ ဟူ၍ ခွဲခြားသတ်မှတ်ခြင်းဖြစ်ကြောင်း၊ ထို့နောက် ယောကျ်ားဆန်ခြင်း (Mansculine)၊ မိန်းမဆန်ခြင်း (Feminine) စသည့် သတ်မှတ်ချက်များ ပေါ်ထွက်လာကြောင်း၊ ဤကဲ့သို့ ယောကျ်ားဆန်ခြင်း၊ မိန်းမဆန်ရန် လူမှုပုံစံသွင်းယူခြင်းကို (Socialization)၊ ကိုယ်ပိုင်ပုံစံမှတ်ယူခြင်းကို (Internationalization) ဟူ၍လည်းကောင်း သတ်မှတ်ဖော်ပြကြောင်း အခေါ်အဝေါ်နှင့်တကွ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို စိတ်ဝင်စားဖွယ်ရာ ဗဟုသုတများနှင့်တကွ ရှင်းလင်းဟောပြောနေခြင်းဖြစ်သည်။

ထို့နောက်တွင် ခွဲခြားဆက်ဆံမှုမရှိသည့် (Non-Discrimination)မရှိစေရန် စစ်မှန်သော တန်းတူညီမျှမှုရရှိရေး(Equility)မှာ နိုင်ငံတော်၏လုပ်ငန်းတာဝန် (State Obligation)ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ ထို့အတွက်(၁၉၇၉) ခုနှစ်တွင် ပေါ်ထွန်းပြီး နိုင်ငံပေါင်း (၁၈၈) နိုင်ငံပါဝင်သည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်

ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women- CEDAW)ကို မြန်မာနိုင်ငံအနေဖြင့် (၁၉၉၇)ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနမှဦးဆောင်၍ ကလေးသူငယ်၊ အမျိုးသမီးနှင့် မသန်စွမ်းသူများကို အဓိကဦးတည်ချက်ထားကာ ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းကို အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၂၂) National Strategic Plan for the Advancement of Women( NSPAW) ဖြင့်(၁၉၉၆) ခုနှစ်ကတည်းက စတင် အကောင်အထည်ဖော်နေကြောင်း ထပ်ဆင့်ဟောပြောခဲ့ပါသည်။

၎င်းနောက် မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်လျက်ရှိသည့် ကလေးသူငယ်နှင့် အမျိုးသမီးများတွင် အဓိကကျရောက်လျက်ရှိသည့် အန္တရာယ်မှုခင်းများအကြောင်းကို ကြားနာရပြန်သည်။ စိတ်မချမ်းမြေ့ဖွယ် သတင်းများပင်။ ၎င်းတို့ကို မည်သို့မည်ပုံ အကာအကွယ်ပေးရမည်နည်းဆိုသည်ကို ကာကွယ်သည့် နည်းလမ်းများကို ဥပဒေဘောင်အတွင်းမှ အခိုင်အမာ ပြုလုပ်ဆောင်ရွက်နေကြောင်း သိရှိရသည်။

**တစ်ဖက်တစ်လမ်းမှလည်း ပြည်သူ့ဝန်ထမ်းအမျိုးသမီးများအား လုပ်ငန်းခွင်တစ်ဖက် အိမ်ထောင်သားမွေးတစ်ဖက်နှင့် ကသီကလင်ဖြစ်နေသည်ကို ဖြေရှင်းပေးနိုင်သည့် အစီအမံများရှိကြောင်း၊ မူဝါဒများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း ဌာနဆိုင်ရာ အားလုံးမှ ဝိုင်းဝန်းကူညီသင့်ကြောင်း ပြောကြားသွားပါသည်။ ဥပမာအားဖြင့် ရုံးများတွင် ရင်ခွင်ပိုက်အရွယ်မှ စတင်ပြီး နေ့ကလေးထိန်းဌာနများဖွင့်သင့်ကြောင်း သို့မှသာ မိခင်များအနေဖြင့် စိတ်ဖြောင့်ဖြောင့်ဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဤသို့ ကလေးထိန်းကျောင်းလေးဌာနတွင် ဖွင့်မည်ဆိုပါက အခန်းနေရာသာ လိုအပ်မည်ဖြစ်ကြောင်း၊ အခြားလိုအပ်သည့် ဝန်ဆောင်မှုများကို လူမှုဝန်ထမ်းဌာနမှ အကူအညီပေးမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။**

ဤအကြောင်းအရာကိုကြားရင်း ကျွန်မသတိရသွားသည်မှာ ကိုရီးယားနိုင်ငံ KDI School of Public Policy and Management တွင် ပညာသင်ကြားခဲ့စဉ်က တွေ့မြင်ခဲ့ရသော ကျွန်မတို့နေထိုင်ရာ အဆောင်နှင့်တစ်ဆက်တည်းကပ်လျက်တည်ရှိနေသည့် Nursery(ခေါ်) နေ့ကလေးထိန်းမူကြိုကျောင်းလေးပင်။ ထိုမူကြိုကျောင်းလေးတွင် တက်ရောက်လျက်ရှိသော ကလေးငယ်လေးများမှာ ထိုတက္ကသိုလ်မှ ပါမောက္ခများ၊ ဝန်ထမ်းများ၏ ကလေးများပင်ဖြစ်သည်။ ၎င်းတို့သည် ကလေးများအား လုံခြုံစွာ သင်ကြားစောင့် ရှောက်ကြသည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံတကာ ကျောင်းသား/သူများအား ထိုမူကြိုကျောင်းအတွင်းသို့ အဝင်မခံ။ လူစိမ်း လှေ့လာမခံသော ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ထားရှိသည်။ ကလေးများ၏ ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်နိုင်သောကြောင့် အနီးအနားတွင် ဆေးလိပ်ပင် အသောက်မခံပေ။ တွေ့ရှိပါက ဒဏ်ငွေတပ်ခြင်းများ ပြုလုပ်ပြီး သတိပေးစာများ နေရာအနှံ့ အဆက်မပြတ် ပေါ်ထွက်လာပေတော့သည်။

ကလေးချစ်သော ကျွန်မကတော့ သူတို့စည်းကမ်းချက်များအား အကျေနပ်ကြီးကျေနပ်မိလျက် မလှမ်းမကမ်းမှ မသိမသာလေး စောင့်ကြည့်လေ့လာရသည်။ **သူတို့နိုင်ငံ၏ အနာဂတ် ကလေးငယ်များအား မည်သို့မည်ပုံ ပြုစုပျိုးထောင်ပေးသနည်းဆိုသည့် အချက်မှာ ကျွန်မအတွက် အလွန်စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။** သို့သော် အပြည့်အဝတော့ မလေ့လာနိုင်ပေ။ ကျွန်မ တက်ရောက်နေသော အတန်းချိန်များမှ အားလပ်ချိန်နှင့် သူတို့ဆရာမများနှင့် စာသင်ခန်း ပြင်ပလေ့လာရေး ထွက်သည့်အချိန်များ တိုက်ဆိုင်မှသာ ချစ်စဖွယ် ကလေးလေးများကို ငေးမောနိုင်ပေသည်။ ထို့ပြင် ရာသီဥတုလဲ သာယာမှသာလျှင်။ ကိုရီးယားနိုင်ငံ၏ ရာသီဥတုသည် တစ်ခါတရံ အလွန်ဆိုးဝါးလှသည်။ နုနယ်သောကလေးငယ်များနှင့် မသင့်လျော်၍ အထူး ဂရုစိုက်ရသည်။

ရာသီဥတုသာယာချိန်များတွင် စတိုင်ကျ လှပသော ချစ်စဖွယ် ဆရာမငယ် ၃/၄ ယောက်ဖြင့် ကလေးအယောက် (၂၀) ခန့် ကျောင်းပတ်ဝန်းကျင်သို့ လမ်းလျှောက်ထွက်လေ့ရှိသည်။ လမ်းကူးမီးပွိုင့်တွင် မည်သည့် အရောင်

ပြလျှင် လမ်းကူးသင့်ကြောင်း အရောင်များနှင့် လမ်းစည်းကမ်းများကို ကလေးငယ်ဘဝမှ တစ်ပြိုင်နက်တည်း စတင်သင်ကြားပေးခြင်း ဖြစ်သည်။ ကလေးများမှ အပြန်အလှန်မေးနေသည့် မေးခွန်းသံလေးများဖြင့် ကျောင်းပတ်ဝန်းကျင်တွင် စီစီညံညံ ဆည်းလည်းသံလေးများ ဖြစ်ပေါ်နေသည်မှာ အလွန် စိတ်ချမ်းမြေ့ဖွယ် ကောင်းလှသည်။ အမေးထူသော ကလေးငယ်မှာ ဉာဏ်ကောင်းသည် ဆိုသည်မို့လား။ ထိုကလေးအုပ်စုနှင့် ကြုံသမျှလူတိုင်း မျက်နှာပေါ်တွင် အပြုံးရိပ်တွေ အလိုအလျောက် ထင်ဟပ်လာအောင်ပင် ချစ်စရာကောင်းကြသည်။

ထို့အတူ ပါမောက္ခများနေထိုင်ရာ အိမ်ရာ၏ အနောက်ဖက်တွင် တောင်ကုန်းကလေးရှိရာ သဘာဝတောတောင်ရေမြေကဲ့သို့ ဖန်တီးထားသော နေရာသို့လည်း တောင်တက် အတွေ့အကြုံယူရင်းကလေးများ အုပ်စုလိုက် တပျော်တပါး လေ့လာရေးထွက်လေ့ရှိကြသည်။ တောလမ်းတစ်လျှောက် ရာသီအလိုက် ပွင့်နေကြသော တောပန်းကလေးများကို ကလေးများအတွက် သဘာဝ သင်ထောက်ကူပစ္စည်းအဖြစ် အသုံးချကာ သဘာဝရေမြေတောတောင်နှင့် ကလေးများကို ရင်းနှီးကျွမ်းဝင်စေသည်မှာ အတုယူစရာကောင်းလှပေသည်။ သဘာဝပတ်ဝန်းကျင်ကို ငယ်စဉ်ကတည်းက ချစ်မြတ်နိုးစေခြင်းဖြင့် ကြီးပြင်းလာသောအခါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများ အလိုအလျောက် ဖြစ်လာစေမည့် နည်းလမ်းပင်ဖြစ်သည်။ နိုင်ငံနှင့် လူမျိုးချစ်စိတ်ကိုပါ တစ်ပါတည်း ပျိုးထောင်နိုင်ပေသည်။

ထို့ပြင် ဝန်ထမ်းများမှ သီးပင်စားပင်လေးများကို အလှစိုက်ပျိုးထားသည့် စိုက်ခင်းလေးများရှိရာ ဥယျာဉ်စိုက်ခင်းလေးသည် မူကြိုကျောင်းမှ ကလေးများအတွက် နမူနာစိုက်ခင်းပင် ဖြစ်ပေတော့သည်။ အပင်လေးများကြားတွင် တပျော်တပါး ရေလောင်းပေါင်းသင် နေကြသည်ကို တွေ့မြင်ရသည်မှာ အလွန်စိတ်ကြည်နူးဖွယ် ကောင်းလှသည်။ သူတို့အတွက် တရားဝင် မြေကြီးကိုင်ခွင့် ရွှံ့ကိုင်ဆော့ခွင့်ရသည့်အချိန်ပင်။ ကလေးတို့၏ တွတ်တီးတွတ်တာ မေးခွန်းများကို ဖြေကြားရင်း လိုရာသင်ရိုးညွှန်းတမ်းပန်းတိုင်ကို အရောက်နှင်နေကြသည့် ဆရာမ ငယ်လေးများကို တွေ့မြင်ရသည်မှာ အားရဖွယ် စိတ်ကျေနပ်ဖွယ် မြင်ကွင်းဖြစ်ပေတော့သည်။

ထို့ပြင် တက္ကသိုလ်ကျောင်းဝင်းရှိ ဘောလုံးအားကစားကွင်းမှာလည်း သူတို့အတွက် အားကစားနည်းမျိုးစုံ ယှဉ်ပြိုင်ရာကစားကွင်းကြီးပင်။ အသံကုန်အော်ဟစ်ကာ ဆင်နွှဲကြသည်မှာ ပျော်စရာအတိ။ ကျောင်းတွင်း တက္ကသိုလ်စာကြည့်တိုက်ရှိ တိတ်တိတ်ဆိတ်ဆိတ် စာဖတ်နည်းများဖြင့် ဖတ်ရှုလေ့လာလျက်ရှိသော ကျောင်းသား/သူများနှင့်လည်း ရင်းနှီးကျွမ်းဝင်စေပြန်သည်။ ကျောင်းဝန်းကို အနှောင့်အယှက်မဖြစ်စေဘဲ အုပ်စုလိုက် တိတ်တဆိတ် ချီတက်နေပုံစာလုံ့ရင်း လမ်းပတ်လျှောက်နေကြသည်မှာ လွန်စွာချစ်စရာ ကောင်းလှသည်။ အထူးသဖြင့် KDI School တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းမိဘများ၏ မျက်စိအောက်ရှိ ကိုရီးယားနိုင်ငံ ရင်သွေးများ၏ ပညာရေးအစမှာ ဘဝင်ကျ နှစ်ခြိုက်ဖွယ်ပင်။

သူတို့လေးများကို ငေးမောရင်း ကျွန်မ နှစ်ခြိုက်စွဲမက်စွာ ဖတ်ဖူးသည့် ဆရာမြင့်သန်းရေးသည့် 'တော့တိုးချန်' ဟူသည့် ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက မီးရထားတွဲဟောင်းကြီးတွင် ဖွင့်လှစ်ထားသည့် ဂျပန်မူလတန်း ပညာရေးစနစ်ကို ဘာသာပြန်ထားသည့် စာအုပ်ကို လည်းကောင်း၊ ဆရာအောင်သင်း၏ 'ကံ့ကူလက်လှဲ့' ကိုလည်းကောင်း၊ ဆရာချစ်ဦးညို၏ 'ဒေါ်ဇကြောင်နှင့်အက်ဂျူကေးရှင်း' ဝတ္ထုတို့ကိုလည်းကောင်း ကြည်နူးစွာ အမှတ်ရနေမိသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ ဌာနဆိုင်ရာရုံးများတွင် ရင်ခွင်ပိုက်အရွယ်မှစတင်ပြီး နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော နေ့ကလေးထိန်းဌာနများ ဖွင့်သင့်ကြောင်း။ သို့မှသာ မိခင်များအနေဖြင့် အဟာရပြည့်ဝသော မိခင်နို့ချိုတိုက်ကျွေးရင်း သက်မွေးဝမ်းကြောင်း လုပ်ငန်းတာဝန်များကို စိတ်ဖြောင့်ဖြောင့်ဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ရာ နိုင်ငံ့အနာဂတ် ကလေးသူငယ်နှင့် ဝန်ထမ်းမိဘများအား ပံ့ပိုးကူညီသင့်သည့် မူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်သင့်ပါကြောင်း နိဂုံးချုပ်အနေဖြင့် အကြံပြုတိုက်တွန်း ရေးသားအပ်ပါသည်။

# မျှတ၍နည်းစနစ်ကျသော ပူးပေါင်းဆောင်ရွက်မှုမှသည် အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုဆီသို့

(Fair and Systematic Collaboration towards Future Development)

ထက်မာန်




မိသားစုတစ်ခု၏ စီးပွားရေး၊ လူနေမှုအဆင့်အတန်းကို သိလိုပါက ထိုမိသားစု နေထိုင်ရာ အိမ်၏ ဧည့်ခန်းကိုကြည့်ရုံဖြင့် သိရှိနိုင်ပါသည်။ အလားတူစွာပင် နိုင်ငံတစ်နိုင်ငံ၏ လူမှု စီးပွားရေးအခြေအနေ တိုးတက်မှုကို သိလိုပါက ၎င်းနိုင်ငံ၏ ပြယုဒ် အခြေခံ အဆောက်အအုံများကို လေ့လာကြည့်က သိရှိနိုင်ပါသည်။ ဥပမာ အိမ်တစ်အိမ်၏ ဧည့်ခန်းနှင့်တူသော နိုင်ငံတစ်နိုင်ငံ၏ လေဆိပ်ကို စတင်ရောက်ရှိသည်နှင့် အကဲခတ် လေ့လာနိုင်ပါသည်။

အခြေခံအဆောက်အအုံဆိုသည်မှာ အဘယ်နည်း။ ပြည်သူ့အခြေခံအဆောက်အအုံဆိုသည်မှာ နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းများ၊ ဝန်ဆောင်မှုများ အလွယ်တကူ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများကို ဆိုလိုပါသည်။ ယေဘုယျအားဖြင့် ပြည်သူ့အခြေခံအဆောက်အအုံကို နှစ်မျိုး ခွဲခြားထားနိုင်ပါသည်။ “Hard Infrastructure”နှင့် “Soft Infrastructure” ဟူ၍ ဖြစ်ပါသည်။ Hard Infrastructureဆိုသည်မှာ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ ဖြစ်စေနိုင်သော အဆောက်အဦး (သို့) ရုပ်ပိုင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ဆိုလိုပါသည်။ (ဥပမာ လမ်း၊ တံတား၊ လေဆိပ်၊ သင်္ဘောဆိပ်၊ အကျဉ်းထောင်)။ Soft

Infrastructure ဆိုသည်မှာ လူမှု စီးပွားရေးဆိုင်ရာ အခြေခံ အဆောက်အအုံများအတွက် ဝန်ဆောင်မှုများပေးခြင်းတို့ ဖြစ်ပါသည်။ (ဥပမာ လမ်း၊ သန့်ရှင်းရေး၊ ပညာရေး သို့မဟုတ် အသက်မွေးဝမ်းကျောင်းအတွက် သင်တန်းများ ပေးခြင်းနှင့် အခြားသော လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ။)

ပြည်သူ့အခြေခံအဆောက်အအုံများ ဖွံ့ဖြိုး တိုးတက်ရန်မှာ မည်သူ၌ တာဝန်အများဆုံး ရှိသည်ဟု ထင်ပါသနည်း။ ပြည်သူ့အကျိုးကို ရှေးရှုသော၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားသော အစိုးရ၌သာ တာဝန်ရှိသည် မဟုတ်ပါလော။ မှန်ပါသည်။ သို့သော်လည်း ထိုအဖြေသည် (၁၀၀) ရာခိုင်နှုန်း လုံးဝဇကန်မှန်သည် ဟုမဆိုလိုနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံတွင်း၌ အစိုးရသာမက စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူလူထုလည်း နေထိုင်နေကြခြင်းကြောင့် နိုင်ငံ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန်မှာ နေထိုင်သူအားလုံး၌ တာဝန်ရှိ၍ အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်မှာ အလွန်အရေးကြီးပါသည်။

အစိုးရအနေဖြင့် စည်းမျဉ်း၊ ဥပဒေများရေးဆွဲခြင်း၊ စီမံကိန်းများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို ပြည်သူ့အကျိုးအတွက် ဆောင်ရွက်သည်မှန်သော်လည်း အားနည်းချက်များ၊ လိုအပ်ချက်များ ရှိနေခြင်းကြောင့် ပြည့်ဝသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်မဖော်နိုင်ပေ။ ဥပမာ အစိုးရ၏ ဘဏ္ဍာရေး အခြေအနေအရသော်လည်းကောင်း၊ ကျွမ်းကျင်လုပ်သားများ အနေအထားအရသော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှု အဆင့်များအရသော်လည်းကောင်း၊ အထူးသဖြင့် နည်းပညာပိုင်းဆိုင်ရာ အသုံးပြုမှုအရသော်လည်းကောင်း။ ထိုလိုအပ်ချက်များကို ကုစားရန်မှာ ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ခြင်း နည်းလမ်းသည် အသုံးအဝင်ဆုံးဖြစ်ပါသည်။ သို့သော်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များသည် အမြတ်အများဆုံး ရရှိရေးကိုသာ ရှေးရှုသောကြောင့် သဘာဝသံဇာတများ ထုတ်ယူ သုံးစွဲခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် အဆင်မပြေမှုများ ရှိလာနိုင်ပါသည်။ ပြည်သူ့အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးပြန်ရချက်များကို မျှော်ကိုး၍ ရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍသည် ယှဉ်ပြိုင်မှုအားကောင်းပြီး ပြင်ပသက်ရောက်မှုများ (Externalities)နှင့်ပတ်သက်၍ တာဝန်ယူ ဆောင်ရွက်နိုင်ခြင်းမရှိပေ။

ထိုသို့သော အခြေအနေအရပ်ရပ်ကို အခြေခံ၍ ပြည်သူ့အခြေခံအဆောက်အအုံများ အထောက်အပံ့ပြုရေးတွင် နိုင်ငံများအား လုပ်ဆောင်သင့်သော နည်းလမ်းနှစ်ရပ်ကို နိုင်ငံတကာ သဘောတူညီမှုများအဖြစ် အကြံပြုထားပါသည်။ (၁) အစိုးရမှ တိုက်ရိုက် ထောက်ပံ့မှုနှင့် (၂) ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးတွင် လွယ်ကူအဆင်ပြေချောမွေ့စေရန် အထောက်အပံ့ ပေးရေးတို့ ဖြစ်ပါသည်။ ထိုနည်းလမ်းနှစ်သွယ်အနက် ပထမနည်းလမ်းမှာ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအားနည်းသော နိုင်ငံများအတွက် မဖြစ်နိုင်ပေ။

## မျှတ၍ နည်းစနစ်ကျသော ပူးပေါင်းဆောင်ရွက်မှုမှသည် အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုဆီသို့

ထိုအခက်အခဲများကို ဖြေရှင်းရန် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership – PPP)နည်းလမ်းကို အသုံးပြုလာကြပါသည်။

အစိုးရ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း (PPP) ဆိုသည်မှာ ပြည်သူ့အကျိုးပြု အခြေခံ အဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကာလရှည် စာချုပ်ချုပ်ဆိုပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။ လုပ်ကိုင်ဆောင်ရွက်ရမည့် တာဝန်များနှင့် စီမံခန့်ခွဲမှုများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား တိတိကျကျ ခွဲဝေသတ်မှတ် ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် ပူးပေါင်းဆောင်ရွက်ရာမှ ဖြစ်ပေါ်လာနိုင်သည့် စွန့်စားမှုများ၊ ကောင်းကျိုး၊ ဆိုးကျိုး သက်ရောက်မှုများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား မျှဝေခံစားခြင်းမျိုးလည်း ဖြစ်သည်။ ထို့ပြင် United Nation Economic Commission for Europe အဖွဲ့မှ Mr. Marek Belka (Executive Secretary) ကလည်း PPPသည် အကောင်းဆုံး ကမ္ဘာ့နစ်ခ ဖြစ်သည့် ကောင်းမွန်သော သွင်းအားစုများ၊ ထိရောက်သော စီမံခန့်ခွဲမှုအရည်အသွေးနှင့် ခေတ်မီသော နည်းပညာများ ပိုင်ဆိုင်သည့် ပုဂ္ဂလိကကဏ္ဍနှင့် စည်းမျဉ်းဥပဒေများ ကိုင်တွယ်

နိုင်သော၊ ပြည်သူ့အကျိုးရှေးရှုသော၊ ဆိုးကျိုးများ ကာကွယ်ပေးနိုင်သော အစိုးရကဏ္ဍတို့ ပေါင်းစည်းဆောင်ရွက်ခြင်း နည်းလမ်းဖြစ်သည်ဟု မှတ်ချက်ပြုထားပါသည်။ PPP သည် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့နှစ်ခုအကြား ဥပဒေအမြင်အရ ပူးပေါင်းဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ စာချုပ်ပေါ်တွင် အခြေခံ၍ စာချုပ်အမြင်သဘောအရ ပူးပေါင်းဆောင်ရွက်ခြင်းမျိုးလည်း ဖြစ်သည်။

အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း ဝေါဟာရသည် အမေရိကန်နိုင်ငံမှ စတင်ပေါ်ပေါက်လာပါသည်။ (၁၉၅၀) ခုနှစ် ကနဦးတွင် ပညာရေးအစီအစဉ်အတွက် အသုံးချမှုရန်ပုံငွေအဖြစ် အစိုးရနှင့် ပုဂ္ဂလိက ချိတ်ဆက်ဆောင်ရွက်မှုမှ စတင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်(၁၉၆၀) နောက်ပိုင်းတွင် မြို့ပြပြန်လည် တည်ဆောက်ရေးလုပ်ငန်းများအတွက် အစိုးရပြည်သူ ပူးပေါင်းဆောင်ရွက်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်လာကြသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ လူမှုရေးဝန်ဆောင်မှုများအတွက် ပြည်သူ့ရန်ပုံငွေများကို စနစ်တကျစီမံခန့်ခွဲ အကောင်အထည်ဖော်ခြင်းဟုလည်း ရှုမြင်လာကြပါသည်။

နောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များ (ဥပမာ - အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေး၊ ငှက်ဖျားရောဂါ) နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များတွင် ဆောင်ရွက်လာကြပါသည်။ အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်မှု (Joint Government)၊ အထောက်အပံ့ပေးရေးအဖွဲ့ (Aid Agency)၊ ပုဂ္ဂလိကကဏ္ဍ၏ ပဏာမခြေလှမ်း (Private-Sector-Initiative)စသည့်နည်းလမ်းများကို အသုံးပြုခဲ့ပါသည်။ အဆိုပါနည်းလမ်းအများစုသည် PPP ၏ မူဝါဒကို အခြေခံခြင်း (Policy-Based) နှင့် အစီအစဉ်များ အခြေခံခြင်း (Programme-Based) ဟူ၍ နှစ်မျိုးခွဲနိုင်ပါသည်။

PPPs နှင့် ပတ်သက်၍ အဖွဲ့အစည်းအသီးသီး၊ နိုင်ငံအသီးသီးမှ ပညာရပ်ဆိုင်ရာ ခေါ်ဝေါ်သော ဝေါဟာရ အသုံးအနှုန်းအမျိုးမျိုးရှိပါသည်။

* ကမ္ဘာ့ဘဏ်မှ Public Participation in Infrastructure (PPI)
* ဖွံ့ဖြိုးတိုးတက်မှုဘဏ်ဆိုင်ရာ ကိစ္စရပ်များတွင် Private-Sector Participation (PSP)
* မြောက်အမေရိကအသုံးအနှုန်း P3
* ဩစတြေးလျ အသုံးအနှုန်း Privately-Financed Projects (PFP)
* စီးပွားရေးအသုံးအနှုန်း P-P Partnership (Purchasing Power Parity-PPP နိုင်ငံအသီးသီးရှိငွေကြေးလဲလှယ်မှုနှုန်းထားများ နှိုင်းယှဉ်ခြင်း)
* ဗြိတိန်၏အသုံးအနှုန်းဖြစ်ပြီး ယခုအခါ ဂျပန်နှင့် မလေးရှား၌လည်း အသုံးပြုလာသော အသုံးအနှုန်း Private Finance Initiative (PFI)

PPP ဝေါဟာရသည် အသစ်ဖြစ်သော်လည်း ပုဂ္ဂလိက၏ အရင်းအနှီးများကို အစိုးရ၏ ပြည်သူ့အခြေခံ အဆောက်အအုံများအတွက် အထောက်အပံ့ပေးခြင်းဟူသော သဘောတရားမှာ အဆန်းတကြယ်မဟုတ်ပေ။ (၁၈) ရာစုနှင့် (၁၉) ရာစုနှောင်းပိုင်းတွင် ဗြိတိန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးများမှ လမ်းတံတားဖြတ်သန်းခ (Turnpike Trusts) နှင့် ပတ်သက်၍ ပုံစံရေးဆွဲခဲ့ခြင်းဖြစ်သည်။ ၎င်းမှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများထံမှ လမ်း၊ တံတားများကို ပြုပြင်ရန်အတွက် ငွေချေးငှားခဲ့ပြီး ၎င်းချေးငွေကို ပြန်လည်ပေးဆပ်နိုင်ရန်အတွက် ထိုလမ်း၊ တံတားကို အသုံးပြုသူများထံမှ ကျသင့်ငွေ (အဖိုးအခ)ကို ပြန်လည်ကောက်ခံခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်နိုင်ငံရှိ လမ်း၊ တံတားအများစု တည်ဆောက်ပြုပြင်ရေးတွင် ၎င်းနည်းလမ်းကို အသုံးပြုခဲ့ကြပါသည်။ (၁၉) ရာစုနှောင်းပိုင်းတွင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ ဘရွန်ကလင်းတံတားသည်လည်း ပုဂ္ဂလိကငွေအရင်းအနှီးဖြင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ပုဂ္ဂလိကငွေအရင်းအနှီးဖြင့် တူးမြောင်းများ ဖောက်လုပ်ခြင်းလုပ်ငန်းကိုလည်း ပြင်သစ်နိုင်ငံတွင် (၁၇) ရာစုမှ စတင်လုပ်ဆောင်ခဲ့ပါသည်။

(ရှေ့လဆက်ရန်)



# ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ၏ အလားအလာ

| သိန်းသိန်းစံ |

မူဝါဒကို အာရုံမစိုက်ဘဲ ကိန်းဂဏန်းများကိုသာ အာရုံစိုက်ခြင်းသည် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုအတွက် အန္တရာယ်အများဆုံးကိစ္စရပ်တစ်ခုဖြစ်ကြောင်း W.Arthur Lewis ၏ Development Planning စာအုပ်တွင် ဖတ်ရှုလေ့လာမှတ်သားဖူးပါသည်။ ဖွံ့ဖြိုးမှုစီမံကိန်းများကို အောင်မြင်အောင် ရေးဆွဲဆောင်ရွက်ရာတွင် အရေးကြီးသော အကြောင်းအရာအများအပြားရှိသည့်အနက် ကိန်းဂဏန်းမှာ တစ်ခုအပါအဝင်ဖြစ်သော်လည်း ကိန်းဂဏန်းပါဝင်မှုကို အဓိက ဦးစားပေးလုပ်ဆောင်နေပါက အောင်မြင်နိုင်မည် မဟုတ်ကြောင်း ဖော်ပြလိုရင်းဖြစ်သည်။ ပြည့်စုံကောင်းမွန်သော စီမံကိန်းတစ်ခုကိုရေးဆွဲရာတွင် ကိန်းဂဏန်းများ ပြည့်စုံကောင်းမွန်ရုံနှင့် မဖြစ်နိုင်ပါ။ ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခု ရေးဆွဲရန်အတွက် အရေးကြီးသောကိစ္စရပ်မှာ စီမံကိန်းတစ်ခုနှင့်တစ်ခု ဟန်ချက်ညီရေး၊ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်မည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးတို့မှာ အဓိကအကြောင်းအချက်များ ဖြစ်သည်။ ထို့အပြင် ဆောင်ရွက်မည့် စီမံကိန်းသက်ရောက်မည့်ဧရိယာ၏ ပကတိအခြေအနေကို သိရှိရန်လည်း အလွန်အရေးကြီးပါသည်။ ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုရေးဆွဲရာတွင် အဓိကအားဖြင့် လက်ရှိစီးပွားရေးအခြေအနေကို သိရှိနိုင်ရန် စစ်တမ်းကောက်ယူခြင်း၊ ပြည်သူ့ဘဏ္ဍာငွေအသုံးစရိတ်စာရင်းများ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှု၊ မေခရို စီးပွားရေး ဖြစ်ပေါ်မှု အခြေအနေများအပြင်၊ အစိုးရ၏မူဝါဒများအပေါ်တွင် လေ့လာသုံးသပ်ချက် များလည်း ပါဝင်သင့်

ကြောင်း နိုင်ငံတကာအတွေ့အကြုံများ က ဖော်ပြကြသည်။ ထိုအခြေအနေအရပ်ရပ်ကို သိရှိပြီး မှသာလျှင် စီမံကိန်း၏ စီးပွားရေးအရသာမက လူမှုရေးအရ ပါ အကျိုးသက်ရောက်မှု ရှိမရှိနှင့် ဖြစ်နိုင်ခြေ ရှိမရှိတို့ကို ကြိုတင်ခန့်မှန်း သိရှိထား နိုင်မည်ဖြစ်သည်။

စီမံကိန်းတစ်ခုနှင့်တစ်ခု ဟန်ချက်ညီရေးသည် အောင်မြင်သောစီမံကိန်းများအတွက် အဓိကသော့ချက် ဖြစ်သည်။ ဟန်ချက်ညီသော စီမံကိန်းများမရေးဆွဲနိုင်သမျှ ထိုနိုင်ငံ၏ စီမံကိန်းများမအောင်မြင်နိုင်ဟုပင် ပြောနိုင်ပါ သည်။ ဥပမာ-ရေရရှိရေးနှင့် ကျောင်းကျန်းမာရေးစီမံကိန်း ဖြစ်ပါသည်။ ကျောင်းကျန်းမာရေးစီမံကိန်းများသည် ငါးနှစ်အောက် ကလေးသေဆုံးမှု၊ အခြေခံပညာအဆင့် အလိုက် အတန်းပညာသင်ယူပြီးဆုံးမှု တိုးတက်ရရှိနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအထိ အရေး ပါသောကြောင့် ကျောင်းကျန်းမာရေးစီမံကိန်းများကို စနစ် တကျ ထိရောက်စွာ ဆောင်ရွက်ရန် အရေးကြီးပါသည်။ ကျောင်းကျန်းမာရေးကိစ္စများ ဆောင်ရွက်ရာတွင် အိမ်သာ သန့်ရှင်းရေး၊ လက်သန့်ရှင်းရေးစသည့် ကိစ္စရပ်များ ဆောင် ရွက်လေ့ရှိသည်။ သောက်သုံးရေသန့်ရှင်းရေးသည်လည်း အရေးပါသည်။ ထို့ကြောင့် ကျောင်းကျန်းမာရေး ကိစ္စ ရပ်များ ဆောင်ရွက်ခြင်းကို ကျောင်းအတွင်းရေရရှိရေး နှင့် တွဲဖက်လုပ်ဆောင်သင့်ပါသည်။ သန့်ရှင်းရေးနှင့် သန့်လေး သန့် စီမံကိန်းကို ဆောင်ရွက်ရာတွင်လည်း ရေကို အခြေခံ ရသည်။ ကျောင်းသားလူငယ်များအား အိမ်သာမှ ထွက်လာ တိုင်း လက်ဆေးရန်၊ အစာမစားမီ လက်ဆေးရန် စသည် အားဖြင့် ပညာပေးမှုများ ပြုလုပ်သော်လည်း လက်တွေ့ လိုက်နာကျင့်သုံးရန်အတွက် ကျောင်းတွင် သန့်ရှင်းသော သောက်သုံးရေ၊ လက်ဆေးရန်ရေနှင့် ဆပ်ပြာ တို့ကို အလွယ် တကူထားရှိခြင်းကို မဆောင်ရွက်နိုင်လျှင် ထိုစီမံကိန်းများ အောင်မြင်နိုင်မည်မဟုတ်ပါ။ ထို့အတူ ပို့ကုန်သွင်းကုန် မူဝါဒနှင့် ပြည်တွင်းထုတ်လုပ်မှုအခြေအနေ၊ အခွန် ကောက်ခံခြင်းနှင့် မေခရိုစီးပွားရေးအခြေအနေများသည် လည်း ချိတ်ဆက်နေသည့်အတွက် စီမံကိန်းတစ်ခု ရေးဆွဲ သည့်အခါတိုင်း ဆက်စပ်နေသောကဏ္ဍများကို လေ့လာ သုံးသပ်ရန် လိုအပ်နေသည်။ ဥပမာအားဖြင့် ပြည်တွင်း ဆန်စပါး ထုတ်လုပ်မှုကျဆင်းနေချိန်တွင် ပြည်ပ ပို့ကုန်များ တင်ပို့ရေးအတွက် ဆန်စပါးကို အဓိကထား တင်ပို့ရန် ပို့ကုန်လိုင်စင်များ လွယ်ကူစွာရရှိအောင် ဆောင်ရွက်ပေး သော်လည်း ဆန်စပါးပို့ကုန်ကဏ္ဍမှ ဝင်ငွေသိသာစွာ တိုးတက်လာရန် မမျှော်လင့်နိုင်ပေ။ မူဝါဒတစ်ခုနှင့် တစ်ခု စီမံကိန်းတစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုများကို ထိရောက်စွာ လေ့လာသုံးသပ်ရန်လည်း အရေးကြီးပါသည်။

စီမံကိန်းများအောင်မြင်ရေးအတွက် အရေးကြီး သော နောက်အချက်တစ်ခုမှာ ကဏ္ဍအလိုက် ချိတ်ဆက်မှု ဖြစ်ပါသည်။ စီမံကိန်းတစ်ခုကို ဆောင်ရွက်ရာတွင် ဌာန အဖွဲ့အစည်းများအကြား ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက် ခြင်းဖြင့် စီမံကိန်းအောင်မြင်စေရေး၊ နိုင်ငံတော် ဘဏ္ဍာငွေ များ သက်သာရေး၊ လျှော့ပါးစေရေးတို့အတွက် အားကောင်း သထက် အားကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ဌာနအဖွဲ့အစည်းများအကြား စီမံကိန်းရေးဆွဲခြင်းအတွက် စာရင်းအင်းအချက်အလက်များ ရရှိစေရေး ပူးပေါင်း ဆောင်ရွက်ရာတွင် စာရင်းအင်းအချက်အလက်များ မျှဝေ ရေးကို ပြုလုပ်ရန်လည်း လိုအပ်ပါသည်။ ဦးစီးဌာန၊ အဖွဲ့ အစည်းတစ်ခုအနေဖြင့် စာရင်းအင်းအချက်အလက် ရရှိရေး အတွက် ကွင်းဆင်း၍ စစ်တမ်းကောက်ယူခြင်းကြောင့် ဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ၊ ထိုရရှိလာ သော သတင်းအချက်အလက်များကို စီမံကိန်းရေးဆွဲရာ တွင် အထောက်အကူပြုသော ဒေတာများအဖြစ် မျှဝေ အသုံးပြုရန် လိုအပ်ပါသည်။ ဤနေရာတွင် စစ်တမ်း ကောက်ယူရန်အတွက် ဘဏ္ဍာငွေကို နိုင်ငံတော် ရန်ပုံငွေမှ သော်လည်းကောင်း၊ အခြားချေးငွေထောက်ပံ့ငွေ စသည် အားဖြင့် မည်သည့် ရင်းမြစ်မှရရှိသော ဘဏ္ဍာငွေကို အသုံး ပြုသည် ဖြစ်စေကာမူဘဏ္ဍာငွေကို တတ်နိုင်သမျှ ထိရောက် အကျိုးရှိစွာအသုံးပြုရန် အလွန်အရေးကြီးသည်။ ထိရောက် စွာ အသုံးပြုရန်အတွက် ဌာနအဖွဲ့အစည်းအားလုံးသည် စီမံကိန်းရေးဆွဲခြင်းဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက် ရန် လိုအပ်ပါသည်။ စစ်တမ်းကောက်ယူခြင်း ကိစ္စရပ်များ တွင်လည်းကောင်း အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် စာရင်း အင်းကောက်ယူရာတွင်လည်းကောင်း တူညီသော စာရင်း အင်းအချက်အလက်တစ်ခုကို အဖွဲ့အစည်းဌာနနှစ်ခု၊

သုံးခုမှ ပြုလုပ်ဆောင်ရွက်ရန် မလိုအပ်ဘဲ ဌာနတစ်ခုတည်းမှ ဆောင်ရွက်ရုံနှင့် လုံလောက် နိုင်ပါသည်။ သို့ရာတွင် ထိုစစ်တမ်း သို့မဟုတ် စာရင်းအင်း အချက်အလက် ရယူ ဆောင်ရွက်ရာတွင် လုပ်ငန်းမစတင်မီကပင် ဌာနအချင်းချင်း ညှိနှိုင်း ဆွေးနွေးမှုများ ကြိုတင်ပြု လုပ်၍ အကြံဉာဏ်များ ရယူ ဆောင်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဘဏ္ဍာငွေ ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ခြင်းဆိုသော အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။

ယခုနောက်ပိုင်းတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပက်သက်၍ Cooperation၊ Coordination နှင့် Collaboration တို့ကိုလုပ်ငန်းအောင်မြင်ရေးအတွက် C3မူဘောင် တစ်ခုအဖြစ် ရေးသားဖော်ပြ၍ လာသည်ကို လေ့လာတွေ့ရှိ ရသည် (Coordination,Cooperation, and Collaboration: Defining the C3 Framework, Breanna Weaver, 2011)အဆိုပါ (C3)စီသရီးမူဘောင်ကို အဖွဲ့အစည်းများတွင် လည်းကောင်း၊ ကုမ္ပဏီများတွင်လည်းကောင်း အသုံးပြု ခြင်းဖြင့် ရရှိနိုင်သော ရလဒ်ကောင်းများကို လေ့လာ သုတေသနပြုလာကြသည်။ အမေရိကန်နိုင်ငံ ကိန်းဘရစ်ချ် တက္ကသိုလ်၏ အဓိပ္ပာယ် ဖွင့်ဆိုချက်အရ (Coordination) သည် အဖွဲ့အစည်းအတွင်း လုပ်ဆောင်နေသောလုပ်ငန်းကို အတူတကွ ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်းဟု လည်းကောင်း၊ Cooperation သည် ပညာရပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို တွဲဖက်လုပ်ကိုင်ခြင်း သို့မဟုတ် အတူတကွ လုပ်ဆောင်ခြင်း Collaborationသည် နှစ်ယောက်ထက်ပိုသောလူများက အကြောင်းကိစ္စတစ်ခုကို အတူတကွ ပုံဖော်လုပ်ဆောင်ခြင်း ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုမှု များအရ အနည်းငယ်ကွဲပြားခြားနားသည်ဟု ထင်ရသော် လည်း (C3) စီသရီး၏ အဓိကဦးတည်ချက်မှာ လုပ်ငန်း အောင်မြင်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း ပင် ဖြစ်သည်။ ထိုမူဘောင်ကို စီမံကိန်းရေးဆွဲခြင်းတွင် လည်း အသုံးပြုသင့်ပါသည်။ အထူးသဖြင့် စီမံကိန်းရေးဆွဲ ခြင်းလုပ်ငန်းသည် ပူးပေါင်းဆောင်ရွက်မှုမရှိပါက မည်သည့် နည်းနှင့်မျှ အောင်မြင်နိုင်မည် မဟုတ်ပါ။

မြန်မာနိုင်ငံ၏ စီမံကိန်းရေးဆွဲခြင်းစနစ်တွင် ရှိနေသော အဓိကအားနည်းချက်များကိုလေ့လာကြည့်ပါက ကိန်းဂဏန်း အချက်အလက်များ တိကျမှန်ကန်မှု အားနည်းခြင်း၊ ကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းချက်ခြင်းစသည်တို့ကို ယေဘုယျအားဖြင့် တွေ့မြင်နိုင်ပါသည်။ ကိန်းဂဏန်းအချက်အလက်များ ပြည့်စုံတိကျမှန်ကန်စေရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာနမှ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသော် လည်း အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ပူးပေါင်း ဆောင်ရွက်မှုသည်လည်း အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ စစ်တမ်းကောက်ယူခြင်းကိစ္စတွင် စာရင်းကောက်ယူသူများ၏ အခန်းကဏ္ဍမှာ အရေးပါ သကဲ့သို့ ဖြေဆိုသူ နိုင်ငံသားများ၏ အခန်းကဏ္ဍသည် လည်း အဓိကဖြစ်သည်။ ဖြေဆိုသူများ၏ အဖြေများ တိကျ မှန်ကန်မှုရှိစေရေးအတွက် ပညာပေးမှုများ ပြုလုပ်ပေးရန် ရှိနေပါသေးသည်။ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်း များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းလျက်ရှိနေ သေး သည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရမည့် အခြားဌာန အဖွဲ့အစည်းများအား မကြာခဏသင်တန်းများ ဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ လိုအပ် သော အကြောင်းအရာများ ညှိနှိုင်းဆောင်ရွက်ရေးတို့အတွက် အစည်းအဝေးများ ဖိတ်ကြားကာ ဆောင်ရွက်လျက်ရှိပါ သည်။ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများအနေဖြင့် လည်း အစည်းအဝေးများ ဖိတ်ကြားလာသည့်အခါ စီမံကိန်း ရေးဆွဲခြင်းကို လက်တွေ့လုပ်ဆောင်နေသော အမှုထမ်း အရာထမ်းများကိုသာ အစည်းအဝေးများသို့ တက်ရောက် ဆောင်ရွက်စေသင့်ပါသည်။ ထိုသို့မဟုတ်ပါက ညှိနှိုင်း ဆောင်ရွက်လိုသော ကိစ္စရပ်များကို မိမိဌာနတွင်း ပြန်လည် ရှင်းလင်းပြောဆိုရာတင်ပြရာ၌ နားလည်မှုလွဲမှားခြင်း၊ အဓိပ္ပာယ် ကောက်ယူမှုလွဲမှားခြင်းတို့ ဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံ အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲဆောင်ရွက်နေချိန်၊ ပြည်သူ့ ဘဏ္ဍာကို အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်ရေးအတွက် ကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် (C3)စီသရီးမူဘောင် အတိုင်း ကျရာကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။



# ရောင်ခြည်ဖြာတဲ့ ဆန္ဒနဲ့ ပညာပြည့်တဲ့ ဘဝတည်ဆောက်မည်

| ဒေါက်တာဥမ္မာလင်း (မော်ကွန်းတိုက်) |

အရွယ်သုံးပါးတွင် ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ် တရားရှာဆိုသည့် ဆိုရိုးစကားရှိသော်ငြားလည်း ယနေ့ပညာခေတ်တွင်မူ ပညာကိုအရွယ်သုံးပါးမရွေး လေ့လာဆည်းပူးနေကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ''ပညာလို၊ အိုသည်မရှိ'' ဆိုသည့်စကားပုံသည် မျက်မှောက်ခေတ် အချိန်ကာလနှင့် ပိုမိုကိုက်ညီမှုရှိလှပေသည်။ ''ပညာသမာအာဘာနတ္ထိ'' ပညာနှင့်တူသော အလင်းရောင်သည်မရှိ။ ပညာကိုအလင်းရောင်နှင့် နှိုင်းယှဉ်ကြသည်။ ပညာကို ရွှေအိုးနှင့်လည်း တင်စားကြသည်။ ပညာသည် လူသားတိုင်းအတွက် မွန်မြတ်သည့်ရတနာ တစ်ပါးဖြစ်သည်။ အဖိုးနဂ္ဃ ထိုက်တန်သည့် အဆင်တန်ဆာလည်း ဖြစ်သည်။

ငယ်စဉ်အခါက အခြေခံကျောင်းများတွင် ''မိမိကိုယ်ကိုယ် ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကိုကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်'' ဟူ၍ နေ့စဉ်ရွတ်ဆိုခဲ့ကြရသည့် ဆောင်ပုဒ်လေးအတိုင်း လူတိုင်းကိုယ်စီ ဆောင်ရွက်နိုင်ရန်အတွက် ပညာရည်ပြည့်ဝရန် လိုအပ်ပါသည်။ အရှေ့တောင်အာရှ အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံသည် ဖွံ့ဖြိုးမှုအများဆုံး၊ စည်းကမ်းအရှိဆုံး၊ လေးစားစရာ၊ အတုခိုးစရာများဖြင့် ခေတ်မီတိုးတက်သောနိုင်ငံအဖြစ် ရှေ့ဆုံးမှချီတက်နေခြင်းသည် နိုင်ငံသား တစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ

ပြည့်စုံမှုရှိခြင်းကြောင့်ပင် ဖြစ်သည်။ ကိုယ်ရည်ကိုယ်သွေး အပြည့်အဝဖွံ့ဖြိုးစေရန် ပညာကိုအရွယ်သုံးပါးမရွေး လေ့လာဆည်းပူးကြရန် လိုအပ်ပါသည်။ စာပေမြင့်မှ လူမျိုးတင့်မည် ဖြစ်သည့်အတွက် လူသားတိုင်း ပညာရည်ပြည့်ဝစေခြင်းဖြင့် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်ကြရပေမည်။

ဘဝဆိုသည်မှာ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းနိုင်ရန်အတွက် မိမိဘဝကို မိမိဆန္ဒနှင့်အညီ ကိုယ်တိုင်ပုံဖော်စီမံခန့်ခွဲနိုင်ခြင်းဖြစ်သည်။ ဘွဲ့တစ်ဘွဲ့ရပြီး အလုပ်တစ်ခုရရုံနှင့် မိမိဘဝကို ရောင့်ရဲကျေနပ် မနေသင့်ပေ။ ပညာရည်ပြည့်ဝသည့် ဘဝဖြစ်လာစေရန် ယုံကြည်ချက်၊ ခံယူချက်၊ ရည်မှန်းချက် ကိုယ်စီဖြင့် အဆင့်မြင့်ပညာ၊ ဘွဲ့လွန်ပညာများကို အရွယ်သုံးပါးစလုံး ဆက်လက် လေ့လာဆည်းပူးခြင်းဖြင့် ပညာအလင်းရောင်များ ထွန်းညှိကြရမည် ဖြစ်သည်။ မိမိတစ်ဦးတည်းဘဝ၊ မိမိမိသားစုဘဝအတွက် သာမက မိမိနိုင်ငံအတွက်ဆိုသည့် ပြင်းပြသောဆန္ဒများဖြင့် မိမိ၏ ဘဝတန်ဖိုးကို မြှင့်တင်ကြရမည် ဖြစ်သည်။ ပညာအားကိုးခြင်းဖြင့် လူနေမှုဘဝ၊ ဗဟုသုတနှင့် အတွေးအခေါ်များပါ ဖွံ့ဖြိုး ရှင်သန်စေပါသည်။ ပညာသည် အမှားအမှန်ကို အလင်းပြပေးနိုင်သည်။ အကောင်းအဆိုးကို ခွဲခြားပေးကာ ဉာဏ်အလင်းရောင်ကို ဖွင့်ပေးနိုင်သည့် ပဲ့ကိုင်ရှင်ဖြစ်သည်။ ပညာအလင်းရောင် မီးကုန် ယမ်းကုန်ထွန်းညှိခြင်းသည် သုတ၊ ပညာအဖြာဖြာကို သိရှိတတ်မှတ် နားလည်စေနိုင်ပါသည်။

လူသားတို့၏ဘဝတွင် ပညာပြည့်စုံသည့်လူများနှင့် ပညာချို့တဲ့သည့်လူများ ဟူ၍ လူတန်းစားအလွှာနှစ်လွှာ ရှိပါသည်။ ပညာအခြေခံ ချို့တဲ့မှုများပြားလာခြင်းသည် ကမ္ဘာကြီး၏ တိုးတက်မှုကို နောက်ပြန်ဆွဲချနေသကဲ့သို့ ဖြစ်နေပါသည်။ ပြောင်းလဲနေသောကမ္ဘာတွင် အသိပညာ၊ အတတ်ပညာနောက်ကျနေသည့် နိုင်ငံများသည် ဆုံးရှုံးမှုများစွာနှင့် ရင်ဆိုင်နေကြရသည်ကို အားလုံးအသိပင် ဖြစ်သည်။ မျိုးဆက်ကောင်းများ အပင်သန်မာကြီးထွားလာစေရန်မှာ မြေတောင်မြှောက်ပေးမည့် ဥယျာဉ်မှူးကောင်းများရှိရန် လိုအပ်ပါသည်။ ငယ်စဉ်က မိမိဖြတ်သန်းခဲ့ရသည့် ဘဝတစ်လျှောက်တွင် အကြောင်းအမျိုးမျိုးကြောင့် မိမိလိုချင်ခံ့မင်ခဲ့သည့် အဆင့်မြင့်ပညာရပ်များကို သင်ယူခွင့်မရခဲ့




သော်လည်း ယနေ့အချိန်အခါတွင် နိုင်ငံတော်၏အစီအမံဖြင့် ဆည်းပူးခွင့်၊ လေ့လာခွင့်များ ရရှိနေပြီဖြစ်သည်။ ထို့ကြောင့် လူတန်းစားအလွှာအသီးသီး၊ ဌာနအသီးသီး၊ ဝန်းကျင်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာဖြင့် ရုပ်လုံးဖော်ကြရမည်။ ပညာ၏ တန်ဖိုးကိုမသိသည့်အခါ ထိုတန်ဖိုး၏ အကျိုးတရားများကို ခံစားနိုင်ခွင့်မရတော့ပါ။ ပညာပြည့်စုံမှသာလျှင် သင့်တင့်လျောက်ပတ်သော အခွင့်အလမ်းများကို ဖန်တီးရရှိနိုင်ပြီး လူ့ဘောင်လူ့လောက သာယာစေမည် ဖြစ်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ပါရဂူဘွဲ့ရ (၃၀)ဦး၊ ပြည်ပ Master ဘွဲ့ရ(၁၆၈)ဦး စုစုပေါင်း (၁၉၈) ဦးရှိပါသည်။ ( ၅-၃-၂၀၁၈) ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးသည် ပါရဂူဘွဲ့ရဝန်ထမ်းများနှင့် ပြည်ပ Master ဘွဲ့ရဝန်ထမ်းများအား တွေ့ဆုံကာ ပညာရေးနှင့်ပတ်သက်ပြီး အလေးထားကြောင်းကို ပြသခဲ့သည်။ တိုင်းပြည်တိုးတက်စေခြင်း သို့မဟုတ် ဆုတ်ယုတ်စေခြင်း ဆိုသည်မှာ ပညာတတ် ပေတံနှင့် တိုင်းတာသည့်အတွက် ဝန်ကြီးဌာနအတွင်းရှိ ဝန်ထမ်းများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ အသုံးဝင်မှု (Use Value)ကို ပိုမိုမြှင့်တင်ကြရန်၊ ရရှိထားသည့်ပညာရပ်များနှင့် မိမိ၏ဝန်းကျင်ကို သဟဇာတဖြစ်အောင် ဆောင်ရွက်ကြရန်၊ ပညာနှင့်ပတ်သက်ပြီး အလေးထားကြရန်နှင့် ဝန်ထမ်းများလူမှန် နေရာမှန် စွမ်းရည်မှန်ဖြစ်စေရန်အတွက် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားခဲ့သည်။

ပြောင်းလဲတိုးတက်နေသည့်ခေတ်ကာလနှင့်အညီ

လူသားအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်အကောင်အထည်ဖော်ဆောင်ရာတွင် ဝန်ထမ်းတိုင်း၊ နိုင်ငံသားတိုင်း ထူးချွန်ထက်မြက်၍ စွမ်းဆောင်ရည်ကောင်းမွန်စေရန် အရေးကြီးပေသည်။ နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဝန်ထမ်းအခြေပြုတိုးတက်ရေးတို့သည် အဓိကအရေးကြီးသည့်အချက်များပင် ဖြစ်သည်။ ပြည်ပနိုင်ငံများတွင် ကာလရှည်၊ ကာလတိုသွားရောက်၍ လေ့လာဆည်းပူးခဲ့ကြသည့် ဝန်ထမ်းများသည် ဘာသာရပ် ဆိုင်ရာ ဘွဲ့များအလိုက် အသုံးချစေခြင်းဖြင့် ဘာသာရပ်ဆိုင်ရာလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားလာမည် ဖြစ်သည်။ မိမိလေ့လာသင်ယူခဲ့သည့် အတွေ့အကြုံဗဟုသုတများအား မိမိဝန်းကျင်၊ မိမိဌာနနှင့် လိုက်လျောညီထွေဖြစ်အောင် တီထွင်ကြံဆနိုင်မှသာ လုပ်ငန်းခွင်အသုံးချခွင့် ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်သည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်သည်နှင့် အညီတိုးတက်နေသော ကမ္ဘာ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ပညာတတ်ဦးရေတိုးပွား လာစေရန် အမှန်တကယ် လိုအပ်နေပါသည်။ သို့မှသာ ပြီးပြည့်စုံသော အေးချမ်းသာယာသည့် လူမှုဘဝကို နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ ရပ်တည်နိုင်မည်ဖြစ်သည်။ ယနေ့အချိန်အခါသည် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်မြင့်သည်နှင့်အညီ နိုင်ငံသားတစ်ဦးချင်းစီ၏ ManPower များခိုင်မာစွာ တည်ဆောက်နိုင်ရေးကို အလေးပေးဆောင်ရွက်နေချိန်ဖြစ်သည်။ နိုင်ငံသားတိုင်း၏ တွေးခေါ်မှု ပုံစံများ ပြောင်းလဲလာပြီး စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံသားများ ပေါ်ထွန်းလာမှသာ အနာဂတ်နိုင်ငံတော် ပြုပြင်ပြောင်းလဲရာတွင် အထောက်အပံ့ကောင်းများ ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူအကြားပေါင်းကူးပေးသည့် အကျိုးဆောင်သူများဖြစ်သည့်အတွက် ကမ္ဘာကြီး၏ စိန်ခေါ်မှုများကို ပညာတတ်စွမ်းအားဖြင့် စုပေါင်းကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ကြရပေမည်။ မိမိရရှိထားသည့် ဘာသာရပ်ကို အခြေခံ၍ တာဝန်ထမ်းဆောင်စေခြင်းသည် မိမိတာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်မှုရှိခြင်း၊ ပြဿနာအရပ်ရပ်နှင့် တွေ့ကြုံပါက ခွဲခြမ်းစိတ်ဖြာအဖြေရှာနိုင်ခြင်း၊ တာဝန်ယူရသည့် လုပ်ငန်းများ မြန်ဆန်စေလျင်စွာ ပြီးစီးဆောင်ရွက်နိုင်ခြင်းကြောင့် အချိန်ကုန်သက်သာခြင်း၊ ပူးပေါင်းဆောင်ရွက်ရသည့်လုပ်ငန်းများတွင် တီထွင်ဖန်တီးနိုင်စွမ်းရှိခြင်း စသည့် အကျိုးတရားများကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ယနေ့ကမ္ဘာသည် လက်ရှိမြန်မာနိုင်ငံအပေါ်ရှုမြင်သုံးသပ်မှုများမှာ ယခင်နှင့် မတူများစွာ ကွာခြားသည်ကို တွေ့ရသည်။ ပညာသင်ယူလေ့လာချင်သူများအတွက် အရှေ့တောင်အာရှနိုင်ငံ၊ အာရှနိုင်ငံများတွင်သာမက အင်အားကြီး အနောက်နိုင်ငံများသို့ပင် သွားရောက်ကာ ပညာလေ့လာဆည်းပူးနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိနေပြီဖြစ်သည်။ ပြည်ပနိုင်ငံများသို့ သွားရောက်ကာ ပညာသင်ယူနိုင်သည့် ပညာတတ်ဦးရေ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာခြင်းသည် နိုင်ငံသိသိသာသာအောင်မြင်တိုးတက်လာသည့် အချက်တစ်ချက်ဖြစ်ပါသည်။ ပြောင်းလဲခြင်းမှ ထွက်ပေါ်လာသည့် ရလဒ်ပင် ဖြစ်သည်။ နိုင်ငံဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ ဆန္ဒနှင့်အညီ ပြည်သူများအကျိုးဖြစ်ထွန်းစေရန်အတွက် ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေချိန်တွင် လူသားတိုင်းပညာအားကိုးခြင်းဖြင့် ဘဝဖွံ့ဖြိုးစေရန် ကြိုးစားကြရမည်ဖြစ်သည်။

"ဇမ္ဗူဝန်းကျင်၊ မြေအပြင်သည်၊ လေးအင်သမုဒ္ဒရာ၊ ပိတ်ဆီးကာ၏။ အိမ်မှာဝင်းခြံ၊ စောင့်ရှောက်ရံ၏။ နိုင်ငံ တစ်ခွင်၊ ထက်ဝန်းကျင်၌ များဖျင်သိန်းသောင်း၊ လူအပေါင်း ကား၊ မင်းကောင်းရာဇာ၊ စောင့်ဆီးကာ၏" ဟူသည့် စဏကျနိတိတွင် ဖော်ပြပါရှိသည့်အတိုင်း ပြည်သူ့အစိုးရ၏ အဓိကလိုလားချက်များဖြစ်သည့် ငြိမ်းချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်သစ် ပုံဖော် နိုင်ရေးအတွက် နိုင်ငံ၏ပုံရိပ်ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ပညာရည်ထူးချွန်ထက်မြက်စေရန် မလျော့သောခွဲ၊ လုံ့လ၊ ဝီရိယတို့နှင့် ကြိုးပမ်းကာရောင်ခြည်ဖြာတဲ့ ဆန္ဒနှင့် အတူ ပညာပြည့်တဲ့ဘဝတည်ဆောက်ကြရန် ဆန္ဒပြုရေးသားလိုက်ရပါသည်။



# တောင်တန်းညိုနှင့် ပင်လယ်ပြာတို့၏ ချစ်သော တနင်္သာရီ

မယု(စက်မှု)

မြန်မာနိုင်ငံတွင် နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၅) ခုရှိသည့်အနက် မြန်မာနိုင်ငံ၏ တောင်ဖက်အစွန်ဆုံးနှင့် အောက်ဖက်အကျဆုံးဒေသ၊ မြန်မာပြည်မြေပုံ၏ ခြေထောက်ဟုခေါ်ဆိုနိုင်သည့် တနင်္သာရီတိုင်းဒေသကြီးသည် နယ်မြေဒေသအရ ကျဉ်းမြောင်း၍ ရှည်လျားသည့် ကမ်းရိုးတန်းဒေသကြီးဖြစ်သော်လည်း ကျွန်းပေါင်း (၈၀၀)ကျော်ရှိပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပါသည်။ စာရေးသူအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးသို့ တာဝန်ထမ်းဆောင်ရန် စတင်ထွက်ခွာစဉ်ကတည်းကပင် မုန်တိုင်းကြောင့် အဆက်မပြတ် ရွာသွန်းနေသောမိုးနှင့်အတူ အေးမြစိုစွတ်မှုတို့ကို စတင်ခံစားရခြင်းပင် ဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေရုံသာမက ပင်လယ်ရေလမ်းကြောင်း ဝင်ထွက်သွားလာနိုင်သည့် တံခါးပေါက်လည်းဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၏ မြို့တော်မှာ ထားဝယ်မြို့ဖြစ်ပါသည်။ ထားဝယ်မြို့သည် ထားဝယ်မြစ်ဝ၏ ၄၀ ကီလိုမီတာအကွာတွင် တည်ရှိပါသည်။ ထားဝယ်မြစ်သည် တနင်္သာရီတောင်တန်းများမှ စတင်မြစ်ဖျားခံကာ မြောက်မှတောင်သို့ စီးဆင်းပြီး တနင်္သာရီတိုင်းဒေသကြီး ကမ်းရိုးတန်းရှိ ကပ္ပလီပင်လယ်တွင်းသို့ စီးဝင်ပါသည်။ မြစ်ဝ၏ အနောက်ဖက်ပိုင်းတွင် ကျွန်းငယ်လေးများ တည်ရှိပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ခရိုင်(၃)ခရိုင်၊ မြို့နယ်(၁၀)မြို့နယ်၊ ရပ်ကွက် (၈၇)ခုနှင့် ကျေးရွာအုပ်စုပေါင်း (၂၆၀)ခုနှင့် ကျေးရွာ(၁၁၅၅)ရွာခန့်ရှိသည်ဟု သိရှိရပါသည်။ ခရိုင်(၃)ခရိုင်မှာ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့ဖြစ်ကြပြီး ၄င်းခရိုင်မြို့အားလုံးသည် မြန်မာနိုင်ငံအတွက် အဖိုး ထိုက်တန်လှသည့် ရေကြောင်းတံခါးပေါက်များပင် ဖြစ် သည်။ ထားဝယ်ခရိုင်အတွင်း ထားဝယ်မြို့နယ်၊ လောင်းလုံမြို့နယ်၊ သရက်ချောင်းမြို့နယ်၊ ရေဖြူမြို့နယ်တို့ ပါဝင်ပြီး မြိတ်ခရိုင်အတွင်း မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်၊ တနင်္သာရီမြို့နယ်များနှင့် ကော့သောင်းခရိုင်အတွင်း ကော့သောင်းမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်တို့ ပါဝင်ကြောင်း သိရှိရပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်လူမျိုးအများစု နေထိုင်ကြပြီး ဗမာ၊ မွန်၊ ကရင်၊ ရခိုင်၊ ပသျှူး၊ ဂေါ်ရခါး၊ ဆလုံနှင့် မလေး စသော လူမျိုးများလည်း နေထိုင်လျက်ရှိသည်ဟု သိရှိရပါသည်။ ထားဝယ်လူမျိုးများသည် ထားဝယ်စကားကို အဓိကထား ပြောဆိုကြပါသည်။ ထားဝယ်စကားကဲ့သို့ မြိတ်ဒေသခံများလည်း မြိတ်စကား အဓိကသုံးနှုန်းကြကြောင်း သိရှိရပါသည်။ ထားဝယ်စကားနှင့် မြိတ်စကားတို့သည် ဒေသန္တရမြန်မာစကား အသုံးအနှုန်းများနှင့် ဒေသအသုံးအနှုန်းများ ထည့်သွင်းအသုံးပြုထားပြီး စကားသံမှာ အလွန်ဝဲ၍ မြန်မာပြည်အထက်ပိုင်းမှ လာရောက်သူများအဖို့ နားလည်ရန်ခက်ခဲပါသည်။ ထားဝယ်လူမျိုးများတွင် ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များရှိကြပါသည်။ ထားဝယ်အမျိုးသားများသည် ထားဝယ်တိုက်ပုံနှင့် လည်ကတုံး၊ ထားဝယ်ရိုးရာပုဆိုးကိုဝတ်ဆင်ကြပြီး ထားဝယ်အမျိုးသမီးများသည် ရင်ဖုံးအင်္ကျီနှင့် ထားဝယ်ရိုးရာထဘီကို ဝတ်ဆင်ကြကာ ဆံထုံးထုံးလေ့ရှိကြောင်း သိရှိရသည်။ ထားဝယ်ရိုးရာ ရေအိုးရွက်အကသည် ထားဝယ်လူမျိုးတို့၏ ထင်ရှားကျော်ကြားသော အက ဖြစ်ရုံသာမက ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်သည်လည်း ထင်ရှားကျော်ကြားပါသည်။ ထားဝယ်လူမျိုးများသည် ထားဝယ်ရိုးရာ တေးသီချင်းများကိုလည်း အခမ်းအနားပွဲတိုင်းတွင် အလွန်တန်ဖိုးထား၍ သီဆိုကြကြောင်း တွေ့ရှိရပါသည်။

တနင်္သာရီတိုင်းဒေသကြီး၏ လူဦးရေမှာ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၇၁၉,၄၄၁ ရှိခဲ့ရာမှ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းအရ ၉၁၇,၂၄၇ ထိ တိုးတက်လာခဲ့ပါသည်။ နှစ်(၃၀)ကြာမှ ကောက်ယူခဲ့သည့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေမှာ ၁,၄၀၈,၄၀၁ ဦးဖြစ်ပြီး အမျိုးသား ၇၀၀,၆၁၉ ဦးနှင့် အမျိုးသမီး ၇၀၇,၇၈၂ ဦးထိ တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၇ ခုနှစ် စာရင်းများအရ စုစုပေါင်းလူဦးရေမှာ ၁,၄၀၄,၉၁၄ ခန့်ရှိသည်ဟု သိရှိရပါသည်။ တနင်္သာရီတိုင်းဒေသကြီး၏ မြို့ပြတွင်နေထိုင်သူ လူဦးရေသည် ၃၃၈,၄၁၉ ခန့်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၂၄% ဖြစ်ပြီး ကျန် ၇၆% မှာ ကျေးလက်တွင် နေထိုင်ကြကြောင်း သိပါသည်။ လူဦးရေသိပ်သည်းမှုအနေဖြင့် ၁ စတုရန်းမိုင်လျှင် (၈၃.၉) ရှိကြောင်းသိရှိရသည့်အတွက် လူနေကျဲပါးသော ဒေသလည်းဖြစ်သည်။



တနင်္သာရီတိုင်းဒေသကြီးတွင် စုစုပေါင်းမြေဧရိယာမှာ ၄၃,၃၄၄.၉၁ စတုရန်း ကီလိုမီတာဖြစ်ပြီး ၁၀,၇၁၀,၀၀၀ ဧကကျော်ရှိပါသည်။ စိုက်ပျိုးနိုင်သည့် စုစုပေါင်းမြေဧရိယာမှာ ၁,၁၀၀,၀၀၀ ဧကကျော်ရှိသည့် အနက် အသားတင် စိုက်ပျိုးမြေ ဧရိယာမှာ ၁,၀၉၀,၀၀၀ ဧက ကျော်ရှိပါသည်။

တနင်္သာရီတိုင်းဒေသကြီး၏ ရာသီဥတုမှာ ပင်လယ်နှင့် နီးသောဒေသဖြစ်၍ မိုးအလွန်များပြီး စွတ်စိုသော ရာသီဥတုရှိသည်။ အီကွေတာနှင့် နီးသောဒေသဖြစ်သည့် အတွက်လည်း အပူချိန်မြင့်မားပါသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်ရှင်ကိုးရှင်ဘုရား၊ မောင်းမကန်

ကမ်းခြေ၊ ထားဝယ်ရေနက်ဆိပ်ကမ်း၊ မြိတ်ကျွန်းစု၊ မလိကျွန်းဘေးမဲ့တော၊ သူဌေးကျွန်း (အက်ဒမန်ကလပ်)၊ ဝိတိုရိယအငူ စသည်တို့သည်လည်း မြန်မာပြည် တောင်ဖက်စွန်း၏ ထင်ရှားကျော်ကြားသော နေရာဒေသများပင် ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်အတွင်း ထင်ရှားကျော်ကြားသော တန်ခိုးကြီးဘုရားများမှာ သမိုင်းဝင် ရှင်ကိုးရှင်ဘုရားများပင် ဖြစ်သည်။ ၎င်းဘုရားကိုးဆူမှာ တောင်သုံးတောင်၊ တောသုံးတော၊ မြို့သုံးဆူ ဘုရားတို့ ဖြစ်ကြပါသည်။ တောင်သုံးတောင်တွင် တည်ထားသော ရှင်ဆံတော်စေတီ (ကလိန်အောင်ဆုတောင်းပြည့်)၊ ရှင်မျှော်တောင်စေတီ၊ ရှင်တောင့်ပုံစေတီတို့ ဖြစ်ကြပြီး တောသုံးတောရှိ စေတီဘုရားများမှာ ရှင်ဓာတ်ဝဲစေတီ၊ ရှင်ဇလွန်စေတီ၊ ရှင်တောက်ထိန်ဘုရားနှင့် မြို့သုံးဆူမှာ ရှင်ပင်ခရစေတီ၊ ရှင်ဥသြဘုရား၊ ရှင်မုတ္တီးဘုရားတို့ဖြစ်ကြပြီး ဘုရားသမိုင်းကြောင်းများမှာလည်း အလွန်စိတ်ဝင်စားစရာကောင်းလှပါသည်။ မောင်းမကန်ကမ်းခြေအနီး မျှော်ရစ်ဆံတော်ရှင်ဘုရားသည်လည်း ကျောက်ဆောင် ကျောက်တန်းများဖြစ် အလွန်သာယာလှပသည့် ကမ်းခြေတွင် တည်ထားသည့် စေတီပုထိုးပင်ဖြစ်ပါသည်။ ထားဝယ်ရေအိုးရွက်အကနှင့် ထားဝယ်ရိုးရာသီချင်းများသည်လည်း အလွန်ကျော်ကြားပါသည်။ သီတင်းကျွတ် ထားဝယ်သပိတ်မျှောပွဲတော်နှင့် တန်ဆောင်းမုန်းလ နှစ်ကျိတ်ရစ်ဆူ ဘုရားပွဲသည်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသူများဖြင့် အလွန်စည်ကားလှပါသည်။

ထို့အပြင် ထားဝယ်မြို့တောင်ဘက် ၁၅ ကီလိုမီတာအကွာတွင် တည်ရှိသော **မောင်းမကန် ကမ်းခြေ**အပန်းဖြေစခန်းကြောင့်လည်း ပို၍စည်ကားလှပါသည်။ မောင်းမကန်ကမ်းခြေသို့ ထားဝယ်မြို့မှ ကမျောကင်းတံတားကိုဖြတ်ကာ တောင်တန်းများကျော်၍ သွားရပါသည်။ မောင်းမကန်ဟု အမည်နာမ ဖြစ်ပေါ်လာရခြင်းမှာ ရှေးအခါ မြန်မာမင်းများလက်ထက် မောင်းမကန်ကမ်းခြေကို ဖောင်တော်ဆိုက်ကပ်သောအခါ ကမ်းခြေမှာ အနားယူသည်ဟု ဆိုပါသည်။ ထိုအချိန်တွင် မောင်းမခြွေရံများက ရေကူးကစားပြီးသောအခါ ဆားငန်ရေများအား ရေချိုဖြင့်ပြန်ချိုးရန် ရေမရှိသည့်အတွက် ရေကန်တူးပေးရာမှ ထိုနေရာကို မောင်းမကန်



မှတစ်ဆင့် မောင်းမကန်ဟုခေါ်တွင်ရခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထို့အပြင် မောင်းမကန်ရွာ မြောက်ဘက်တစ်မိုင်ခန့်အကွာ ပန်းတက်အင်းရွာတွင် တည်ရှိသော **ပန်းတက်အင်း ရေပူစမ်း**သည်လည်း ထင်ရှားသော ရေပူစမ်းတစ်ခုဖြစ်သည်။ မောင်းမကန်ကမ်းခြေသို့ လာရောက်လည်ပတ်သူတိုင်း ပန်းတက်အင်း ရေပူစမ်းသို့ သွားရောက်ရေချိုးလေ့ရှိကြပါသည်။ ပန်းတက်အင်းရေပူစမ်း၌ ရေချိုးခြင်းသည် ကျန်းမာရေးအတွက် ကောင်းမွန်သည်ဟု သိရှိရပါသည်။

ထားဝယ်ခရိုင်အတွင်း **မောစ်ကော့ကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော**လည်း တည်ရှိကြောင်း သိရှိရသည်။ တောင်၊ မြောက်၊ အလယ် မောစ်ကော့ကျွန်းများကို ပေါင်းစည်း၍ ဘေးမဲ့တောအဖြစ် တည်ထောင်ထားခြင်းဖြစ်ပြီး အက်ဒမန်ပင်လယ်၏ မြောက်ဘက်တွင်တည်ရှိကြောင်း သိရှိရပါသည်။ ၎င်းတောကို ၁၉၂၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၄၉ ·၁၈ စတုရန်းကီလိုမီတာ ကျယ်ဝန်းကြောင်း သိရှိရပါသည်။ ကျောက်ဆောင်၊ ကျောက်တုံးများပေါများသောကျွန်းများမှလွဲ၍ ကျန်ဒေသများကို အမြဲစိမ်းသစ်တော ၇၅ ရာခိုင်နှုန်း ဖုံးလွှမ်းထားကြောင်းလည်း သိရှိရပါသည်။ ကျောက်ဆောင်ကျောက်ဂူများ ပေါများသော ကျွန်းများတွင် **ဇီဝဇိုးငှက်** (Collocaliafuciphaga) များ အသိုက်များ ပြုလုပ်နေကြပြီး ၎င်းငှက်သိုက်များသည် စီးပွားရေးဈေးကွက်အရ ဝယ်ယူလိုမှု အလွန်မြင့်မားသဖြင့် တနင်္သာရီတိုင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါကြောင်းလည်း သိရှိရပါသည်။ ထို့အပြင် တနင်္သာရီ



တိုင်းဒေသကြီးအတွင်း **လန်ပိကျွန်း အဏ္ဏဝါအမျိုးသား ဥယျာဉ်** (Lampi Island Marine National Park)တည်ရှိပါသည်။ လန်ပိကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်သည် မြိတ်ကျွန်းစုထဲတွင် ပါဝင်ပြီး ကျွန်းငယ်များစွာ ဝန်းရံလျက်ရှိပြီး လန်ပိကျွန်းနှင့် ပင်မကုန်းမြေအကြားတွင် ပင်လယ်ရေသည် ပျမ်းမျှ ၁၂ မီတာ နက်ရှိုင်းပြီး အကျယ်အဝန်းအားဖြင့် ၂၀၅ စတုရန်းကီလိုမီတာ ကျယ်ဝန်းကြောင်းလည်း သိရှိရပါသည်။ ထို့အပြင် လန်ပိကျွန်းသည် ယေဘုယျအားဖြင့် တောင်ကုန်းထူထပ်ပြီး၊ ပင်လယ်ရေ မျက်နှာပြင်ထက် ၄၅၅မီတာ မြင့်သည်ဟု သိရှိရပါသည်။ တစ်နှစ်ပတ်လုံး စီးဆင်းနေသောမြစ် (၂)စင်း ရှိပြီး၊ ရာသီလိုက်စီးဆင်းသော စမ်းချောင်းများစွာလည်း ရှိပါသည်။ လန်ပိကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်သည် **အာဆီယံအမွေအနှစ်ဥယျာဉ်**စာရင်းဝင်ဖြစ်ပြီး၊ Important Bird Area (IBA)သတ်မှတ်ထားသောဥယျာဉ်တစ်ခုဖြစ်ကြောင်းလည်း သိရှိရပါသည်။ လန်ပိကျွန်းအား ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစတင်၍ **အဏ္ဏဝါအမျိုးသားဥယျာဉ်**အဖြစ် သတ်မှတ်ခဲ့ပြီး မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အဏ္ဏဝါအမျိုးသားဥယျာဉ်ဖြစ်ပါသည်။ အမြဲစိမ်းသစ်တော၊ လမုတော၊ ကမ်းခြေသစ်တော၊ ဒီရေတောများလည်း ယခုအချိန်ထိရှိနေပြီး ပင်လယ်မြက်ခင်းများသည် အထူးသဖြင့် ကျွန်း၏အရှေ့ဘက်တွင်ရှိကြောင်း သိရှိရပါသည်။ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအထိ ကောက်ယူခဲ့သော စစ်တမ်းအရ ဒီရေတော ၆၀ ကျော်ခန့်၊ နို့တိုက်သတ္တဝါ ၁၉ မျိုးခန့်၊ ငှက်အမျိုးအစားပေါင်း ၂၀၀ ကျော်ခန့်၊ တွားသွားသတ္တဝါ ၁၀ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၁၀ မျိုးခန့်၊ ငါး ၄၀ ကျော်ခန့်၊ ကဏန်း ၄၀ ကျော်ခန့်၊ ခရုအမျိုးအစား ၅၀ ဝန်းကျင်ခန့်၊ ယောက်သွားကမာကောင် ၄၀ ကျော်ခန့်၊ ပင်လယ်မျှော့ ၃၀ ကျော်ခန့်၊ ပင်လယ်ရေညှိ အမျိုးအစားပေါင်း ၇၀ ကျော်ခန့်၊ အခြားရေနေသတ္တဝါ ၃၀၀ ကျော်ခန့်တို့ နေထိုင် ကျက်စားကြကြောင်း သိရှိရပါသည်။ ထိုအထဲမှ ငှက်အမျိုးအစား ခုနစ်မျိုးမှာ မြန်မာနိုင်ငံအတွင်း အသစ်တွေ့ရှိရခြင်း ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က လန်ပိကျွန်း၌ ကမ္ဘာပေါ်တွင် ရှားပါးပြီး မျိုးတုံး ပျောက်ကွယ်သွားနိုင်မည့် သစ်အမျိုးပေါင်း ၁၇ မျိုးခန့်ရှိနေသည်ဟု ထုတ်ပြန်ကြေညာထားကြောင်းလည်း သိရှိရပါသည်။ လန်ပိကျွန်းသည် အမြဲစိမ်းတော၊ သဲသောင် သစ်တောနှင့် ဒီရေတော ၂၅ ရာခိုင်နှုန်းနှင့် ရေပြင် ၇၅ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းထားကြောင်း သိရှိရပါသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်တွင် အမြဲစိမ်းတောများဖြင့် ဖုံးလွှမ်းနေသော လေညာအမျိုးသားဥယျာဉ်လည်း တည်ရှိကြောင်း သိရှိရပါသည်။ ၎င်းဥယျာဉ်တွင် ရှားပါးမျိုးစိတ်ဖြစ်သော တောင်ငိုးရင်မဲ (သို့မဟုတ်) ဂါနီးတောင်ငိုး (Gurney's Pitta)ပြန်လည်ရှာဖွေရန် ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ ၂၀၀၈ ခုနှစ်အတွင်း Bird Life International (BLI) အဖွဲ့အစည်း၏ တိုင်းတာချက်များအရ ၁၉၈၆ ခုနှစ်

**မြန်မာနိုင်ငံရှိ ရေနက်ဆိပ်ကမ်းများ အနက်တစ်ခုဖြစ်သည့် ထားဝယ်ရေနက် ဆိပ်ကမ်းနှင့် ထားဝယ်အထူး စီးပွားရေးဇုန်သည်လည်း မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါသည့် ပြယုဒ်များ ပင်ဖြစ်သည်။**

က မျိုးသုဉ်းတော့မည့် စာရင်းတွင် ထည့်ထားခဲ့သော တောင်ငုံးရင်မဲ Gurney's Pitta (Pitta gurneyi) ငှက်ကောင်ရေ ၉,၀၀၀ ကျော်မှ ၃၅,၀၀၀ ခန့်ထိ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရှိရပါသည်။ ၄င်းငှက်များ၏ ၉၉% သည် မြန်မာနိုင်ငံတွင်ရှိပြီး၊ လေညာအမျိုးသားဥယျာဉ်၏ ရေတိမ်တောများက ငှက်များ ကြာရှည်စွာတည်နေနိုင်ရေးအတွက် အထောက်အပံ့ပေးထားကြောင်းလည်း သိရှိရပါသည်။

တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ပင်လယ်ရေလုပ်ငန်းနှင့် ရော်ဘာစိုက်ပျိုးခြင်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ တနင်္သာရီတိုင်းဒေသကြီး၏ ဒေသ ထွက်ကုန်များမှာ ပင်လယ်ထွက်ကုန်များဖြစ်သည့် ငါး၊ ငါးခြောက်၊ ပုဇွန်၊ ပုဇွန်ခြောက်၊ ငပိနှင့်ရော်ဘာ၊ ပုလဲ၊ ဆီအုန်း၊ ကွမ်းသီးများထွက်ရှိပြီး၊ ခဲမဖြူ၊ အဖြိုက်နက် အစရှိသည့် တွင်းထွက်များ ထွက်ရှိကြောင်းလည်း သိရှိရပါသည်။ ထားဝယ်မုန့်ဟင်းခါး၊ မုန့်ပြားနှင့်မုန့်ကုလားမဲတို့သည် တနင်္သာရီတိုင်းဒေသကြီး၏ လူကြိုက်များသော အစားအစာလည်းဖြစ်ပါသည်။ ဒူးရင်းသီး၊ ကြက်မောက်သီး၊ မာလကာသီး၊ ဒညင်းသီး၊ သီဟိုဠ်သီး၊ ကွမ်းသီး အစရှိသည့် အနံ့အရသာထူးခြားကောင်းမွန်သည့် သီးနှံများလည်း ထွက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ငါးထုတ်လုပ်မှု အများဆုံးဒေသ(၂)ခုမှာ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့ပင်ဖြစ်ကြောင်း လည်း သိရှိရပါ သည်။

ထို့အပြင် မြန်မာနိုင်ငံရှိ ရေနက်ဆိပ်ကမ်းများ အနက်တစ်ခုဖြစ်သည့် ထားဝယ်ရေနက် ဆိပ်ကမ်းနှင့် ထားဝယ်အထူး စီးပွားရေးဇုန်သည်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါသည့် ပြယုဒ်များ ပင်ဖြစ်သည်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးကာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ဘဏ္ဍာရေးအခက်အခဲကြောင့် စီမံကိန်းကို ခေတ္တရပ်နားခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ပြန်လည်စတင်ဆောင်ရွက်နေကြောင်းလည်း သိရှိရပါသည်။ ကုန်သွယ်မှုတံခါးပေါက်များအနေဖြင့် ထီးခီး နှင့် မော်တောင်တို့သည် လူသိများပြီး ကုန်စည်ကူးသန်းမှုများကြောင်းလည်း သိရှိရပါသည်။

တနင်္သာရီတိုင်းဒေသကြီး၏ စီးပွားရေးအနေဖြင့် ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှု ကျပ်သန်းပေါင်း ၅၇၂၅၀ ကျော်နှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၃၀၀ ကျော် ရှိကြောင်းလည်း သိရှိရပါသည်။ တနင်္သာရီတိုင်းဒေသကြီး၏ ဂျီဒီပီသည် ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ် နှစ်အလိုက်ဈေးနှုန်းများအရ တန်ဖိုးကျပ်ဘီလီယံ ၃၃၆၀ ကျော်ခန့်ရှိရာမှ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် စာရင်းများအရ ကျပ်ဘီလီယံ ၃၃၇၀ ကျော်ထိ တိုးတက်လာခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍအနေဖြင့် ၂၀၁၆–၂၀၁၇ ခုနှစ်စာရင်းများ အရ အခြေခံပညာကျောင်း ၁၄၅၀ ကျောင်းခန့်ရှိပြီး စာတတ်မြောက်မှုနှုန်းမှာ ၉၉ ရာခိုင်နှုန်းကျော်ရှိကြောင်းသိရှိရသည့်အတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း စာတတ်မြောက်မှုနှုန်း မြင့်မားပါသည်။

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဖက်စွန်းဒေသဖြစ်၍ ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသော်လည်း ယခုအခါ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ် ဖြစ်သည့် လမ်းတံတားများ တိုးတက်ကောင်းမွန်လာသဖြင့် လမ်းပန်းဆက်သွယ်ရေးမှာ ပိုမိုကောင်း မွန်လာပြီး ခရီးသွားလုပ်ငန်းများလည်း တိုးတက်များပြားလာပြီး ဖြစ်သဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာရေးမှာ ပိုမိုမြန်ဆန် ပွင့်လင်းလာပြီ ဖြစ်ပါသည်။ လာချင်ရင် အနီးလေး မလာချင်ရင် ခရီးဝေး ဆိုစေကာမူ စာရေးသူအနေဖြင့် အမိမြန်မာနိုင်ငံ၏ သွေးချင်းညီကိုမောင်နှမများဖြစ်သည့် ထားဝယ်လူမျိုးတို့၏ မှိုင်းညို့စိမ်းစိုနေသည့် တောင်တန်းများနှင့် သဘာဝပင်လယ်ပြာတို့ဖြင့် အလှတရားများ ပြည့်နှက်နေသည့် အေးချမ်းသာယာလှသည့် တနင်္သာရီတိုင်းဒေသကြီးအကြောင်း လက်လှမ်းမီသလောက် စုစည်းတင်ပြ၍ အလည်တခေါက် လာရောက်ကြပါရန် ဖိတ်ခေါ်လိုက် ရပါသည်။

# ရနံ့သင်းပျံ့သော ကျောင်းစုံပန်းလေးများ

| ဝင်းဝင်းဝါ |

ဒီတစ်ပတ် ဘာအကြောင်းအရာကို ရေးရမလဲ တွေးကြည့်မိတော့ ကျွန်မနဲ့ ဆက်စပ်တွေ့ကြုံရတဲ့ မိခင်နှစ်ယောက်ရဲ့ Genderနဲ့ ပတ်သက်ပြီး အယူအဆခြင်းမတူပုံကို သတိရမိခဲ့တယ်။ သူတို့နှစ်ယောက်ရဲ့ အယူအဆဟာ မိခင်တွေအားလုံးကိုတော့ ကိုယ် စားပြုချင်မှ ပြုမှာပါ၊ ဒါပေမဲ့ အပေါင်းဘက်မရောက်ဘဲ အနုတ်လက္ခဏာဘက်ရောက်နေတဲ့ အတွေးတွေမို့ သတိပြုမိခဲ့ခြင်းဖြစ်ပါတယ်။ ဒါနဲ့ပဲ အချက်အလက်ကို ရှာကြည့်ခဲ့ပါတယ်၊ အဲဒီတော့ ယနေ့ မျက်မှောက်ခေတ်၊ အဓိကနေရာမှာရှိနေတဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ (**Sustainable Development Goals–SDGs**)မှ ပန်းတိုင် (၅) (**Gender Equality**)ဖြစ်တဲ့ ကျား/မ တန်းတူ ညီမျှမှုရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များ အားလုံးစွမ်းပကားတိုးမြင့်စေရေးနဲ့ ပတ်သက်ပြီး ဆောင်းပါး တစ်ပုဒ်အဖြစ် ဆက်စပ် ရေးသားလိုက်ရပါတယ်။

## ကျား/မတန်းတူညီမျှမှု (Gender Equality)

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ အသက်ဝင်ခဲ့သော ကမ္ဘာ့ ခေါင်းဆောင်များ အားလုံးမှ ထောက်ခံအတည်ပြုခဲ့ကြတဲ့ **စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ (Sustainable Development Goals-SDGs)** မှ ပန်းတိုင် (၅) ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ **ထောင်စုနှစ် ရည်မှန်းချက် ပန်းတိုင်များ (Millennium Development Goals-MDGs)** ပြီးဆုံးသွားခဲ့ပါပြီ၊ သို့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားနှင့် မိမိတို့ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများ (Least Developing Countries-LDCs)တွင် **MDGs** သည် ယခုထက်တိုင် မပြီးဆုံးနိုင်သေးသည့် အစီအစဉ်တစ်ရပ်အဖြစ် ကျန်ရစ်ဆဲဖြစ်နေပါသည်။ **အဆိုပါ ကျန်ရှိနေသည့် ရည်မှန်းချက်များအတွက် ယခုအခါ ၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးမှုအစီအစဉ်အဖြစ် ပန်းတိုင် ၁၇ ခု၊ ရည်မှန်းချက် ၁၆၉ ခုနှင့် အညွှန်းကိန်း ၂၃၀ နီးပါးခန့်ရှိသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGs)ကို ချမှတ်ခဲ့ပါသည်။**

ပန်းတိုင်(၅)သည် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို ခွဲခြားဆက်ဆံသည့် ပုံစံ အားလုံးနေရာတိုင်းတွင် အဆုံးသတ်ရေး၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများနှင့် ပုဂ္ဂလိကနှင့် သက်ဆိုင်သောနေရာများတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို လူကုန်ကူးခြင်း၊ လိင်ဆက်ဆံခြင်းနှင့် အခြားအသုံးချမှုများ အပါအဝင် အကြမ်းဖက်မှု ပုံစံအားလုံး ပပျောက်စေရေး၊ ကလေးသူငယ်များကို လက်ထပ်စေမှု၊ အရွယ်မရောက်ခင် လက်ထပ်စေမှု၊ အတင်းအဓမ္မလက်ထပ်စေမှုနှင့် အမျိုးသမီးလိင်အင်္ဂါဖျက်စီးခြင်းကဲ့သို့သော အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို အန္တရာယ်ဖြစ်စေသည့် အပြုအမူ၊ ဓလေ့ထုံးစံများ ပပျောက်ရေး၊ မိသားစုနှင့် အိမ်ထောင်စုအတွင်း တာဝန်ယူမှု တိုးမြှင့်ရန်အတွက် လုပ်အားခမရရှိသည့် ပြုစုစောင့်ရှောက်မှု အလုပ်များနှင့် အိမ်အကူအလုပ်များ လုပ်ကိုင်သူများကို ပြည်သူ့ရေးရာ ဝန်ဆောင်မှုပေးခြင်း၊ အခြေခံအဆောက်အအုံနှင့် လူမှုရေးရာအကာအကွယ်ပေးမှု မူဝါဒများ ချမှတ်ခြင်း၊ ဆောင်ရွက်ခြင်းအားဖြင့် အလေးထားအသိအမှတ်ပြုရေး၊



နိုင်ငံရေး၊ စီးပွားရေးနှင့် ပြည်သူ့ရေးရာ ကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အဆင့်တိုင်းတွင် အမျိုးသမီးများ အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ပြီး တန်းတူအခွင့်အရေးရရှိရေး၊ လိင်ဆက်ဆံမှုနှင့် မျိုးဆက်ပွား ကျန်းမာရေးနှင့် အခွင့်အရေးများကို လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှု အပြည်ပြည်ဆိုင်ရာညီလာခံ၏ လုပ်ငန်းအစီအစဉ် (Program of Action of the International Conference on Population and Development)နှင့် ဘေဂျင်းမူဝါဒလမ်းစဉ် ဆောင်ရွက်မှု (Beijing Platform of Action) ညီလာခံတို့မှ သဘောတူညီထားသည့်အတိုင်းနှင့် ညီလာခံ ၂ ခုအား သုံးသပ်ထားမှုမှ ထွက်ပေါ်လာသည့် ရလဒ်များအတိုင်း အမျိုးသမီးတိုင်းရရှိနိုင်ရေး၊ စီးပွားရေး အရင်းအမြစ်များ (Economic Resources) ကို အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး၊ မြေယာနှင့် အခြားပုံစံရှိသည့် ပစ္စည်းများ သဘာဝအရင်းအမြစ်များ၊ အမွေဆက်ခံခြင်းများ၊ ဘဏ္ဍာရေး ဝန်ဆောင်မှုများကို ပိုင်ဆိုင်ခွင့်နှင့် ထိန်းချုပ်ခွင့်ရရှိရေးအတွက် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေများကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရေး၊ အမျိုးသမီးများ၏ စွမ်းပကားတိုးမြှင့်ရန် အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဲ့သို့သော နည်းပညာအသုံးပြုနိုင်မှုကို မြှင့်တင်ရေးတို့ပင်ဖြစ်ပါသည်။

## အတွေးအခေါ်များ ပြောင်းလဲခြင်း (Changing Thoughts)

ရုံးသွားဖို့ အိမ်အောက်မှာ ကြို/ပို့ကားကို ဆင်းစောင့်နေရင်း အဖြူနှင့် အစိမ်းလေးများ ဝတ်ဆင်ထားသည့်

ကျောင်းသား၊ ကျောင်းသူလေးများ ကျောင်းသွားကြတာကို တွေ့တော့ ချစ်စရာ ကောင်းလိုက်တာဟု မြင်နေမိသည်။ အရွယ်အလိုက်၊ အတန်းအလိုက် ယောကျ်ားလေး၊ မိန်းကလေး မခွဲခြားဘဲ အတူတကွ ရယ်မော ပျော်ရွှင်နေပုံက လည်း အပြစ်ကင်းစင်လွန်းလှသည်။ ထိုအပြစ်ကင်းစင်မှုများ သည် မိဘများ၏ သွန်သင်ဆုံးမမှုဖြင့် ယဉ်ကျေးစွာ ကြီး ပြင်းမှု အပေါ်မှာလည်း မူတည်ပါသည်။ အိမ်တွင် မိဘ၊ ကျောင်းတွင်ဆရာဆိုသကဲ့သို့ ထိုကလေးများ၏ ဘဝအား နေ့စဉ်မပြတ် အနီးကပ်ကြပ်မတ်နေမှုအပေါ်တွင် လိုက်၍ ပြောင်းလဲနေမည် ဖြစ်ပါသည်။

တစ်နေ့ ကျွန်မဆီသို့ငယ်သူငယ်ချင်းဖြစ်သူ ရန်ကုန်မှ သူငယ်ချင်းမတစ်ယောက် လာလည်ပါသည်၊ သူ၏ အမျိုးသားနေပြည်တော်တွင် တာဝန်ထမ်းဆောင်ရသဖြင့် ယောင်နောက် ဆံထုံးပါအတိုင်း မလိုက်ချင်ဘဲ လိုက်ခဲ့ရခြင်း ဖြစ်ပါသည်။ သူက မြို့နှစ်မြို့ကို နှိုင်းယှဉ်၍ အားသာချက်၊ အားနည်းချက်များကို ဝေဖန်ပြောပြနေပါသည်။ သူက တစ်ဦးတည်းသောသမီး၊ ချမ်းသာသည့် မိဘအသိုင်းအဝန်းမှ မွေးဖွားလာသည့်သူ၊ ဘွဲ့လည်းရခဲ့၍ ပညာတတ်သည်ဟုလည်း ပြောနိုင်ပါသည်။ သူ့အမျိုးသားနှင့်လည်း ကျွန်မတို့က သူငယ်ချင်းများဖြစ်ခဲ့၍ သူ၏အနိုင်ယူ လွှမ်းမိုးမှုသည် ယနေ့အထိ ရှိနေသေးကြောင်း တွေ့မြင်ခဲ့ရပါသည်။

သူကသားလေးတစ်ယောက်သာ မွေးထားသည်။ တစ်ဦးတည်းသော သမီးဖြစ်ပေမယ့် မွေးချင်းများများ လိုချင်သည်မရှိခဲ့၊ သူ့လိုပင် တစ်ဦးတည်း အကုန်လုံး စုပြုံရစေချင်သည့် ဆန္ဒနှင့် ဖြစ်ခဲ့သည်။ အတ္တက ကလေးမွေးတာမှာတောင် ကြီးခဲ့သည်။ သူ့အပေါ် အချစ်ရော၊ အကြင်နာပါ ပုံအော ပေးထားသည့် ခင်ပွန်းကိုလည်း အလျှော့ပေးခြင်း မရှိခဲ့၊ သားကိုလည်း သူ့ပုံစံဝင်အောင် ဆောင်ရွက်လျက်ရှိသည်၊ သူ့သားကျရင်တော့ မိန်းမယူရင် ပညာတတ်၊ ဆွေမျိုးဂုဏ်မြင့်ပြီး သူ့သားအပေါ် ခယအောက်ကျို့တတ်တဲ့ မိန်းကလေးမျိုးနဲ့မှ ပေးစားချင်သည်ဟု ဆိုလာလေသည်။ မည်သည့် မိန်းကလေးမျှ တန်သည်ဟု မထင်၊ သူသားက တစ်ဦးတည်းသောသားမို့ မိန်းမယူရင်လည်း သူတို့နှင့်သာ နေရမည်၊ သူ့သားကိုလည်း ဘုရင်တစ်ဆူလို ထားရမည်၊ သူ့သားက မှားနေရင်တောင်ချွေးမက သည်းခံရမည်တဲ့လေ။

ကျွန်မ သူပြောတာကို နားထောင်ရင်း စိတ်ထဲက ပြောနေမိသည်။ ဘယ်မိန်းကလေး မိဘက ကိုယ့်သမီးကို ပညာတတ်၊ အဆင့်မြင့်မြင့် တည်ထောင်ပေးထားပြီး ယောက္ခမအိမ်တက်၊ ယောကျ်ားမျက်နှာကြည့်ပြီး အနှိမ်ခံဘဝမှာ နေခိုင်းမှာလဲ။ ဒီခေတ်ရဲ့အနေအထားကိုလည်း နည်းနည်းလောက် လေ့လာကြည့်ပါဦးသူငယ်ချင်းဟု ပြောလိုက်ချင်သည်။ ဒါပေမဲ့ ငယ်ငယ်ကတည်းမှစ၍ တက္ကသိုလ်အထိ အတူတက်ခဲ့တဲ့သူ၊ သူငယ်ချင်းတွေထဲမှာလဲ အားလုံးက သူ့ကို အလျှော့ပေးသည်းခံခဲ့ရတဲ့သူ၊ အနိုင်ယူတတ်သည့်အကျင့် လေးမှလွဲ၍ အစစအရာရာ စိတ်ရော၊ ကိုယ်ရော အကူအညီပေးတတ်သူမို့ ပြောမထွက်နိုင်ခဲ့။

သူလည်းမိန်းမပဲဟာ မိန်းကလေးတွေကို နှိမ်နှိမ်ချချ ပြောတာတော့ လွန်လွန်းသည်။ ခုခေတ် မိန်းကလေးတွေ ကမ္ဘာမှာပါ ရင်ဘောင်တန်းနေနိုင်ပြီကို မသိလေရော့သလား၊ အနိုင်ကျင့်စိုးမိုးသည့် အကြောင်းတရားများနှင့် အမျိုးသား ဦးစားပေးဝါဒဖြင့် ကမ္ဘာကြီးအား မတည်ဆောက်သင့်ကြောင်း မသိလေရော့သလား၊ အနှိမ်ခံဘဝ အမျိုးသမီးတွေ၊ မိန်းခလေးငယ်တွေအတွက် ဆုံးဖြတ်ချက်ချမှတ်နိုင်မည့် အခန်းကဏ္ဍများအားလုံးတွင် အမျိုးသမီးများ ပါဝင်နိုင်ရမည်ကို ပန်းတိုင် (၅) က ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်နေတာ မသိလေရော့သလား၊ သူ့ကျတော့ မပြောလိုက်ချင်ဘူးဟု စိတ်ထဲက ပြောနေမိသည်။

ထို့အတူပင် အလုပ်ထဲဝင်မှ သူငယ်ချင်းဖြစ်လာသူ သမီးတစ်ယောက်မိခင်နှင့် စကားစပ်၍ရောက်တတ်ရာရာ ပြောကြည့်မိတော့ သူက သူ့သမီး၏ ပညာရေးကို အထူးအလေးထား၍ သင်ပေးမည်ဆိုသည့်အကြောင်း၊ ပညာတတ်၊ အလုပ်အကိုင် ကောင်းကောင်းရှိနေပါက အိမ်ထောင်ကျရင်တောင်မှ ယောကျ်ားရော၊ ယောက္ခမရော ဂရုစိုက်စရာ မလိုသည့်အကြောင်း၊ ပစ္စည်းကလည်း သင့်တင့်သလောက် ရှိနေသည်ဆိုတော့ နှိမ်ချဆက်ဆံသည့် အိမ်ထောင်နှင့် တွေ့ပါက ချက်ခြင်းကွဲလာရမည်ဆိုသည့် အကြောင်းတွေကို သူက ပြောနေပေသည်။ စိတ်ထဲတွင်တော့ ငယ်သူငယ်ချင်းဖြစ်သူကို ပြေးမြင်နေမိသည်။ မိဘတွေတော့ အယူအဆတွေ အတော်လွဲနေကြပြီ၊ အတွေးအခေါ်တွေက အကောင်းဘက်

သို့ ဦးတည်ခြင်းမရှိဘဲ အဆိုးဘက်သို့ ရောက်နေကြပြီ ဖြစ်ပါသည်။

ဂါရဝါစတရား အလေးထားသည့် ကျွန်မတို့ မြန်မာနိုင်ငံတွင် ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားဟူသည့် စကားစုများသည် စာအုပ်ထဲမှာပင် ကျန်နေခဲ့လေပြီလား၊ ယောက်ျားလေးရှင်ရော၊ မိန်းကလေးရှင်ရော အတ္တကိုပဲ ကိုးကွယ်နေကြပြီလား၊ သင့်တင့်မျှတသော အယူအဆတစ်ခုလောက်ဖြင့် ကလေးများနားလည်အောင် ပြောပြသင့်သည်။ မိမိအတ္တကိုပဲ အလေးမထားသင့်၊ အခုတော့ ဒီပုံစံအတိုင်း နားသွင်းထားရင်ဖြင့် သိတတ်စ ယောက်ျားလေး၏ စိတ်တွင် ငါက ယောက်ျားလေးပဲ မြင့်တယ်၊ မြတ်တယ် ပိုတန်ဖိုးရှိတယ်၊ မိန်းမယူရင်တော့ငါပြောတာ၊ ငါလုပ်တာခံရမှာပဲဟူသည့် စိတ်ရိုင်းမျိုးဝင်သွားနိုင်ပြီး စာနာ သနားတတ်သည့်စိတ်၊ ချစ်ခင်ကြင်နာတတ်သည့်စိတ်သည် ပုန်းလျှို ကွယ်ပျောက်သွားမည် ဖြစ်ပါသည်။

ထိုသို့ပင် မိန်းကလေး၏ စိတ်ထဲတွင်လည်း ခုခေတ်က မိန်းမတွေကလည်း အလုပ်လုပ်နေရတာပဲ၊ ငါလည်း ပညာတတ်တယ်၊ အလုပ်အကိုင်လည်းကောင်းတယ်၊ ယောက္ခမလည်း ဂရုစိုက်စရာ မလိုဘူး၊ ယောက်ျားလည်း ဂရုမစိုက်ဘူး၊ ကလေးက အနှောင်အဖွဲ့ပဲ၊ ကလေးလည်း မွေးချင်မှ မွေးမှာပေါ့၊ အိမ်အလုပ်လည်း လုပ်ချင်မှ လုပ်မှာပေါ့ဆိုသည့် အတွေးများဖြင့် ညဉ့်နက်သန်းခေါင်မှ အိမ်ပြန်လာ၊ အိမ်ထောင်ဦးစီးဆိုသည့် အလေးထားရမည့် နေရာကိုလည်း မသိချင်ယောင်ဆောင်ကာ နှစ်ယောက်သား သဟဇာတ မဖြစ်နိုင်မှုများလည်း ရှိလာနိုင်သလို နောက်မျိုးဆက်ရှားပါးခြင်းပါ ကြုံတွေ့ရနိုင်ပါသည်။

ပြောင်းလဲလာသည့် ခေတ်ရေစီးကြောင်းထဲတွင် ကမ္ဘာသည် ရွာကြီးတစ်ရွာဖြစ်လာခဲ့ပြီ ဖြစ်ပါသည်။ မိုဘိုင်းဖုန်း၊ အင်တာနက်စသည်တို့မှ ယဉ်ကျေးမှုချင်း၊ ဓလေ့စရိုက်ချင်း၊ အပြောအဆိုချင်း၊ အစားအသောက်ချင်း စသည်တို့သည် ကူးလူးဆက်နွှယ်လျက်ရှိလာပြီဖြစ်သည်၊ ထိုသို့ ကူးလူးဆက်ဆံလာခြင်းမှတစ်ဆင့် ကျား/မ တန်းတူညီမျှမှုရရှိရေးအား တစ်လွဲမတွေးသင့်ပေ။ ပေါက်ကွဲထွက်လုမတတ်ဖြစ်နေသည့် ကမ္ဘာ၏ အချို့၊ အချို့သောနေရာများတွင် အမျိုးသမီးများ၊ အမျိုးသမီးငယ်များ၊ မိန်းကလေးငယ်များသည် မတူညီသည့် ဓလေ့ထုံးတမ်းများ၊ မျှတမှုမရှိသည့်ဥပဒေများ၊ စီးပွားရေးမပြေလည်သည့်ဆင်းရဲတွင်းနက်မှုများကို အခြေခံ၍ ဒုက္ခလှိုင်းတံပိုးအောက်တွင် နစ်မြုပ်လျက်ရှိသလို အမျိုးသားများနှင့် တန်းတူအခွင့်အရေး မရရှိနိုင် ဖြစ်နေကြပါသည်။ ထိုသို့သော အကြောင်းတရားများအတွက် ပန်းတိုင် (၅)ကို ချမှတ်ခဲ့၍ အကောင်အထည်ဖော်ရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ယောက်ျားလေးများ၏ စိတ်ထဲတွင် မိန်းကလေးများအား နိုင်စားခြင်း၊ နှိမ့်ချခြင်း၊ မတူမတန်ခြင်း စသည့် မဟာအင်အားကြီး "ဖို" ဝါဒ မကျင့်သုံးသင့်သလို၊ မိန်းကလေးများ၏စိတ်ထဲတွင်လည်း ယောက်ျားလေးများအား ဂရုမစိုက်ခြင်း၊ အလေးမထားခြင်း၊ ဖက်ပြိုင် တုပခြင်းများဖြင့် ဖားတုလို့ ခရုခုန်ခြင်းများ မရှိတန်ရာပေ။ အိမ်ထောင်တစ်ခု ထူထောင်ခဲ့ရင်ဖြင့် ယောက်ျားလေးကလည်း ဖခင်ဖြစ်ခွင့်ကို အရယူစေချင်သလို ဖခင်တာဝန်ကိုလည်း ရဲရဲဝံ့ဝံ့ ယူစေချင်ပါသည်။ ထိုသို့ပင် မိန်းကလေးဘက်ကလည်း လူ့အသက်တစ်ချောင်းအား ဘဝတစ်ခုသို့ ခေါ်ဆောင်ပေးနိုင်သည့် မြင့်မြတ်သည့် မိခင်ဘဝအား လျစ်လျူမရှုစေချင်ဘဲ မိခင် တာဝန်အား မကြောက်မရွံ့ ထမ်းဆောင်သင့်ပါသည်။

ကလေးဘဝဆိုသည်က ဖြူစင်လွန်းလှသည်။ ထိုသို့ အနေအထားများကို မိဘများက မဖျက်စီးစေချင်၊ ထိုဖြူစင်မှုများအတွင်း မိဘတို့၏ အတွေးမှား၊ အယူအဆမှားစကားများဖြင့် ဦးနှောက်အိုးထဲသို့ အဆိပ်ရေလောင်းထည့်သလို မဖြစ်သင့်ပေ။ မိဘများ၏ စိတ်ထဲတွင်တော့ ကိုယ့်သားသမီးသည် အဖိုးတန်သည်ချည်းပင်။ ဘယ်သူက ဘယ်လို ပိုတန်ဖိုးရှိသည် မပြောစေချင်၊ အဖြူရောင်ကို အစွန်းအထင်းမဖြစ်စေချင်၊ ရိုင်းစိုင်းမှုကို သင်တန်းမပေးသင့်၊ ကျွန်မ၏စိတ်ထဲတွင်တော့ ယောက်ျားလေးများရော၊ မိန်းကလေးများရော ပန်းခင်းထဲက ပန်းကလေးများကဲ့သို့ အရောင်အသွေးစုံညီစွာ၊ ရနံ့မျိုးစုံ သင်းပျံ့စွာ ပွင့်လျက် လောကကြီးကို အလှဆင်နေကြသည်ဟု မြင်မိပါကြောင်း။

# စာဖတ်ခြင်းဖြင့် ပြတင်းပေါက်အပြင်ဘက်ဆီသို့

## ညောင်တိုင် (CSO)



**နိဒါန်း**

ယနေ့ခေတ် လူငယ်များအနေဖြင့် စာဖတ်သည့် အလေ့အထ အလွန်နည်းပါးလာကြပြီး နည်းပညာဖွံ့ဖြိုးတိုးတက်မှုရေစီးကြောင်းအတိုင်း နေ့စဉ်စီးမျောလိုက်ပါလျက်ရှိပါသည်။ ယခုအချိန်အခါတွင် အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ သိလိုသောအချက်အလက်များကို အင်တာနက်တွင် လွယ်လင့်တကူ ရှာဖွေလေ့လာလိုက်စား၍ရသောအချိန်လည်းဖြစ်ပါသည်။ သို့သော်လည်း လူငယ်အများစုအနေဖြင့် စာဖတ်ခြင်းထက် အခြားသောအရာများ (ဥပမာ- ဘောလုံးပွဲကြည့်ခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ ဖေ့စ်ဘွတ်သုံးခြင်းနှင့် ဂိမ်းကစားခြင်း)တွင် ၎င်းတို့အချိန်၏ သုံးပုံနှစ်ပုံအား ဖြုန်းတီးလာကြသည်ကို လေ့လာတွေ့ရှိရပါသည်။

စာဖတ်မှသာလျှင် အကောင်း/အဆိုးကို ဝေဖန်ပိုင်းခြားသိမြင်နိုင်မည်ဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ ဝေဖန်မှုမရှိလျှင် စာပေးရေးသားမှုများ မပြည့်စုံနိုင်သဖြင့် လူငယ်များ ဝေဖန်ရေးစာများ ရေးသားရန် လိုအပ်ပါကြောင်း၊ မဝေဖန်လျှင် မည်သူမှ အပြည့်အစုံ မမြင်နိုင်ပါကြောင်း၊ ဝေဖန်မှသာလျှင် ယင်းရှုထောင့်ကိုသိမြင်မှာဖြစ်ပြီး လိုအပ်ချက်များ ကို ဖြည့်စွက်နိုင်မည် ဖြစ်ပါကြောင်း ဝေဖန်ရေးစာပေပညာရှင်များက ဆိုကြပါသည်။ ဘဝအတွက် ရွေးချယ်စရာဖြစ်သည့် Triple C Change (ပြောင်းလဲမှု)၊ Chance(အခွင့်အရေး)၊ Choice(ရွေးချယ်မှု) ကို မှန်မှန်ကန်ကန် ဆုံးဖြတ်ရွေးချယ်တတ်ရန် စာဖတ်ခြင်းဖြင့် ပြတင်းပေါက်ပြင်ပတွင်ရှိသောဘက်ဆီမှ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ အရောက်လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။

## စာဖတ်ခြင်း၏ အကျိုးကျေးဇူး(၁၀)မျိုး

စာဖတ်ခြင်း၏အကျိုးကျေးဇူး(၁၀)မျိုးကိုအောက်ပါအတိုင်း ဖော်ပြထားပါသည်။

၁။ ဦးနှောက်ယိုယွင်းမှုကို ကာကွယ်ပေးနိုင်ခြင်း (Mental Stimulation)၊

၂။ စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်ခြင်း (Stress Reduction)၊

၃။ မှတ်ဉာဏ်ကို တိုးမြှင့်ပေးနိုင်ခြင်း (Memory Improvement)၊

၄။ စကားဝေါဟာရကြွယ်ဝ၍ ဘဝနေထိုင်နည်းကို ပိုင်းခြားသိတတ်ခြင်း (Vocabulary Expansion)၊

၅။ အာရုံစူးစိုက်မှုနှင့် တွေးတောနိုင်ခြင်း (Improved Focus and Concentration)၊

၆။ လွတ်လပ်သောဖျော်ဖြေမှုဖြစ်သည့်အတွက် မသက်မသာသော ခန္ဓာကိုယ်ကို ခဏတာအာရုံလွဲစေနိုင်ခြင်းနှင့် နာကျင်မှုကို ဖြေဖျောက်နိုင်ခြင်း (Free Entertainment)၊

၇။ ပြင်းပြင်းထန်ထန် စိစစ်တွေးခေါ်နိုင်မှုစွမ်းရည်ဖြင့် စိတ်ဓာတ်ကျ အားငယ်မှုများကို ကုစားပေးနိုင်ခြင်း (Stronger Analytical Thinking Skills)၊

၈။ ဗဟုသုတများကြွယ်ဝပြီး ကိုယ်ချင်းစာတရားများ ပြည့်ဝလာခြင်း (Knowledge)၊

၉။ ကာယကံ ဝစီကံ မနောကံများကိုအစောတလျှင်မပြုဘဲ ထိန်းသိမ်းတတ်ခြင်း (Tranquility)၊

၁၀။ စာပေ၏တန်ဖိုးကို ပို၍သိတတ်ခြင်းဖြင့် ကောင်းမွန်သော စာရေးသားမှုစွမ်းရည် တိုးတက်လာခြင်း (Better Writing Skills)။

## တိုက်ပွဲများအစား ငြိမ်းချမ်းခြင်းကို သယ်ဆောင်ပေးနိုင်သော စာဖတ်ခြင်း

တိုက်ပွဲများအစား ငြိမ်းချမ်းခြင်းကို သယ်ဆောင်ပေးလာနိုင်သော စာဖတ်ခြင်းကို အားပေးသည့် အာဖဂန်နစ္စတန်၏အကြောင်းကို အနှစ်ချုပ် ကောက်နုတ်ဖော်ပြရမည်ဆိုလျှင် စာတတ်သူနည်းပါးသော်လည်း စာပေဖွံ့ဖြိုးတိုးတက်လာသည့် အာဖဂန်နစ္စတန်နိုင်ငံသည် စာတတ်မြောက်မှုနှုန်း နိမ့်ကျသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အရွယ်ရောက်ပြီးသူ ငါးယောက်တွင် နှစ်ယောက်သာလျှင် စာဖတ်တတ်ပါသည်။ သို့သော်လည်း စာဖတ်တတ်သည့်သူများသည် ၎င်းတို့ ပုံမှန်အရှိန်မပျက် စာဖတ်ခြင်းကြောင့် အာဖဂန်နစ္စတန်နိုင်ငံ၏ စာအုပ်လုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် အခြေအနေမပျက်ဘဲ ဖွံ့ဖြိုးမှုလည်း တိုးတက်လာသည်ကို လေ့လာသိရှိရပါသည်။ ယင်းနိုင်ငံသည် သီးနှံစိုက်ပျိုး၍ ရနိုင်သောနိုင်ငံဖြစ်ပြီး နိုင်ငံခြားမှ အထောက်အပံ့များကြောင့် လစာများကောင်းသော်လည်း တာလီဘန်စစ်ပွဲများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိသဖြင့် တိုင်းပြည်သွင်းကုန် ထုတ်လုပ်မှုလုပ်ငန်းများအားလုံး ပျက်စီးခဲ့ရသောကြောင့် အရာအားလုံးကို ပြည်ပမှ တင်သွင်းရပါသည်။

နေ့စဉ်တိုက်ပွဲများ၊ အဓိကရုဏ်းများနှင့် တိုက်ပွဲများအကြားထဲတွင် ရှင်သန်နေရသည့်အတွက် ၎င်းတို့အနေဖြင့် မည်သည့်ကိုမျှ မက်မောဖွယ်ရာမရှိသည့်အချိန်၌ စာဖတ်ခြင်းဖြင့် စိတ်ဓာတ်ခွန်အားများ ရရှိလာပြီး ကြီးမားသောစွမ်းအင်ကို ပေးစွမ်းနိုင်သော အကျိုးကျေးဇူး ခံစားရရှိလာသဖြင့် စာအုပ်သည် ၎င်းတို့အတွက် အားဆေးသဖွယ်ဖြစ်နေပါသည်။ ထို့ကြောင့် စာအုပ်ထုတ်ဝေသူများအနေဖြင့် အရင်းအနှီးစိုက်ထုတ်လာကြသည့်အတွက် နိုင်ငံခြားအထောက်အပံ့မပါဘဲ ရပ်တည်နိုင်သည့်တစ်ခုတည်းသောလုပ်ငန်းလည်းဖြစ်လာခဲ့ပါသည်။ နိုင်ငံ၏မြို့တော်ကဘူးလ်

မြို့တွင် တာလီဘန်များအုပ်စိုးစဉ် ကာလ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း စာအုပ်ထုတ်ဝေသူ (၂) ဦး (နိုင်ငံပိုင်တစ်ခုနှင့် ပုဂ္ဂလိကတစ်ခု)သာရှိသော်လည်း ယခုအခါ လူဦးရေသည် လျင်လျင်မြန်မြန် တိုးတက်လာသကဲ့သို့ စာအုပ်ထုတ်ဝေသူ လုပ်ငန်းရှင်ပေါင်း (၂၂) ဦးရှိပြီး အများစုတွင် ကိုယ်ပိုင်သတင်းထောက်များရှိသည်ဟု လေ့လာသိရှိရပါသည်။ ထို့အပြင် ကဘူးလ်မြို့တွင် မှတ်ပုံတင်ထားသည့် စာအုပ်ဆိုင်ပေါင်း ၆၀ ခန့်ရှိပြီး စာအုပ်အသစ်များကိုသာ ထုတ်ဝေနိုင်ရန် စိုင်းပြင်းလျက်ရှိနေကြပါသည်။ ယင်းအချိန်တွင် ပါကစ္စတန်မှ ဝင်ရောက်လာသည့် ဈေးပေါသည့် စာအုပ်များကိုလည်း ကဘူးလ်မြို့တွင် အလွယ်တကူ ဝယ်ယူနိုင်ကြောင်းလည်း လေ့လာသိရှိခဲ့ရပါသည်။

တာလီဘန်များကို ဖြုတ်ချပြီးနောက်ပိုင်း အာဖဂန်အစိုးရသစ်သည် ပညာရေးစနစ်ကိုပြန်လည်တည်ဆောက်ရန်အတွက် နှစ်ပေါင်းများစွာ ပြည်တွင်းစစ် ဖြစ်ပွားခဲ့ခြင်း၊ တာလီဘန်တို့ အုပ်ချုပ်ခဲ့စဉ်ကာလ၌ ကျောင်းများပိတ်ခဲ့ပြီး နိုင်ငံခြားဘာသာ သင်ကြားရေးစာအုပ်များကို ဖျက်ဆီးခဲ့ခြင်း၊ ထို့သို့ပိတ်ပင်ခဲ့သည့်အတွက် ပညာရေးစနစ် ပိုမိုဆိုးရွားလာခြင်းစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ထို့အတွက် ဖျက်ဆီးခံခဲ့ရသည့် ကျောင်းသုံးစာအုပ်များကို သန်းနှင့်ချီ၍ ပြန်လည်ပုံနှိပ်ရိုက်ခဲ့ရပါသည်။ ထို့အပြင် အနောက်တိုင်းစာအုပ်များကို အာဖဂန် နိုင်ငံအတွင်း အဓိကလူသုံးများသည့်ဘာသာစကားနှစ်ခုသို့ ဘာသာပြန်ဆိုခဲ့ပြီး ပုံနှိပ်ထုတ်ဝေမှုများ ပြုလုပ်လာခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ပြည်သူများအနေဖြင့် နှစ်ပေါင်းများစွာ စာမဖတ်ဘဲ နေခဲ့ရသည့်အတွက် ယခုစာဖတ်ခွင့်ပြန်ရလာသည့်အခါ စာဖတ်နှုန်းမှာ တစ်ရှိန်ထိုးမြင့်တက်လာခဲ့ကြောင်း သိရပါသည်။

အာဖဂန်နိုင်ငံကဲ့သို့ တိုက်ပွဲများ ဆက်တိုက်ဆိုသလို ဖြစ်ပွားနေသည့် နေရာများတွင် လူငယ်များအနေဖြင့် စိတ်ထွက်ပေါက်အဖြစ် စာဖတ်ကြလာခြင်းသည် ကောင်းမွန်သော လက္ခဏာတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် တိုက်ပွဲများအစား ငြိမ်းချမ်းခြင်းကို သယ်ဆောင်ပေးနိုင်သော စာဖတ်ခြင်းကို အားပေးနိုင်ရန်အတွက် ပုံနှိပ်လုပ်ငန်းများနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းများ ဆက်လက်၍ အရှိန်အဟုန်ကောင်းကောင်းဖြင့် ထုတ်လုပ်နိုင်ကြရန် လိုအပ်သည့် မူပိုင်ခွင့်ဥပဒေများနှင့် မူရင်းထုတ်ဝေသူများအတွက် သက်ဆိုင်သော ဥပဒေများကိုပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

## နိဂုံး

မိမိတို့နိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများကဲ့သို့ စာဖတ်ခြင်းအလေ့အထကို အတုယူကာ တွန်းအားပေး၍ ငြိမ်းချမ်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ အရောက်သွားရမည်ဖြစ်ပါသည်။ ယခုအချိန်အခါတွင် လူကြီး/ လူငယ်များအနေဖြင့် ၄င်းတို့၏ ကိုယ်ပိုင်ဖုန်းများတွင် ဖေ့စ်ဘုတ်အကောင့်ကိုယ်စီ ရှိပါသည်။ ယင်း ဖေ့စ်ဘွတ်ကို အချို့မှာ ရုပ်ပုံများတင်ခြင်း၊ စကားစမြည်ပြောခြင်း၊ ဈေးဝယ်/ရောင်းခြင်း၊ ဂိမ်းကစားခြင်းနှင့် အခြားသော အကြောင်းအရာများအတွက် အသုံးပြုလာကြပါသည်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အသုံးချရာတွင် **"မသိသူကျော်သွား၊ သိသူဖော်စား"** ခေတ်သို့ ရောက်ရှိနေသဖြင့် အကျိုးရှိစွာ အသုံးချတတ်ရန်လိုအပ်ပါသည်။ စာဖတ်ခြင်းကို ငယ်စဉ်ကလေးဘဝကတည်းက မိဘများမှ အလေ့အထတစ်ခုအနေဖြင့် လေ့ကျင့် သင်ကြားပေးရမည်ဖြစ်ပါသည်။ စာဖတ်မှ သာလျှင် ဘဝ၏ ပြဿနာများကို မည်ကဲ့သို့ ရင်ဆိုင်ကိုင်တွယ် ဖြေရှင်းမည်စသည့် စိန်ခေါ်မှုများကို ဘယ်လိုရင်ဆိုင်ဖြေရှင်းမည့်နည်းလမ်းများကို မည်သို့ ရှာဖွေရင်ဆိုင်ရမည် စသည့် ဗဟုသုတအကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် ကမ္ဘာပတ်၍ ဗဟုသုတလေ့လာရန် မဖြစ်နိုင်သော်လည်း စာဖတ်ခြင်းဖြင့် ပြတင်းပေါက်အပြင်ဘက်ဆီမှ ဗဟုသုတများကို ရရှိနိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

မှတ်ချက်။ ။ Democracy Today (၅-၂-၈)၊ မြန်မာ့အလင်း(၆-၂-၁၈)နှင့် Facebookသတင်းအချက်အလက်များမှ ကောက်နုတ်ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။



# အိမ်မက်ရိုင်းမှ နိုးထဖို့

နယဉ်

ကျွန်တော်တို့ နေထိုင်တဲ့ကမ္ဘာကြီးမှာ ဖောက်ပြန်မှုတွေများစွာနဲ့ ·········· သက်ရှိတွေ ဖောက်ပြန်သလို သက်မဲ့တွေ၊ ရာသီဥတုတွေဖောက်ပြန်တယ်၊ ခေတ်တွေလည်း မတည်ငြိမ်ပြန်ဘူး။ ကမ္ဘာကြီးပူနွေးလာလို့ဆိုလား ? တောပြုန်းလို့ဆိုလား?ကိုရီးယားကားတွေ ခေတ်စားလာလို့ဆိုလား? ငြိမ်းချမ်းရေးကြောင့်ဆိုလား? လူဆိုတာ အမှားတွေအတွက် တစ်စုံတစ်ခုအပေါ် အပြစ်တင်ရန် လိုအပ်နေတာမို့။ ။

ဒါဆို ကျွန်တော်ကရော · · · · · · ·

ဘာညာမသိ ပေါ့ပါးစွာအတိတ်ကို ဖြတ်သန်းခဲ့တယ်။ ပြီးတော့ ရင့်ကျက်ပြီလို့ ထင်ရတဲ့ ဘဝ။ မနက်ခင်းနိုးတာနဲ့ အရှုပ်တွေလုပ်တယ်။ အလုပ်ကိုသွားတယ်။ အားနေတဲ့အချိန် အကျိုးမဲ့စကားတွေပြောဖြစ်တယ်။ ပျက်စီးခြင်းငါးပါးတိုင်နေတဲ့ တီဗွီ အစီအစဉ်တွေကြည့်တယ်။ လူ့ဘဝကို ငြီးငွေ့လာတယ်။ အမှောင်ထဲမှာ ဖြတ်သန်းခဲ့ရတဲ့ နေ့ရက် အချို့အတွက် ငိုကြွေးတယ်။ စိတ်ဓာတ်တွေကျတယ်။ နိစ္စဒူဝလုပ်ဆောင်နေတဲ့ ငြီးငွေ့စရာအလုပ်တွေကို ထပ်တလဲလဲ လုပ်တယ်။ သိပ်မဟန်တာသိပေမယ့် နောက်ပြန်လှည့်ကြည့်မိတိုင်း အခုအခြေအနေက တော်တော်ခရီးရောက်နေပြီမို့ ဖွဲကို အားကိုးရှေ့ဆက်တိုးတယ်။ တစ်ခါတစ်လေ ကိုယ့်ကိုယ်ကို ပြန်မြင်လိုက်ရတာဟာ ထိတ်လန့်စရာကောင်းပါတယ်။ ဒါပေမယ့် အဲဒီအိမ်မက်ရိုင်းထဲကို ကျွန်တော်ပီသစွာ ရှေ့ဆက်ခဲ့လျက်။ ငယ်ငယ်တုန်းကချရေးခဲ့ဖူးတဲ့ ကိုယ့်ရည်မှန်းချက်တွေဟာ ဘယ်ဟာတွေ

ဖြစ်လာခဲ့ပြီး ဘယ်ဟာတွေကို ခုထိ အကောင်အထည် မဖော်ရသေးဘဲ ဝေဝါးပျောက်ကွယ်သွားပြီလဲ။ အချိန်တွေကတော့ သူ့အလိုအတိုင်း ကျွန်တော့်ကိုဝါးမြိုနေဆဲ။ အဲဒီအချိန်တွေအတွင်းမှာ ကျွန်တော်ဘာတွေလုပ်နေခဲ့သလဲ··· ဆန်တစ်ဗူးရဖို့ စိုက်ထုတ်ခဲ့ရတဲ့ တောင်သူကြီးတွေရဲ့ အင်အား၊ ရေရဲ့တန်ဖိုး၊ အချိန်တွေ ဘာတစ်ခုမှနားမလည်ဘဲ ဟင်းမကောင်းလို့ဆိုပြီး အိမ်ကို ပြဿနာဖန်တီး ထမင်းတွေ သွန်မိခဲ့ရင်း ကုန်ဆုံးခဲ့တာလား··· ပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားရင်း စာတွေပဲတတ်လာပြီး ဂါဝရတရားတွေ၊ စာနာမှုတရားတွေ၊ ကျေးဇူးသိတတ်မှုတွေ မေ့နေခဲ့ပြီလား···· သူတောင်းစားတစ်ယောက်ကို ပေါင်မုန့်တစ်လုံး ပစ်ပေးလိုက်တာနဲ့ ညီမျှတဲ့ ပရဟိတတွေလုပ်ရင်း ကျေနပ်နိုင်နေပြီလား··· တကယ်တော့ အမှားတွေဆိုတာ ကိုယ်တိုင်က ဖြစ်နေခဲ့တဲ့နောက် ''ပျက်အစဉ်၊ ပြင်ခဏ'' မို့နောက်မကျသေးဘူးလို့ အားတင်းရင်း ကျွန်တော့်ကိုယ်ကျွန်တော် ပြင်ဆင်ဖို့ (သို့) အိမ်မက်ရိုင်းမှုနိုးထဖို့။

**စာဖတ်ဖို့**ဆိုတာနဲ့ ပထမဆုံးပြဿနာက အချိန်မပေးနိုင်ခြင်းပါပဲ။ တစ်နေ့တာမှာ အချိန်တွေကို အလုပ်အတွက်၊ အခြားဝေယျာဝစ္စတွေအတွက်၊ မိသားစုအတွက် စသဖြင့် ခွဲခြမ်းလိုက်တဲ့အခါ စာဖတ်ဖို့ဆိုတဲ့ သီးသန့်အချိန်ကတော့ ထွက်မလာပါဘူး။ လူတိုင်းမှာ (၂၄) နာရီထက်ပိုမရတဲ့အတူတူပိုအောင်မြင်၊ ပိုတိုးတက်ကြတာက စာပိုဖတ်ကြလို့ပဲ မဟုတ်ပါလား။ အဲဒါကြောင့် စာဖတ်ခြင်းဆိုတာ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ၊ အချိန်ရသည်ဖြစ်စေ မရသည်ဖြစ်စေ အချိန်ပေးကိုပေးရမယ့် အလုပ်တစ်ခုဆိုတာ သေချာပါတယ်။

**စိတ်ကူးယဉ်တတ်ဖို့** ''လက်တွေ့ဘဝမှာ အမှန်တကယ်ဖြစ်နိုင်တာတွေကို သိခွင့်ကြုံဖို့ စိတ်ကူးယဉ်အိမ်မက်ဆိုတဲ့ ပြတင်းတံခါးကို ဖွင့်ထားဖို့ လိုပါတယ်။'' စိတ်ကူးသာ မယဉ်ခဲ့ရင် ကျွန်တော်တို့ ဒီနေ့သုံးစွဲနေတဲ့ အသုံးအဆောင်ပစ္စည်းတွေ (တီဗွီ၊ တယ်လီဖုန်း၊ လေယာဉ်၊ ကား၊ ကွန်ပျူတာ···) တစ်ခုမှ ဖြစ်လာမှာမဟုတ်ဘူး။ သို့သော် စိတ်ကူးယဉ်တယ်ဆိုတာ ကိုရီးယား ဇာတ်ကားထဲက မင်းသားကို စိတ်ကူးယဉ်တာမျိုးလောက်နဲ့ မဟုတ်ဘဲ၊ ကိုယ့်ရဲ့ လုပ်ဆောင်နိုင်စွမ်း၊ ဖန်တီးနိုင်စွမ်းတွေကို စိတ်ကူးယဉ်တတ်ဖို့ကို ဆိုလိုတာပါ။ ဖန်တီးနိုင်စွမ်း ဆိုတာ လွတ်လပ်တဲ့ စိတ်ကူးစိတ်သန်းတွေနဲ့ လက်တွေ့အသုံးဝင်မှုတွေကို ပေါင်းစပ်ပြီးမှ ဖြစ်ပေါ်လာတာမို့ မိမိဘဝကို တစ်ဆင့်မြှင့်တင်နိုင်ဖို့ အရင်ဆုံးဘယ်လိုလုပ်မလဲဆိုတဲ့ စိတ်ကူးလေးရှိဖို့ လိုပါတယ်။

**အရှုံးတွေထဲမှာနစ်မြုပ်မနေဖို့**ဆိုတာ အရမ်းအရေးကြီးတဲ့အချက်ပဲ ဖြစ်ပါတယ်။ စိတ်ကူးတွေကို လက်တွေ့ဘဝထဲအကောင်အထည်ဖော်တဲ့အခါ၊ ကြိုးစားမှုနဲ့ အောင်မြင်မှုကို Equation ချလို့မရတဲ့အခါမှာ အရှုံးဆိုတဲ့ Test တွေ ရင်ဆိုင်ရပါတယ်။ အဲဒီ Mind-set ဟာလူတွေအတွက် ဘယ်လောက်အရေးပါသလဲ။ အောင်မြင်မှုမရတာနဲ့ ကြိုးစားမှုကိုစွန့်လွှတ်၊ အရှုံးထဲမှာ နစ်မြုပ်ရင်း အသက်ပေးဆပ်သွားတဲ့သူတွေရော ဘယ်လောက်များနေပြီလဲ။ ကျွန်တော်သိထားတာက သူများတွေအောင်မြင်နေသလို ကျွန်တော်လည်း အောင်မြင်ချင်တယ်။ မအောင်မြင်ရင် ထိပ်ဆုံးက စိတ်ဓာတ်ကျတာပါပဲ။ ဒါပေမဲ့ ကျွန်တော် မေ့နေတာက ''ခုရေတွင်းတူး၊ ခုရေကြည်သောက်လို့မရ'' ဘူးဆိုတာရယ်၊ အဲဒီလိုအောင်မြင်တဲ့သူတွေဖြေခဲ့ရတဲ့ ဘဝစာမေးပွဲတွေပါပဲ။ ဥပမာအားဖြင့် လျှပ်စစ်မီးသီးကို ပထမဆုံးတီထွင်

> ”
>
> **အောင်မြင်မှုမရတာနဲ့ ကြိုးစားမှုကိုစွန့်လွှတ်၊ အရှုံးထဲမှာ နစ်မြုပ်ရင်း အသက်ပေးဆပ်သွားတဲ့သူတွေရော ဘယ်လောက်များနေပြီလဲ။ ကျွန်တော် သိထားတာက သူများတွေအောင်မြင်နေသလို ကျွန်တော်လည်း အောင်မြင်ချင်တယ်။**

ခဲ့တဲ့ သောမတ်အက်ဒီဆင်၊ မီးသီးဖြစ်လာဖို့ အကြိမ် ထောင်ပေါင်းများစွာ စမ်းသပ်ခဲ့ရတယ်။ နောက်အစာအိမ် ပြည်တည်နာကို ပထမဆုံးတွေ့ရှိခဲ့တဲ့ ဘာရီမာရှယ်၊ သူလည်းပဲ အစာအိမ်ပြည်တည်နာဆိုတဲ့ ရောဂါရှိတယ်ဆိုတာ ဘယ်သူမှ လက်မခံခဲ့လို့ နောက်ဆုံး သူ့အိမ်မှာ သူ့ကိုယ်သူ စမ်းသပ်ရင်း အတည်ပြုခဲ့တာဖြစ်တယ်။ အဲဒါကြောင့် အောင်မြင်တဲ့သူတွေဆိုတာ အရှုံးတွေထဲမှာ နစ်မြုပ်နေတဲ့သူတွေ မဟုတ်ဘဲ အနာဂတ်ကို စိတ်ကူးနဲ့ပုံဖော်၊ ကိုယ်ပိုင် အသိပညာတွေနဲ့ ဘဝကို ရင်ဆိုင် ရှေ့ဆက်နေတဲ့သူတွေ ဖြစ်တယ်ဆိုတာ သက်သေပြနေပါတယ်။

**အပြစ်တင်တာတွေရပ်လိုက်ဖို့**လိုပါတယ်။ ကျွန်တော်တို့ရဲ့ အဆင်မပြေမှုတွေအတွက်၊ ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေအတွက်၊ ကျွန်တော်တို့ရဲ့ အားနည်းခြင်းတွေအတွက်၊ ကျွန်တော်တို့ရဲ့ တွေဝေခြင်းတွေအတွက် တစ်စုံတစ်ခုအပေါ်အပြစ်တင်တာ၊ နောက်ဆုံး မိမိကိုယ်ကို အပြစ်တင်တာတွေရပ်လိုက်ဖို့ လိုပါတယ်။ ကိုယ့်မှာရှိတဲ့ Talent တွေကို ဘေးချိတ် သူများလိုမဖြစ်နိုင်လို့ ကိုယ့်ကိုယ်ကို အပြစ်တင်တာတွေ ... အသိပညာအားနည်းတယ်သာဆိုနေ ကိုယ့်အိမ်မှာ စာအုပ်စင်လေးတောင်မရှိတော့တာတွေ ... အဲဒါတွေအတွက် အဖေ့ကြောင့်၊ အမေ့ကြောင့်၊ ဟိုလူကြောင့်၊ အစိုးရကြောင့် လို့ အပြစ်တွေတင်နေရင်း ဝေးဝေးကနေကြည့်၊ ဘေးသားတွေခွာချ လိုက်ရင်တောင် အကောင်းတိုင်းလေးဖြစ်ဖို့ ခက်ခဲနေသော မှိုတက်နေတဲ့ ပေါင်မုန့်တစ်လုံးလို ခေတ်ကြီးကို မပေးချင်သော်လည်း နောက်လူတွေကို လက်လွှဲခဲ့ရတော့မယ်။ အဲဒီလိုအပြစ်တွေ တင်နေရင်း အချိန်တွေကုန်နေရင် မိမိကိုယ်တိုင်အတွက်၊ ပတ်ဝန်းကျင်အတွက် နောက်ဆုံးနိုင်ငံအတွက် ပျက်နေတာတွေပြင်ဖို့ သိပ်ကို နောက်ကျသွားပါမယ်။ အချိန်ဆိုတာ သွားရုံမဟုတ်၊ ပြေးနေသည် မဟုတ်ပါလား။ လောကကြီးကို အကောင်းမြင်ဖို့ ကမ္ဘာကြီးပြောင်းလဲဖို့ထက် အမြင်လေးပြောင်းပြီး အပြစ်တင်တာလေးတွေ လျှော့လိုက်ဖို့၊ အကန့်အသတ်ရှိနေတဲ့ ကျွန်တော့်ရဲ့အချိန်တွေကို ကိုယ်တိုင်ရဲ့ လုပ်နိုင်စွမ်းတွေကို သိရှိအောင်လုပ်ပြီး အပေါက်တွေကို တတ်နိုင်သလောက်ဖာထေးဖို့ ကြိုးစားချင်ပါတယ်။

နောက်ဆုံးအနေနဲ့ ကတော့ **လေ့လာမှုတွေမရပ်တန့်လိုက်ဖို့**ပါပဲ။ အများအားဖြင့် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ လူကြီးပိုင်းတွေဟာ အိမ်ထောင်ကျ၊ သားသမီးရ၊ အသက်ကလေးလေးဆယ်၊ ငါးဆယ်ဆိုတာနဲ့ စာဖတ်တာတွေ သိပ်မလုပ်ကြတော့ပါဘူး။ တစ်နေ့ထက်တစ်နေ့ တိုးတက်လာနေတဲ့ ခေတ်ထဲမှာမသိတော့တာတွေ၊ မတတ်တော့တာတွေ သိပ်များလာပါတယ်။ လူကြီးတွေကိုယ်တိုင် စာအုပ်မကိုင်ကြတော့တဲ့အခါ နောက်လူငယ်တွေအတွက် စာပေဆိုတာနဲ့ ပိုမိုဝေးသွားကြတယ်။ စာအုပ်ကိုဖတ်ရကောင်းမှန်းမသိကြတော့ဘူး။ ဘာကြောင့် သူငယ်တန်းကလေးတွေ ကျူရှင်တက်နေရတာလဲ။ ဘာကြောင့် ငါးတန်းကျောင်းသားမေးတဲ့ အင်္ဂလိပ်စာ၊ သင်္ချာတွေကို မိဘတွေမသိတော့တာလဲ။ ဘာကြောင့် ကျောင်းသားတွေစာကြောက်၊ စာပျောက်နေရတာလဲ။ နောက်ဆုံး ဘာကြောင့် နောက်မျိုးဆက်သစ်တွေက လူကြီးတွေကို လေးစားအတုယူရမယ့် အစားမခန့်လေးစားလုပ်လာကြတာလဲ။ အဲဒါတွေဟာ ကျွန်တော်တို့ရဲ့ အသက်ကလေးရလာတာနဲ့ လေ့လာမှုတွေ ရပ်တန့်လိုက်လို့၊ အသက်ရလာရင် စာဖတ်စရာမလိုတော့ဘူးလို့ ထင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ လေ့လာစရာဆိုတာ မကုန်နိုင်တဲ့အထဲ သေချာတာက ကျွန်တော်တို့ ရပ်လိုက်တာနဲ့ နောက်မှာ အများကြီးကျန်ခဲ့တော့မှာဖြစ်တယ်။ ကျွန်တော့်ရဲ့ လေ့လာမှုတွေကို ရပ်တန့်လိုက်ရင် ကျွန်တော့်ရဲ့ နောက်မျိုးဆက်သစ်တွေကို ဘာတွေသင်ကြားပေးမှာလဲ၊ ဘာတွေပြောပြပေးမှာလဲ၊ ဘာတွေလက်ဆင့်ကမ်းခဲ့မှာလဲ။ ကျွန်တော့် မျိုးဆက်သစ်တွေကို ကျွန်တော့်လို အိမ်မက်ဆိုးထဲမှာ မရှင်သန်စေချင်တဲ့အတွက် စာဖတ်တတ်ဖို့၊ စာဖတ်ခြင်းဖြင့် အနာဂတ်အတွက် အိမ်မက်အသစ်တွေမက်တတ်ဖို့၊ အိမ်မက်တွေကို အကောင်အထည်ဖော်ရင်း ကြုံတွေ့ရမယ့် အရှုံးတွေထဲမှာ နစ်မြုပ်မသွားဖို့၊ အရှုံးတွေနဲ့ ကြုံတွေ့ရတဲ့အခါ သူတစ်ပါးအား အပြစ်မတင်ဘဲ ယုံကြည်ချက်နဲ့ ကြိုးစားဖို့၊ နောက်ဆုံးလေ့လာမှုတွေ မရပ်တန့်လိုက်ဖို့ ကျွန်တော်ကိုယ်တိုင် တန်ဖိုးရှိလူငယ်၊ တန်ဖိုးရှိလူကြီးအဖြစ် ရှေ့ကဦးဆောင် သရုပ်ပြရင်း အိမ်မက်ရိုင်းမှ နိုးထဖို့။ ။



# ဘွဲ့ရပြီးသောအခါ

သုံးည

## တက္ကသိုလ်ဘဝနှင့် လုပ်ငန်းခွင်ဘဝ

အထက်ပါခေါင်းစဉ်၏ အကြောင်းအရာဖြစ်သော ''တက္ကသိုလ်ဘဝနှင့် လုပ်ငန်းခွင်ဘဝ''တို့သည် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်ကဲ့သို့ လုံးဝဥသုံ ဆန့်ကျင်ဘက်အရာများပင် ဖြစ်သည်။

တက္ကသိုလ်တက်ရောက်နေသည့် အချိန်ကာလအတွင်း မိဘဆွေမျိုး ညီအစ်ကို မောင်နှမများ၏ ပံ့ပိုးခြင်းနှင့်အတူ ပညာရေးတစ်ခုသာ အာရုံစိုက်ရသော အနေအထား တစ်ခုဖြစ်သောကြောင့် လွတ်လပ်မှု၊ ပျော်ရွှင်မှုတို့အား အပြည့်အဝခံစားကြရသည်။ ထိုဘဝမှနေ၍ ကျောင်းပြီးသောအခါ တစ်နည်းအားဖြင့် ဘွဲ့ရပြီးသောအခါ လက်တွေ့ လုပ်ငန်းခွင်သို့ ဝင်ရောက်ရတော့မည့် အချိန်တွင် စိန်ခေါ်မှုများစွာ ကြုံတွေ့ကြရပေမည်။ "Are you ready ?"ဟု လောကကြီးက မေးလာသည့်အချိန်တွင် "Yes."ဟူ၍ ပြန်ဖြေ နိုင်အောင် ကြိုးစားကြရမည်။

လုပ်ငန်းခွင်သို့ ဝင်ရောက်ပြီးချိန်တွင် မိမိ၏ အရည်အချင်း တိုးတက်ကောင်းမွန်လာစေရန်အတွက် ပြုမူအပ်သောအရာများအား အကြံပြုတင်ပြလိုပါသည်။

(၁) Self-access(မိမိကိုယ်တိုင် ရှာဖွေရွေးချယ် သင်ယူမှု)
(၂) Self-appointed(မိမိကိုယ်တိုင် သတ်မှတ်ထားသော မိမိ၏နေရာ)
(၃) Self-confidence (မိမိကိုယ်မိမိ ယုံကြည်မှု)
(၄) Self-educated(မိမိကိုယ်တိုင် လေ့လာတတ်မြောက်ခြင်း)

စသည့် အချက်များဖြင့် ပြည့်စုံစေရန် ကြိုးစားကြရမည်။

## (၁) **Self-access**
## (မိမိကိုယ်တိုင် ရှာဖွေရွေးချယ် သင်ယူမှု)

ယနေ့ခေတ်သည် IT(Information Technology) ခေတ်ဖြစ်သောကြောင့် နည်းပညာ အသုံးပြုမှု ကျွမ်းကျင်ရန် လိုအပ်သည်။ Computer အသုံးပြုရာတွင် Word, Excel, Power Point များသာမက Website အသုံးပြုပုံ၊ Google ရှာဖွေနည်း၊ E Mail အသုံးပြုနည်းများ၌လည်း ကျွမ်းကျင်ရန် လိုအပ်သည်။ ထို့ပြင် အင်္ဂလိပ်ဘာသာစကား ပြောဆို ရေးသားဖတ်ရှုနိုင်ရန်လည်း အရေးကြီးသည်။

ထိုအရာများ ကျွမ်းကျင်တတ်မြောက်ရန်အတွက် Computer Training Center, Language Training Center များသို့ သွားရောက် သင်ကြားနိုင်သော်လည်း အစဉ်တစိုက် လေ့လာမှုမပြုလုပ်ပါက သင်တန်းတက်မှုသည် အချည်းနှီးပင် ဖြစ်ပေသည်။ Training Center များမှ ပို့ချသင်ကြားမှုများသည် Theory ပိုင်းအရ အများဆုံးဖြစ်ပြီး Practical ပိုင်း တိုးတက်ကောင်းမွန်လာစေရန် မိမိကိုယ်တိုင် လေ့ကျင့်သင်ယူမှု ပြုရပေမည်။

Computer Skills တိုးတက်လာစေရန်အတွက် Word File တွင် Typing လေ့ကျင့်၍လည်းကောင်း၊ Excel File တွင် Calculation လေ့ကျင့်၍လည်းကောင်း၊ Power Point File တွင် Own Thinking Key Note Design များ ရေးဆွဲ လေ့ကျင့်၍လည်းကောင်း နေ့စဉ် Practice ပြုလုပ်ရန် လိုအပ်သည်။

English Language Skills တိုးတက်ကောင်းမွန်လာစေရန်အတွက်လည်း Grammar များ လေ့လာခြင်း၊ Phonetic များ လေ့လာခြင်းတို့အပြင် Listening Skill ကောင်းမွန်လာစေရန်အတွက် English Songs, Dialogue, Conversation များအား ရှာဖွေ နားထောင်မှုမျိုး ပြုလုပ်သင့်ပေသည်။

## (၂) **Self-appointed**
## (မိမိကိုယ်တိုင် သတ်မှတ်ထားသော မိမိ၏နေရာ)

"နေရာ" ဆိုသောစကားလုံးသည် လူတစ်ယောက်၏ ဘဝအတွက် လွန်စွာ အရေးကြီးသည်။ မိမိ ပိုင်ဆိုင်ထားသော ဘဝနေရာ၊ မိမိပိုင်ဆိုင်ချင်သော ဘဝ နေရာ စသည်တို့အား သေချာစွာ သိရှိထားသင့်သည်။ သို့မှသာ မိမိဖြစ်ချင်သော စိတ်ကူးအိမ်မက်များ အကောင်အထည်ပေါ်ပေါက်လာစေရန်အတွက် မည်မျှကြိုးစားရမည်ကို ခန့်မှန်း သိရှိနိုင်မည် ဖြစ်သည်။

ထို့အတူပင် မိမိ၏ခံယူချက်၊ စိတ်နေစိတ်ထား

> ”
>
> **Self-educated(မိမိကိုယ်တိုင် လေ့လာတတ် မြောက်ခြင်း) ဆိုသည်မှာ မည်သူ တစ်ဦးတစ်ယောက်မှ သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ မိမိဘာသာ စဉ်းစားတွေး ခေါ်ခြင်းဖြင့် အတွေးသစ်၊ အမြင်သစ်များ ဖန်တီးခြင်းကို ဆိုလိုသည်။**



များကို ထားရှိရာနေရာသည် ဖြူစင်သန့်ရှင်းနေစေရန် လိုအပ်ပါသည်။ အထက်လူကြီးမှ မိမိအား လုပ်ငန်းတာဝန်တစ်ခုပေးအပ်သော အချိန်တွင် မိမိကိုပဲစေခိုင်းသည်ဟူသော Bad Thought များမတွေးမိစေဘဲ မိမိ၏ လုပ်ငန်းကျွမ်းကျင်မှုအား ယုံကြည်မှုရှိသောကြောင့် တာဝန်ပေးအပ်သည်ဆိုသော Good Thought များ တွေးမိတတ်စေရန် အရေးကြီးသည်။

ရာထူးငယ်သည်ဖြစ်စေ၊ ရာထူးကြီးသည်ဖြစ်စေ မိမိပိုင်ဆိုင်ထားသော လုပ်ငန်းနေရာနှင့် ထိုက်သင့်သည့် လုပ်ငန်းဆောင်ရွက်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိမှသာ လုပ်ဖော်ကိုင်ဖက် များ၏ လေးစားမှု၊ ယုံကြည်အားကိုးမှုအား ပိုင်ဆိုင်ရလိမ့်မည် ဖြစ်ပါသည်။

## (၃) **Self-confidence** (မိမိကိုယ်မိမိ ယုံကြည်မှု)

ယုံကြည်မှုသည် လူတစ်ဦးနှင့်တစ်ဦးအကြား ပေါင်းသင်းဆက်ဆံရာတွင် ရာနှုန်းပြည့် အရေးပါသော အရာဖြစ်သကဲ့သို့ လူတစ်ယောက်၏ အောင်မြင်မှုနှင့် ကျရှုံးမှုသည် ထိုယုံကြည်မှုပေါ်တွင် မူတည်နေသည်။ လုပ်ငန်းကိစ္စတစ်ခု ဆောင်ရွက်ရာ၌ မိမိကိုယ်မိမိ ယုံကြည်မှုဖြစ်ပေါ်စေရန်အတွက် မိမိတွင် အရည်အချင်းများ ပြည့်ဝနေရန် လိုအပ်သည်။

ထို့ကြောင့် ပျင်းရိငြီးငွေ့တတ်သော အကျင့်ဆိုးများကို ဖယ်ရှား၍ လုပ်ငန်းတာဝန်များအား စိတ်ဝင်တစား လေ့လာခြင်းဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုများ တည်ဆောက်နိုင်ပါသည်။

## (၄) **Self-educated**
## (မိမိကိုယ်တိုင် လေ့လာတတ်မြောက်ခြင်း)

Self-educated(မိမိကိုယ်တိုင် လေ့လာတတ်မြောက်ခြင်း) ဆိုသည်မှာ မည်သူ တစ်ဦးတစ်ယောက်မှ သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ မိမိဘာသာ စဉ်းစားတွေးခေါ်ခြင်းဖြင့် အတွေးသစ်၊ အမြင်သစ်များ ဖန်တီးခြင်းကို ဆိုလိုသည်။ ဥပမာအားဖြင့် နိုင်ငံရေး၊ စီးပွားရေး စသည်တို့အား အမှန်အမှား၊ အကောင်းအဆိုး၊ အနာဂတ်တွင် ဖြစ်ပေါ်နိုင်ချေရှိသော အရာများအား ကိုယ်ပိုင်အတွေးအခေါ်များဖြင့် ဝေဖန်ဆန်းစစ်နိုင်မှုကို ဆိုလိုပါသည်။

ထိုကဲ့သို့ ဝေဖန်ဆန်းစစ်နိုင်ရန်အတွက် မိမိ၏ အတွေးအခေါ်သည် ရင့်ကျက်မှုနှင့် ဗဟုသုတ ပြည့်ဝနေရန် လိုအပ်ပါသည်။ ထို့ကြောင့် ဗဟုသုတများ ရရှိရန်အတွက် စာအုပ်စာပေ ဖတ်ရှုမှုများ ပြုလုပ်ရန်လိုအပ်သကဲ့သို့ စိတ်တည်ငြိမ်မှုရရှိပြီး မှတ်ဉာဏ်အားကောင်းစေရန်အတွက် နေ့စဉ် အနည်းဆုံး အချိန်နာရီဝက်ခန့် တရားရှုမှတ်ခြင်းမျိုး ပြုလုပ်သင့်ပေသည်။

## စာရေးသူ၏ အကြံပြုအမှာစကား

Management သင်တန်းများ မတက်ခင် မိမိ၏ ကိုယ်ပိုင်အချိန် ၂၄ နာရီကို ကောင်းမွန်စွာ Management ပြုလုပ်နိုင်စေရန် ကြိုးစားပါ။

Speaking သင်တန်းများ မတက်ခင် မိမိနှုတ်မှ ထွက်ရှိသော စကားများသည် မုသားကင်းစေရန်၊ ပျားသကာလို ချိုသာစေရန်၊ အမှန်တရားကိုသာ ထုတ်ဖော်ပြောတတ်စေရန်၊ သတင်းကိုသာဆောင်၍ အတင်းအဖျင်းဆိုရှောင်ရှားနိုင်စေရန် ကြိုးစားပါ။

LCCI သင်တန်းများ မတက်ခင် မိမိ၏ ကိုယ်ပိုင်ငွေအား Balance ညီမျှစွာ အသုံးပြုတတ်နိုင်စေရန် ကြိုးစားပါ။



# ချင်းတို့ဌာနေ
# တစ်ခါတစ်ခေါက်ရောက်စေချင်

မေဇလပ်ဖြူ (ချင်းတောင်တန်း)

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း (၁၀၀) ကျော်ရှိသည့်အထဲတွင် ချင်းလူမျိုးသည် မျိုးနွယ်စုအများဆုံးဖြစ်ပါသည်။ ချင်းမျိုးနွယ်စုမည်မျှပင် များပြားပြီး ဘာသာစကားကွဲပြားသော်လည်း ချင်းလူမျိုးအနေဖြင့် တစ်မျိုးတည်းဖြစ်ပါသည်။ ချင်းလူမျိုးတို့၏ အထိမ်းအမှတ် သင်္ကေတမှာ အောက်ချင်းငှက်ဖြစ်ပါသည်။ ယင်းသင်္ကေတမှာ ချစ်ခြင်းမေတ္တာကြီးမားပြီး သစ္စာကတိတည်ခြင်းတို့ကို ဖော်ညွှန်းပြဆိုလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသား ညီအစ်ကိုများအားလုံးနှင့်အတူ ချစ်ကြည်စွာဖြင့် တစ်လုံးတစ်ဝတည်း အတူနေထိုင်လျက်ရှိပါသည်။ ချင်းပြည်နယ်တွင် နာမည်ကျော်ကြားသော စိတ်ဝင်စားဖွယ်ရာနေရာဒေသများစွာရှိပါသည်။ သို့ပါသောကြောင့် မြန်မာနိုင်ငံရှိ တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးချင်းညီအစ်ကို မောင်နှမသားချင်းအားလုံးကို ချင်းတို့ဌာနေသို့ အလည်တစ်ခေါက် အရောက်လှမ်းခဲ့ရန် တောင်ပေါ်ဇလပ်မြေမှ အစဉ်ဖိတ်ခေါ်ကြိုဆိုလျက်ရှိပါသည်။

ချင်းပြည်နယ်၏ အမျိုးသားနေ့ကို နှစ်စဉ်ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျင်းပလျက်ရှိပါသည်။ ချင်းအမျိုးသားနေ့ကို ၁၉၅၁ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ၂၀၁၈ ခုနှစ်တွင် (၇၀) ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်ပါသည်။ ယင်းနေ့တွင် ချင်းအမျိုးသားနေ့ နောက်ခံသမိုင်းကြောင်းနှင့် ချင်းလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဆိုကရေးတီးများကို ဖျော်ဖြေပွဲများဖြင့် ကျင်းပလေ့ရှိပါသည်။ ချင်းအမျိုးသားနေ့သည်

ချင်းလူမျိုးများ၏ သူကျွန်မခံလိုသည့်စိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် လူထုဆန္ဒအရ ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်သောစနစ်မြတ်နိုးသောစိတ်ဓာတ်အပေါ်အခြေခံ၍ ပေါက်ဖွားလာခဲ့ခြင်း ဖြစ်ပါသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၀ မိနစ်နှင့် ၂၄ ဒီဂရီ ၀၉ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ်နှင့် ၉၄ ဒီဂရီ ၀၈ မိနစ်အကြားတွင် တည်ရှိပါသည်။ အကျယ်အဝန်းမှာ ၁၃၉၀၆.၉၇ စတုရန်းမိုင် ရှိပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေမှာ ၄၇၈.၈ ထောင်ပေါင်း ဖြစ်ပါသည်။ မြို့တော်မှာ ဟားခါးမြို့ဖြစ်ပြီး ခရိုင် (၅) ခရိုင် (ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်နှင့် မတူပီ)နှင့် ပြည်နယ်အတွင်း မြို့နယ် (၁၆) မြို့နယ် (ဟားခါးမြို့၊ ဖလမ်းမြို့၊ တီးတိန်မြို့၊ ထန်တလန်မြို့၊ တွန်းဇံမြို့၊ ရိဒ်ခေါဒါမြို့၊ ကျီးခါးမြို့၊ မင်းတပ်မြို့၊ မတူပီမြို့၊ ပလက်ဝမြို့၊ ကန်ပက်လက်မြို့၊ ရေဇွာမြို့၊ လိုင်လင်ပီးမြို့၊ ဆမီးမြို့၊ မကွီအိမ်နူးမြို့၊ နာရိန်မြို့) ရှိပါသည်။ ချင်းပြည်နယ်နှင့် ထိစပ်နေသောနယ်မြေဒေသများမှာ အရှေ့ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်ဘက်တွင် ရခိုင်ပြည်နယ်နှင့် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့ ဖြစ်ကြပါသည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်ဖျားသောဒေသဖြစ်သည့်အတွက် ဖွံ့ဖြိုးမှု အနည်းဆုံးပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ ချင်းပြည်နယ်အတွင်း အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးမွေးမြူခြင်းလုပ်ငန်း ဖြစ်ပါသည်။ အခြားသီးနှံများဖြစ်သော ဒေသထွက်ပဲများ၊ ပြောင်းများကိုသာ အားထား၍ စိုက်ပျိုးနေကြောင်း သိရှိရပါသည်။ ချင်းပြည်နယ်တွင် ရာသီဥတုပြောင်းလဲခြင်း၊ လူဦးရေတစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွားလာခြင်း၊ ရေသုံးစွဲမှုများပြားလာခြင်းတို့ကြောင့် သောက်သုံးရေရရှိမှုအနေဖြင့် အချို့ဒေသများတွင် အခက်အခဲများကြုံတွေ့ရပါသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းစစ်တမ်းများအရ ချင်းပြည်နယ်သည် ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံးပြည်နယ်၊ လူဦးရေ မွေးဖွားမှုနှုန်းအနေဖြင့် အမြင့်မားဆုံး၊ ဆယ်ကျော်သက်အရွယ်ကလေးမွေးဖွားနှုန်းအနေဖြင့်လည်း အမြင့်ဆုံး၊ ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှုနှုန်းအနေဖြင့်လည်း အမြင့်ဆုံးနှင့် မွေးဖွားစဉ် မျှော်မှန်းသက်တမ်းအနေဖြင့် အနိမ့်ဆုံး ဖြစ်သည်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ အနှစ်ချုပ်အစီရင်ခံစာမှ လေ့လာသိရှိရပါသည်။

ဒဏ္ဍာရီပုံပြင်ဆန်ဆန် ပြောရမည်ဆိုလျှင် တစ်နေ့သောအခါတွင် ကချင်တိုင်းရင်းသားကြီး၊ ကရင်တိုင်းရင်းသားကြီးနှင့် ချင်းတိုင်းရင်းသားကြီးတို့ ဆုံကြရာ၌ ၄င်းတို့ဒေသအသီးသီး၏ ဖွံ့ဖြိုးမှု/အထင်ကရများနှင့် ပတ်သက်၍ စကားရည်လုပြောကြရာတွင် ကချင်တိုင်းရင်းသားကြီးအနေဖြင့် ၄င်းတို့ဒေသတွင် အဖိုးတန် ကျောက်စိမ်းထွက်ရှိပါကြောင်း၊ ကရင်တိုင်းရင်းသားကြီးအနေဖြင့် ၄င်းတို့ဒေသတွင် အဖိုးတန် ကျွန်းသစ်ထွက်ရှိပါကြောင်း အသီးသီးပြောကြခဲ့သော်လည်း ချင်းတိုင်းရင်းသားကြီးအနေဖြင့် ၄င်း၏ဒေသထွက်ကို စဉ်းစားတွေးတောမရသည့်အဆုံး ၄င်းဒေသတွင် အဖိုးတန် လူထွက်ပါကြောင်း ပြောကြားခဲ့ပါသည်။ တကယ်ကိုပင် ချင်းပြည်နယ်သည် လူဦးရေ မွေးဖွားမှုနှုန်းအနေဖြင့် မြင့်မားသည့်အပြင် ရွှေ့ပြောင်းလုပ်သားများပြားသည်ကိုလည်း လေ့လာသိရှိနိုင်ပါသည်။

ချင်းပြည်နယ်တွင် ဒေသထွက်အဖိုးတန်ပစ္စည်းများ မထွက်ရှိသော်လည်း ချင်းပြည်နယ်၏ သဘာဝအလှတရားရှုခင်းများမှာ စာဖွဲ့၍ မမှီနိုင်အောင် ခရီးသွားများကိုဆွဲဆောင်သည့် နေရာများစွာရှိပါသည်။ ထို့ပြင် ချင်းရိုးရာဂျက်ခုတ်ဖြင့် ယက်လုပ်ထားသည့် ဆန်းသစ်သော ဝတ်စုံပေါင်းစုံဖြင့် "**မိုင်**"တို့၏အလှများနှင့် "**ဆလိုင်း**"တို့၏ တည်ကြည်ခန့်ညားမှုများကိုလည်း ချစ်ခင်နှစ်လိုဖွယ် စကားသံဝဲဝဲများဖြင့် ခင်မင်ရင်းနှီးနိုင်ပါသည်။ ချင်းရိုးရာအကများတွင် ဝါးညှပ်အကသည် ထင်ပေါ်ကျော်ကြားသောအကတစ်ခုဖြစ်ပြီး ချင်းခေါင်ရည်သည်လည်း နာမည်ကျော်ကြားပါသည်။ ချင်းရိုးရာစလေ့များနှင့် ဆက်စပ်၍ "တောင်ပေါ်ခေါင်ရည်ချိုမြမြ တစ်ကျိုက်လောက်သောက်ရင် အမောပြေ၊ ဒါဟာလည်းချင်းပြည်ရဲ့ဓလေ့တစ်ခုပါ၊ အလည်တစ်ခေါက်လှမ်းခဲ့စမ်းပါ၊ တို့များချင်း



ခလေ့ရှိးရာမြင်စေ ချင်စမ်းကွယ်'စသည်ဖြင့် သီဆိုဖွဲ့ဆိုထားမှုများဖြင့် ယဉ်ကျေးမှုဓလေ့ရိုးရာများကို ခံစားရှုမြင်နိုင်ပါသည်။

ချင်းတို့ဌာနေရှိ ခရီးသွားများစိတ်ဝင်စားလည်ပတ်သည့် ဒေသများမှာ ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ်၊ ရိဒ်မြို့တွင် တည်ရှိသည့် အသဲနှလုံး ပုံသဏ္ဍာန် ရိဒ်ရေကန်သည် ထင်ရှားသော ရေကန်အဖြစ်လည်းကောင်း၊ တီးတိန်မြို့နယ်တွင်ရှိသည့် ရှာလုမ်ခံတပ်၊ ဖို့ပွိုက်ခေါ် အင်္ဂလိပ်စစ်သင်္ချိုင်းသည်လည်း ဗဟုသုတလေ့လာရန် စိတ်ဝင်စားဖွယ်ကောင်းသော ဒေသတစ်ခုအဖြစ်လည်းကောင်း၊ မင်းတပ်ခရိုင်၊ မတူပီမြို့နယ်တွင် လုံတိမ်တောင်ကို မြစ်ဖျားခံလျက် စီးဆင်းလာသော ဘုံတလာရေတံခွန်သည် အဆင့် (၇) ဆင့်ရှိပြီး ယင်းပတ်ဝန်းကျင်တွင် သဘာဝ အဖိုးတန်သစ်ခွပန်းမျိုးစုံ နှင့် နတ်ဆေးဂမုန်းပင်များ ပျားအုံနှင့် တိရစ္ဆာန်မျိုးစုံရှိသည့် လှပသည့် ဒေသတစ်ခုအဖြစ်လည်းကောင်း၊ မင်းတပ်ခရိုင်၊ ကန်ပက်လက်မြို့နယ်တွင် နတ်မတောင် အမျိုးသားဥယျာဉ်အတွင်းရှိ မြန်မာနိုင်ငံ၏ တတိယအမြင့်ဆုံးပေ (၁၀၅၀၀) အမြင့်ရှိ ဝိတိုရိယ တောင် (ခ) ခေါ်နသုမ်ကို တိမ်တွေရှိရာအရပ်ဟု တင်စားခေါ်ဝေါ်သည့် ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှု အများအပြားရရှိသော ဒေသတစ်ခုအဖြစ်လည်းကောင်း၊ မင်းတပ်ခရိုင်၊ ပလက်ဝမြို့နယ်တွင်လည်း ကျောက်ပန်းတောင်(ခေါ်) ကီမိုတောင်အနီးဝန်းကျင်သည်လည်း သဘာဝ အခြေပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အလားအလာကောင်းသော နေရာဒေသတစ်ခုအဖြစ်လည်းကောင်း စသည်ဖြင့် သဘာဝအလှပတရားများကို တွေ့မြင်ခံစားနိုင်ပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသအလိုက် ဆွဲဆောင်မှုနေရာများ၊ ခရီးသွားနေရာဒေသများ ဖန်တီးဖော်ထုတ်ခြင်းနှင့် ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်ရန်အတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံများ မြှင့်တင်ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းမှု မထိခိုက်စေရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီးမပျောက်ကွယ်စေရေး၊ လူမှုရေးပြဿနာများ မပေါ်ပေါက်စေရေး၊ စီးပွားရေးဆိုင်ရာပြဿနာများ မဖြစ်ပေါ်စေရေးတို့အတွက် မျက်ခြေမပြတ် ဂရုစိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းများစနစ်တကျ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် အသက်မွေးဝမ်းကျောင်းမှုသင်တန်းများမှ အဆင့်မြင့်ပညာသင်တန်းများအထိ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးခြင်းနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေခြင်းတို့ဖြင့် ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရမှလည်း ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါသောကြောင့် သဘာဝအလှတရားများ ပေါကြွယ်ဝပြီး ရိုးသားပွင့်လင်းသော စိတ်ရင်းခံဖြူစင်သည့် ချင်းတိုင်းရင်းသားများ နေထိုင်ရာ ချင်းတို့ဌာနေ (တိမ်တွေရှိရာအရပ်ထက်ကျော်လွန်သော တောင်တန်းကြီး) ဆီသို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအား တစ်ခါတစ်ခေါက်အရောက်လာစေချင်ပါကြောင်း ဖိတ်ခေါ်ရေးသား တင်ပြလိုက်ရပါသည်။

မှတ်ချက်။ ။၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သည့် (၇၀) ကြိမ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြု ရေးသားတင်ပြခြင်းဖြစ်ပါသည်။




# အိမ်မက်တွေ တကယ်ဖြစ်လာဖို့

သုန္ဒရီ

ကိုယ်ဖြစ်ချင်တဲ့ အရာတွေ တကယ်လက်တွေ့ ဖြစ်လာစေဖို့ ဘာတွေလုပ်ကြမလဲ။ သင့် အိမ်မက်တွေ တကယ်ဖြစ်လာစေဖို့ ဘာတွေလုပ်ကြမလဲ။

အိမ်မက်တွေကို အတူတကွ အကောင်အထည် ဖော်ကြရအောင် · · · · ·

## ၁။ သင့်အိမ်မက်ကဘာလဲ။

လွယ်မလိုလိုနဲ့ ဖြေရခက်တဲ့မေးခွန်းတစ်ခုပါ။

ဟိုဟာဖြစ်ချင်တာလိုလို၊ ဒီဟာဖြစ်ချင်တာလိုလိုနဲ့ ဘယ်အရာကို အဖြစ်ချင်ဆုံးလဲဆိုတာက ရွေးချယ်ရခက်ခဲပါတယ်။ အများကြီးထဲကမှ ကိုယ့်ရဲ့စိတ်ထဲမှာ အဲဒီအရာကိုလိုချင်တယ်။ ရခဲ့ရင် အရမ်းကို ပျော်ရွှင်စရာကောင်းမယ်။ ဘဝကို အဲဒီနေရာနဲ့ပဲ ပုံဖော်ချင်တယ်ဆိုတဲ့ ကိစ္စရပ်ကိုသာ အိပ်မက်အဖြစ်ရွေးချယ်ပါ။

- အဲဒီအလုပ်ကတော့ ဝင်ငွေကောင်းလောက်တယ်။ အဲဒါလုပ်မယ်။

- ဒီအရာကိုတော့ ငါလိုချင်တယ်။ သူများမှာလဲရှိလို့ · · · စတဲ့ အရာမျိုးတွေထက် ကိုယ့်ရဲ့ အိပ်မက်ဖြစ်လာမယ့်အရာက ကိုယ့်စိတ်ထဲမှာ အမှန်တကယ်အလိုချင်ဆုံး အရာကို ရွေးချယ်ပါ။

## ၂။ ပုံဖော်ကြည့်ပါ။

တိတ်ဆိတ်တဲ့နေရာ တစ်ခုကိုရှာပါ။ မျက်လုံးမှိတ်ပြီး မြင်ယောင်ကြည့်ပါ။ အဲဒီအရာကို ကိုယ်ရရှိနေသလို ခံစားပုံဖော်ပါ။

ဥပမာ- ကိုယ့်ရဲ့အိပ်မက်က တပည့်တွေအများကြီးက ချစ်ခင်ကြတဲ့ အသင်အပြကောင်းတဲ့ ဆရာတစ်ယောက်ဖြစ်ချင်တယ်ဆိုရင် ကိုယ့်ရဲ့အိပ်မက်ကို ပုံဖော်တဲ့အခါ -

စာသင်ခန်းလေးထဲမှာ ကိုယ်ကရှေ့မှာ ရပ်နေမယ်။ ကိုယ့်ရဲ့ရှေ့တူရူ မြင်ကွင်းမှာက ရယ်မော ပျော်ရွှင်နေကြတဲ့ တပည့်ကလေးတွေကို မြင်ယောင်ကြည့်နေမယ်။ သူတို့တစ်ယောက်ချင်းစီရဲ့ မျက်နှာတွေကိုဆက်ပြီး ပုံဖော်ကြည့်မယ်။

* ရှေ့ဆုံးတန်း ဘယ်ဘက်ထိပ်က ကလေး က ယုံကြည်မှုအပြည့်နဲ့ မျက်နှာထားမျိုးနဲ့ ထိုင်နေမယ်။
* သူ့နောက်နားလေးက တစ်ယောက်က ချစ်ခင်နှစ်လိုဖွယ် ပြုံးပြပြီး ကိုယ်စာသင်တာကို အာရုံစိုက်ပြီး နားထောင်နေတယ်။
* ညာဘက်နားလေး ဆက်တိုးကြည့်တော့ အတန်းထဲမှာ စာအညံ့ဆုံးဆိုတဲ့ ကလေးကတော့ ခိုးပြီး

အိပ်ငိုက်နေရင်း ကိုယ်များသိသွားမလားလို့ မျက်စိထပြူးတယ် ... အစရှိတဲ့ ပုံရိပ်တွေကို မြင်ယောင်ခံစားကြည့်ပါ။

သင်ဘယ်လို ခံစားရသလဲ။

ဒီအရာတွေက သင်တွေးထားတဲ့အိပ်မက်ဆိုတာ သင်တကယ်လိုချင်တဲ့အရာ ဟုတ်သလား။

ပုံဖော်ခံစားကြည့်ချင်းဟာ စိတ်ကိုရှင်းရှင်းလင်းလင်း မြင်ရသလို ယုံကြည်မှုတွေ၊ စိတ်ခွန်အားတွေလည်း တက်လာစေပါတယ်။ စမ်းသပ်ပြီး ပုံဖော်ကြည့်ဖို့လည်း တိုက်တွန်းပါတယ်။

## ၃။ ဆုံးဖြတ်ချက်ချပါ။

ကိုယ်ပုံဖော်ထားတဲ့ ကိုယ့်ရဲ့ အိပ်မက်ကို လိုချင်တာ ရချင်တာသေချာရင် ဆုံးဖြတ်ချက်ချပါ။ ဒီအိပ်မက်ကို ရတဲ့အထိ မလျှော့သော ဇွဲ၊ လုံ့လနဲ့ လုပ်ပါမယ်လို့ ကိုယ့်ကို ကိုယ် ကတိပေးပါ။ ဘယ်လို အခက်အခဲမျိုးတွေ့ ပါစေရ အောင်ကျော်လွှားမယ်။ နောက်ကိုလုံးဝ ပြန်မလှည့် ဘူးဆိုတဲ့ အာမခံချက်မျိုး ကိုယ့်ကိုကိုယ်ပေးပါ။

## ၄။ ဖြစ်မယ်ဆိုတာ ယုံကြည်ပါ။

ကိုယ့်ရဲ့အိပ်မက်ကို ပုံဖော်ကြည့်လို့ လုပ်မယ်လို့ ဆုံးဖြတ်ချက်ချပြီးတော့ ယုံကြည်မှု တည်ဆောက်ရပါမယ်။ ကိုယ့်ရဲ့အိပ်မက်က လေပေါ်ပျံနိုင်ချင်တယ်ဆိုရင်တောင် အဲဒီအရာကို ကိုယ်လုပ်နိုင်ရမယ်လို့ ယုံကြည်ရပါမယ်။ ကိုယ်လုပ်နိုင်တယ်ဆိုတာကို ကိုယ့်ကိုကိုယ် မယုံကြည်ရင်တော့ အဲဒါကို အိပ်မက်မက်မနေပါနဲ့။ မယုံကြည်ဘဲနဲ့တော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။ မဖြစ်သေးတာပဲရှိတာပါ။ အဲဒါကို ဖြစ်အောင် လုပ်မယ်လို့ ဆုံးဖြတ်ပါ။ လုပ်နိုင်တယ်ဆိုတာကို ယုံကြည်ပါ။

## ၅။ ဆင်ခြေတွေကို လျှော့ပါ။

အိပ်မက်တွေ ဖြစ်လာမယ်ဆိုတာကို ယုံကြည်တယ်။ ဒါပေမဲ့ .....

အဲဒီလို ဒါပေမဲ့ ... ပေါင်းများစွာကို စဉ်းစားမိနေပြီလား။ အဲဒီအတွေးကို အခုချက်ချင်း လွှင့်ပစ်လိုက်ပါ။ ဖြစ်ချင်တယ်၊ လုပ်လည်း လုပ်နိုင်တယ်ဆိုတာရဲ့ နောက်ကွယ်မှာ ရအောင်လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပဲ ကပ်ပါလာသင့်တာပါ။ ဒါပေမဲ့ .... ဘာဖြစ်လို့တွေ တွေးနေသေးတယ်ဆိုရင်တော့ သင်ဟာအိပ်မက်ကို အကောင်အထည်ဖော်ချင်စိတ် မရှိသေးပါဘူး။ အိပ်မက်ကို ဖြစ်အောင် လုပ်မယ့်သူမှာ အခက်အခဲတွေအတွက် ဆင်ခြေတွေမရှိပါဘူး။ အခက်အခဲတွေကို ဘယ်လိုကျော်လွှားမလဲ၊ သင့်အိပ်မက်တွေ တကယ်ဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့ အတွေးတွေကို စတင်ပြီး တွေးခေါ်ပါတော့။

## ၆။ အခုချက်ချင်း အကောင်အထည်ဖော်ပါ။

နောင်ငါးနှစ်မှာ ဘာလုပ်ငန်းလုပ်ပြီးဖြစ်ရမယ်။ အသက် ၄၀ မှာ ဘယ်လောက်ချမ်းသာပြီး ဖြစ်ရမယ် ... အစရှိတဲ့ အိပ်မက်တွေကို မက်ထားပါရဲ့။ အသက် ၄၀ ပြည့်ဖို့က အဝေးကြီးလိုသေးတယ်၊ ဖြည်းဖြည်းလုပ်လို့ ရပါတယ်လို့ တွေးနေရင်တော့ သင့်အိပ်မက်တွေက ဝေးနေဦးမှာပါပဲ။ ကိုယ် ဖြစ်ချင်တာ၊ ကိုယ်လုပ်ချင်တာ ဖြစ်မယ်၊ လုပ်နိုင်မယ်လို့ ယုံကြည်တာတွေတောင် ရှိနေပြီပဲ။ အချိန်ဆွဲနေတာ ရလဒ်တွေကို နှောင့်နှေးစေပါတယ်။ သင့်ရဲ့ အိပ်မက်တွေရရှိဖို့ သင့်ရဲ့ကြိုးစားအားထုတ်မှုတွေကို အခုချက်ချင်းသာ ထလုပ်လိုက်ပါ။

## ၇။ ဘယ်တော့မှ လက်မလျှော့ပါနဲ့

သင့်ရဲ့အိပ်မက်တွေဖြစ်လာဖို့ သင့်ကိုယ်တိုင်ပေါ်မှာပဲ မူတည်နေပါတယ်။ အခက်အခဲတွေကတော့ ကြုံတွေ့နေမှာပါပဲ။ အခက်အခဲတွေကို အကောင်းဆုံးရင်ဆိုင်ကျော်လွှားပါ။ စိတ်ဓာတ်ကျလာတိုင်း၊ လက်လျှော့ချင်စိတ်ပေါ်လာတိုင်း သင့်ရဲ့အိပ်မက်ကို ပြန်ပြီးပုံဖော်ပါ။ စိတ်ဓာတ်တက်ကြွမှုတွေ၊ ယုံကြည်မှုတွေ တိုးပွားပါလိမ့်မယ်။ သင်မှတ်ထားရမှာ တစ်ခုက -

"ဘယ်လိုအကြောင်းမျိုးနဲ့မှ သင့်ရဲ့အိပ်မက်ကို လက်မလျှော့လိုက်ပါနဲ့ ..."